ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 9 September 2021 ၁၀၄၉၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကောမရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစနစ်များနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံ့အရေး၊ အမျိုးသားရေးဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် စက်တင်ဘာ ၈

၁။ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် အကြမ်းဖက်လုပ်ရပ်များကို ဦးစီးဆောင်ရွက်နေသော NUG အဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် "အရေးပေါ်အခြေအနေကြေညာခြင်း" ဆိုသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်၍ ပြည်သူလူထု၏ လူမှုစီးပွားဘဝများနှင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် အကြမ်းဖက်လှုံ့ဆော်လာသည်ကို တွေ့ရှိရပါသည်။

၂။ ၎င်းအကြမ်းဖက်လှုံ့ဆော်ချက်အား မူတည်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် အချို့ EAO အဖွဲ့များထဲမှ အစိတ်အပိုင်းအချို့ကလည်း ၎င်းအကြမ်းဖက် လှုံ့ဆော်ချက်ကို အားပေးသည့် ထုတ်ပြန်ချက်၊ ပြောဆိုချက်များပြုလုပ်၍ ပြည်သူလူထုကို ခြိမ်းခြောက်လျက်ရှိသည်ကို တွေ့ရပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်း၊ ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် မကြိုးစားဘဲ ဒီမိုကရေစီနှင့် ဆန့်ကျင်သည့် အကြမ်းဖက်နည်းလမ်းကို ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ကြေးမုံ ယနေ့ ဖတ်စရာ

သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်)ထိပ်သီးအစည်းအဝေးက ပေါ်ထွက်လာမယ့် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွေနဲ့ စီမံချက်အသစ်တွေကို ကြိုဆိုခြင်း
စာမျက်နှာ » ၆

တိုင်းရင်းဆေးဖြင့် ကိုဗစ်-၁၉ ရောဂါအား ကုသရန် လာအိုနိုင်ငံ ကြိုးပမ်း
စာမျက်နှာ » ၁၃

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများကို လေ့လာခြင်း (အစ္စရေးနိုင်ငံ)
စာမျက်နှာ » ၁၈

ဥရုတံတား အဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဥရုတံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၂ ခုနှစ် မတ်လကုန် ပြီးစီးရန်လျာထား

ဟုမ္မလင်း စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်ရှိ ဥရုတံတား အဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတိုင်ကိုယ်ထည်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ၂၀၂၂ ခုနှစ် မတ်လကုန် ပိုင်းဌ ပြီးစီးရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဥရုမြစ်ကိုဖြတ်သန်း၍ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်၌ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်းပေါင်း ၄၀၀၀ ခန့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

နောင်ချိုမြို့ သဖန်းကိုင်းပရဟိတအသင်းသို့ အလှူငွေများလှူဒါန်း

နောင်ချို စက်တင်ဘာ ၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်းက နောင်ချိုမြို့ သဖန်းကိုင်း ပရဟိတလူမှုကူညီရေးအသင်းသို့ ရောက်ရှိပြီး ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာလင်္ကာရအား တွေ့ဆုံဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အသင်းမှစီမံဆောင်ရွက်နေသည့် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အခြေအနေများကို မေးမြန်းအားပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစင်တာ အတွက် အလှူငွေကျပ် ၁၀ သိန်းကို သဖန်းကိုင်းပရဟိတလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးရှိုင်းဇာနည်ထံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါသဖန်းကိုင်း ပရဟိတလူမှုကူညီရေး အသင်းသည် နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာလင်္ကာရ၏ ဩဝါဒ ခံယူ၍ ဒေသအတွင်းမှ လူမျိုးဘာသာမရွေး ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများကို ဆရာဝန်တစ်ဦး၊ သူနာပြုလေးဦးဖြင့် ကုသရေးစင်တာဖွင့်လှစ်၍ အခမဲ့လက်ခံကုသကူညီပေးလျက်ရှိကြောင်း အသင်း ဥက္ကဋ္ဌထံမှ သိရသည်။

၂၁၀

သနပ်ပင်မြို့နယ် အနီးကိုက်သဘာဝရေပြင်နှင့် ထပ်ခနိမ်းသဘာဝရေပြင်များအတွင်း ငါးမျိုးမျှားစိုက်ထည့်

သနပ်ပင် စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၉ နာရီတွင် သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာရှိ အနီးကိုက်သဘာဝရေပြင်အတွင်းနှင့် ထပ်ခနိမ်ကျေးရွာရှိ ထပ်ခနိမ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် သနပ်ပင် ငါးလုပ်ငန်းစခန်းမှ အနီးကိုက်သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၆၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၆၀၀၀၀ နှင့် ထပ်ခနိမ်သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၆၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၂၆၀၀၀၀ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၉ -၂၀၂၁)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၇၀၀	၈,၈၀၀	၂၆	၂၂၇,၇၀၀
MTSH	၃,၀၅၀	၃,၀၅၀	၁,၃၉၂	၄,၂၁၂,၆၀၀
MCB	၇,၉၀၀	၇,၉၀၀	၀	၀

FPB	၂၀,၀၀၀	၂၀,၀၀၀	၁၀၀	၂,၀၀၀,၀၀၀
TMH	၂,၆၅၀	၂,၆၀၀	၁၃	၃၄,၃၀၀
EFR	၂,၉၅၀	၂,၉၅၀	၃၅၁	၁,၀၃၅,၄၅၀
AMATA	၄,၈၀၀	၄,၈၀၀	၅	၂၄,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က)အမေရိကန်	တစ်ဒေါ်လာ	=	၁၇၂၄.၆
(ခ) ဥရောပ	တစ်ယူရို	=	၂၀၃၈.၆
(ဂ) တရုတ်	တစ်ယွမ်	=	၂၆၆.၈၇
(ဃ)ထိုင်း	တစ်ဘတ်	=	၅၂.၅၃၁
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၁၄.၇၇

(စ) အိန္ဒိယ	တစ်ရူပီး	=	၂၃.၄၂၆
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၂၆၈.၄
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၂၈၀.၈
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၆၅.၂
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၇.၆၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စေတနာ၊ မေတ္တာ အေးမြသည့်အရိပ်အာဝါသ

ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ခဲ့ကြသော မြန်မာနိုင်ငံသားများ နိုင်ငံအတွင်းသို့ နေ့စဉ်ပြန်လည်ဝင်ရောက်နေကြသည်ကို တွေ့နေရသည်။ အထူးသဖြင့် အလုပ်အကိုင်များလုပ်ကိုင်ရန်အတွက် သွားရောက်ခဲ့ကြသူများဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားလာသောအခါ နိုင်ငံသားများ မွေးရပ်မြေနိုင်ငံသို့ ပြန်လိုကြသည်။ ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ ဆန္ဒများပြည့်ဝခဲ့ကြသည်။

"ကိုယ့်လူမျိုးတွေ အပြင်မှာသွားနေတာ ဒုက္ခသုက္ခနဲ့၊ ဒီလိုနေမယ့်အစား ကိုယ့်တိုင်းပြည်အတွင်းမှာ ဘယ်လိုပဲဖြစ်ဖြစ် အေးအတူပူအမျှပေါ့ဗျာ၊ အေးအတူပူအမျှအားလုံး။ ကျွန်တော်တို့က၊ အစိုးရဆိုတာ အရိပ်ပါပဲ။ နိုင်ငံတော်ကိုပေးထားတဲ့ အရိပ်တစ်ခုပါပဲ။ ဒီအရိပ်က ပြည်သူပြည်သားတွေ အေးမြတဲ့ဟာကို ခံစားရအောင်ဆိုပြီး ကျွန်တော် ဒါလည်း ကျွန်တော်ဆုံးဖြတ်ပြီးတော့ ခေါ်ခဲ့ခြင်းတာပါ။ ခေါ်လိုက်ပါ သဘောတူပါတယ်။ အရင်က ပိတ်ပါတယ်၊ ခေါ်လို့မရပါဘူး။ ကျွန်တော့်လက်ထက်မှာ အခုအကုန်လုံးကို ပြန်ခေါ်ပါတယ်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်ပနိုင်ငံများတွင် သွားရောက်နေထိုင်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများတွင် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်နေထိုင်လုပ်ကိုင်သော မြန်မာနိုင်ငံသားများမှာ အများဆုံးဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုမြင့်မားသည့်ကြားမှ မြန်မာနိုင်ငံသားများအား လိုလိုလားလားလက်ခံလျက်ရှိသည်မှာ နိုင်ငံတော်အစိုးရ၏ စေတနာ၊ မေတ္တာတရားပင်ဖြစ်သည်။ အေးမြသည့်နိုင်ငံ၏ အရိပ်အာဝါသအောက်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည့် နိုင်ငံသားများ၏ ရင်တွင်း ခံစားချက်များမှာ ပြောမပြတတ်အောင် ဖြစ်ကြပေလိမ့်မည်။ စေတနာ၊ မေတ္တာ အပြည့်အဝထားသော နိုင်ငံတော်အကြီးအကဲအား ကျေးဇူးတင်ကြမည်ဖြစ်ပြီး ပြီးခဲ့သည့်ရက်သတ္တပတ်က ပြန်လည်ရောက်ရှိလာကြသော နိုင်ငံသားအချို့က နိုင်ငံ့မြေကို နမ်းခြင်း၊ လက်အုပ်ချီကန်တော့ခြင်းတို့ဖြင့် လက်တွေ့မြင်တွေ့ရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအားလုံး မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပစ်ပယ်ထားခြင်းမရှိပေ။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်စေ၊ အခြားမည်သည့် အကြောင်းကြောင့်ဖြစ်စေ မိမိနိုင်ငံသို့ ပြန်လာလိုပါက နိုင်ငံတော်အစိုးရက ပြန်လည်လက်ခံရန် အသင့်ရှိနေသည်ကို တွေ့ရသည်။ ပြည်ပသို့ ရောက်ရှိနေစဉ်အတွင်း အခက်အခဲအကြောင်းအမျိုးမျိုးရှိပါက သက်ဆိုင်ရာနိုင်ငံ မြန်မာသံရုံးတွင် အကူအညီတောင်းခံ၍ မြန်မာနိုင်ငံသို့ ပြန်လာနိုင်အောင် စီစဉ်ပေးလျက်ရှိသည်။ ဤနိုင်ငံတွင် မွေးဖွားခဲ့သည့် တိုင်းရင်းသားအားလုံးတို့သည် တစ်မြေတည်းတွင် အတူနေထိုင်ခဲ့ကြသော မိသားစုများဖြစ်၍ မိမိတို့အသိတရားဖြင့် ပြန်လာလိုကြသည်ကို နွေးထွေးစွာ ကြိုဆိုလက်ခံလျက်ရှိသည်။

ပြည်ပနိုင်ငံများသည် မည်သို့ပင်တိုးတက်ချမ်းသာပြီး မြန်မာ့မြေသည် ချို့တဲ့ခဲ့နွမ်းပါးသော်လည်း အေးမြသည့် အရိပ်အာဝါသရှိသော မြန်မာ့မြေကိုသာ အားလုံးသည် သတိရလျက်ရှိကြသည်။ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် မြန်မာ့မြေသည်သာ စိတ်ချလုံခြုံဆုံးဖြစ်သည်ကို သိလာကြသည်။ နိုင်ငံမှာ မချမ်းသာသော်လည်း နိုင်ငံသူ နိုင်ငံသားများ၏အသက်ရှည် ကျန်းမာရပ်တည်နိုင်ရေးကို အတတ်နိုင်ဆုံး စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယုတ်စွအဆုံး မြန်မာနိုင်ငံအား စုန်ကန်သွားသောသူများကိုပင် ပြစ်မှုကျူးလွန်ထားခြင်းမရှိပါက လက်ခံရန်အသင့်ရှိသည်။ ဤသို့နိုင်ငံတော်က စေတနာ၊ မေတ္တာထားသည်ကို နားလည်လက်ခံသော နိုင်ငံသားများ အမြောက်အမြားရှိသကဲ့သို့ နားလည်မှုမရှိ နိုင်ငံအပေါ် သစ္စာဖောက်သူများလည်းရှိသည်။ ပြီးခဲ့သည့် ဇွန်လမှစတင်၍ အိမ်နီးချင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်ခဲ့ကြသည်။ တရုတ်နိုင်ငံမှအပ တစ်ဖက်နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေသဖြင့် ရောဂါကူးစက်ခံရသူအချို့ ပါလာခဲ့သည်။ သို့သော်လည်း ကောင်းသည်၊ ဆိုးသည်တို့ကိုမခွဲခြားဘဲ နိုင်ငံသားအားလုံးတို့ အပေါ် မခွဲခြားဘဲ တန်းတူထားခဲ့သည်။ မိမိနိုင်ငံသားများကို စေတနာ၊ မေတ္တာရှေ့ထား၍ ရောဂါစစ်ဆေးပေးခြင်း၊ နေရာချထားခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကုသမှုပေးခြင်း၊ နေရပ်သို့ထွက်ခွာခွင့်ပြုခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံသားများအားလုံးတို့အပေါ်တွင် ထားရှိသောစေတနာ၊ မေတ္တာတရားများမှန်ကန်မှုကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသော နိုင်ငံသူ နိုင်ငံသားများ မြန်မာနိုင်ငံ၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် စိတ်ချလုံခြုံစွာ ခိုလှုံလျက်ရှိပါကြောင်း။ ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇော်ထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မိမိမွှေအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရန့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးခွဲ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေး အမြဲမပြတ်အသိပေး ထုတ်ပြန်ဆောင်ရွက်နေရန်လို

ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေး ဆေးဝါးအတုများ ဝင်ရောက်လာမှုများရှိသည်ဟု ကြားသိရသဖြင့် ပြည်သူများ ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ သြဂုတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထု သတိပြုနိုင်ရန် အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာနယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများ သိရှိစေရေး အမြဲမပြတ်အသိပေး ထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

❐ ရှေ့ဖုံးမှ

၃။ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAOs)ဖြင့် ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)၏ အစည်းအဝေး(၁၉/၂၀၂၁)ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ ၉ ဖွဲ့မှ အစည်းအဝေးတက်ရောက်သူ ၃၅ ဦးရှိကြောင်း သိရှိရပါသည်။ PPST အဖွဲ့ခေါင်းဆောင်၊ NMSP(မွန်)အဖွဲ့ဥက္ကဋ္ဌ နိုင်အောင်မင်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် PPST အနေဖြင့် လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရာ၌ NCA စာချုပ်၏ အနှစ်သာရကိုအခြေခံပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် ဖြေရှင်းရန် ကြိုးစားဆောင်ရွက်သွားမည်ဟု အတိအလင်းကြေညာပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် ပြည်သူလူထုအားလုံး ကာကွယ်ဆေး အမြန်ဆုံးထိုးနှံပေးနိုင်ရေး ဆောင်ရွက်နေသည်ဟု ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

၄။ ၎င်းအစည်းအဝေး၌ အဖွဲ့ဝင်များက ဆက်လက်ဆွေးနွေးကြရာတွင် နိုင်ငံတော်အစိုးရနှင့် NUG တို့၏ နိုင်ငံရေးထိပ်တိုက်ရင်ဆိုင်မှုအနေအထားသည် တိုင်းပြည်နှင့် လူထုအတွက် ထိခိုက်နစ်နာမှုရှိနေကြောင်း၊ NUG အနေဖြင့် စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေအစည်းအဝေးတွင် အစိုးရအား နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဖြတ်တောက်ရန် ကြိုးစားနေကြောင်း၊ NCA အပေါ် ရပ်တည်ချက်နှင့်ပတ်သက်၍ KNU/KNLA(PC)အဖွဲ့အနေဖြင့် NCA အပေါ်တွင်သာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်ဟု သိရှိရပါသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ရယူပြီးသည့်အချိန်မှစ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ၎င်းလုပ်ငန်းစဉ်နှင့် ဦးတည်ချက်တို့၌ **"တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဟု အတိအလင်းကြေညာထားခဲ့ပြီး ၎င်းအတိုင်းလုပ်ဆောင်လျက်ရှိသည်။

၆။ တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ထာဝရငြိမ်းချမ်းရေး ထုတ်ပြန်ချက်များကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ယနေ့အထိ ၂၀ ကြိမ် ထုတ်ပြန်ခဲ့ပြီး ယနေ့အထိ ၂ နှစ်နှင့် ၈ လကျော်အချိန်ကာလပေး၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါသည်။

၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်၍ တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရန်ရှိလာပါက ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်း၍ တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းကို အစဉ်ဖွင့်လှစ်ထားရှိခဲ့ပါသည်။

၈။ လက်ရှိအခြေအနေတွင် တစ်ကမ္ဘာလုံး၌ ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှစ၍ ယခုအထိ ခံစားနေရသောကာလဖြစ်ပါသည်။ ၎င်းကာလ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **"ပြည်သူလူထု၏အသက်ထက် အရေးကြီးတာဘာမှမရှိ"** ဟူသောမူဝါဒဖြင့် တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှိသမျှခွန်အား၊ စွမ်းအားဖြင့် အားကုန်ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလ၊ ဇူလိုင်လတတိယပတ်အတွင်း ရောဂါပိုးစစ်ဆေးခဲ့သူများအနက် ၄၁ ရာခိုင်နှုန်းခန့်မှာ ပိုးတွေ့ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာ ယခု စက်တင်ဘာလဆန်းပိုင်း၌ ရောဂါပိုးတွေ့ရှိသူ ၁၀,၃၇ ရာခိုင်နှုန်းသာရှိတော့သဖြင့် ၃၀ ရာခိုင်နှုန်းခန့် လျော့ချနိုင်ခဲ့ပါသည်။

၉။ ကိုဗစ်-၁၉ ရောဂါသည် ဗီဇပြောင်းလဲနိုင်စွမ်းမြင့်မားသည့် ဗိုင်းရပ်စ်ရောဂါပိုးကိုအခြေခံပြီး ဖြစ်ပွားပျံ့နှံ့သောရောဂါဖြစ်၍ အလျဉ်းပျောက်ကင်းနိုင်သော ရောဂါမဟုတ်ကြောင်း တွေ့ရှိရပါသည်။ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံး အချိန်အတိုင်းအတာတစ်ခုအထိ ဂရုပြုစောင့်ကြည့် ကာကွယ်၊ ထိန်းချုပ်ရမည့် ရောဂါဖြစ်သည်။

၁၀။ EAO များ တည်ရှိရာ ဒေသအတွင်းရှိ ပြည်သူများ၊ စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂလီများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးရှိ ဆေးရုံ၊ ဆေးပေးခန်းများ အဆင့်မြှင့်တင်ရေး၊ ကိုဗစ်-၁၉ ရောဂါကို ကုသနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မည်သည့်ဒေသ၊ မည်သည့်လူမျိုး၊ မည်သည့်အဖွဲ့အစည်းကိုမှ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးနှင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ချန်လှပ်ထားမည် မဟုတ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာခဏ ပြောကြားခဲ့ပြီးဖြစ်ပါသည်။

၁၁။ ၎င်းကဲ့သို့ အခြေအနေမျိုးတွင် အကြမ်းဖက် NUG အဖွဲ့အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည့် လှုံ့ဆော်ကြေညာချက်များ ပြုလုပ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို NLD ပါတီအစွန်းရောက်များ၊ NUG ၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်များက ကိုယ်ထိလက်ရောက်ဖုံးခွဲ၊ တိုက်ခိုက်၊ ပစ်ခတ်မှုဖြစ်စဉ်များရှိနေသည်ကို စိတ်မကောင်းဖွယ် တွေ့ရှိရပါသည်။ ၎င်းဖြစ်စဉ်များနှင့် အပြစ်မဲ့ပြည်သူများကို ၎င်းအကြမ်းဖက်အဖွဲ့များက သတ်ဖြတ်နှိပ်စက်နေမှုများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းအားလုံးက သိရှိထားရန် လိုအပ်ပါသည်။

၁၂။ NUG ၏ အကြမ်းဖက်လှုံ့ဆော်ကြေညာမှုအပေါ် KNU ဒူးပလာယာခရိုင်နှင့် ကရင်ပြည်နယ်၊ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးရေးတို့ကို လက်တွေ့ဆောင်ရွက်နေသည့် HELP၊ Health၊ Education and Literacy Project တို့နှင့် အခြားအဖွဲ့အစည်းများမှလည်း ကန့်ကွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၃။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတစ်ဝှမ်းလုံး ထိရောက်လွယ်မိန်ခြုံအောင် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်မှုရှိစေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံတိုးတက်မှုရှိစေရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိစေရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံ့အရေး၊ အမျိုးသားအရေးကို အလေးထားသည့် အဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် စက်တင်ဘာ ၈

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၅)ကို စက်တင်ဘာ ၁၀ ရက် (သောကြာနေ့)ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားဘိုတာထွန်းညွှန့်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် စန္ဒရားဘိုတာထွန်းညွှန့်၊ စိုးအောင် (ကောင်းကင်ပြာ)၊ ထက်မြက်စိုး၊ အံ့ကျူးမောင်၊ ဟိန်းဇော်လင်း၊ နှင်းနှင်းထူး၊ ဆွေဆွေမြင့်၊ ရွှေရည်ဝင်း၊ ဝင့်နဒီထက်နှင့် မြနန္ဒာတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၁၁)ကြိမ်မြောက် မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် (၁၁)ကြိမ်မြောက် မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (11th Mekong-Korea Cooperation Foreign Ministers Meeting)သို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။



အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Prak Sokhonn နှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Chung Eui-yong တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး အနာဂတ်တွင် ပူးပေါင်းလုပ်ငန်းစဉ်အောက်မှ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းပြောကြားရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများက မြန်မာနိုင်ငံအား ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးအကူအညီများ ပေးအပ်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်း၊ ထိရောက်စိတ်ချရသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ နိုင်ငံအားလုံးရရှိရေး လုပ်ငန်းစဉ်တွင် ကိုရီးယားသမ္မတနိုင်ငံ၏ တက်ကြွစွာ ပါဝင်မှု အခန်းကဏ္ဍကို ချီးကျူးကြောင်း၊ မဲခေါင်နိုင်ငံများ၏ ကုလသမဂ္ဂ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်မှုများအား အထောက်အပံ့ဖြစ်စေရန် ကိုရီးယားသမ္မတနိုင်ငံမှ တရားဝင် ဖွံ့ဖြိုးမှုအကူအညီများ (Official Development Assistance-ODA) ပေးအပ်လျက်ရှိသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်နိုင်ငံများ၌ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံမှ မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေသို့ နှစ်စဉ်ရန်ပုံငွေထည့်ဝင်မှုများနှင့် ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ လေးသန်း ထည့်ဝင်မှုအား ကျေးဇူးတင်ရှိကြောင်း၊ အစည်းအဝေးမှ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၌ အကောင်အထည်ဖော်မည့် "မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေစီမံကိန်း (ပဉ္စမအသုတ်)" အား အတည်ပြုခြင်းကို ကြိုဆိုကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ (၁၀) နှစ်ပြည့် နှစ်ပတ်လည်ကာလကို ကြိုဆိုသည့်အနေဖြင့် ၂၀၂၁ ခုနှစ်အား မဲခေါင်-ကိုရီးယား ချစ်ကြည်ရေးနှစ် (Mekong-ROK Exchange Year 2021) အဖြစ် သတ်မှတ်ထားခြင်းအား ၂၀၂၂ ခုနှစ်သို့ ဆက်လက်တိုးမြှင့်သတ်မှတ်သွားမည့်အစီအစဉ်ကို ထောက်ခံခဲ့ပြီး မြန်မာနိုင်ငံတွင် တည်ဆောက်မည့် "မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲစင်တာ"မှ မဲခေါင်ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ကို ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါ မျိုးကွဲအသစ်များ ကူးစက်ပျံ့နှံ့မှုအပါအဝင် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါများအား ကာကွယ်ထိန်းချုပ်ကုသနိုင်ရန်အတွက် ကျန်းမာရေးလုံခြုံမှုကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ အဖွဲ့ဝင်နိုင်ငံများတွင် ခံနိုင်ရည်ရှိသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး အထောက်အကူပြုနိုင်ရန်အတွက် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုယန္တရားအား အဆင့်မြှင့်တင်သွားရန်နှင့် လူငယ်များအတွက် အဆင့်မြင့်ပညာရေးကဏ္ဍနှင့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးမှ (၁၁) ကြိမ်မြောက် မဲခေါင်-ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသဘာပတိထုတ်ပြန်ချက်ကို အတည်ပြုခဲ့ပြီး ၂၀၂၁ ခုနှစ်အတွက် "မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (ပဉ္စမအသုတ်)" စီမံကိန်းခုနစ်ခုကို အတည်ပြုရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ နှစ်သိန်းတန်ဖိုးရှိ စီမံကိန်းတစ်ခု ပါဝင်ခဲ့သည်။ အဆိုပါစီမံကိန်းကို မော်လမြိုင်တက္ကသိုလ်က အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မွန်ပြည်နယ်အတွင်း ရွှေပြောင်းသွားလာနေထိုင်သူများက စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုအား လေ့လာသုတေသနပြုသွားမည်ဖြစ်သည်။

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရန် ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကိုရီးယားနိုင်ငံမှ ရန်ပုံငွေနှင့် နည်းပညာအကူအညီများ ပေးအပ်လျက်ရှိသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၂၁) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်း ပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဥက္ကဋ္ဌ (၃) ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် လုပ်ငန်းကော်မတီ လေးရပ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး/ညွှန်ကြားရေးမှူးချုပ်အဆင့် သုံးပွင့်ဆိုင် အလွတ်သဘောဆွေးနွေးပွဲဆိုင်ရာများ ကြိုတင်ညှိနှိုင်းခြင်းနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီဝင်များက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရဓာတ်ပြည့်ဝသည့် အသားရိက္ခာဖူလုံစွာ စားသုံးနိုင်ရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရဓာတ်ပြည့်ဝသည့် အသားရိက္ခာဖူလုံစွာ စားသုံးနိုင်ရေး အတွက် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် မျိုးထိန်းခြင်း၊ မျိုးသန့်မျိုးပွားပေးခြင်းနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများအပြင် သန့်ရှင်းလတ်ဆတ်သော အသားများထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံးဌာနခန်းဆေးကုနှင့် သားသတ်ရုံများဌာန နွားပွဲဈေး၊ သုတေသနနှင့် အသားထုတ်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကော်မတီပိုင် အသားထုတ်နယ်မြေ (ရွှေနုံသာ) နှင့် အဝေးရောက် (ယာယီ) သားသတ်ရုံများ၏ နေ့စဉ် အသားထုတ်လုပ်နေမှုများကို လည်းကောင်း၊ အသားထုတ်လုပ်ရေးဌာနခွဲ၏ လုပ်ငန်းတာဝန်များနှင့် အသားထုတ်လုပ်ရောင်းချနေသူများ၊ ဈေးခုံရရှိသူများအား စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ နိုင်ငံတော်အတွက် အခွန်အခများ အပြည့်အဝကောက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၅၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီအစည်းအဝေး၊ (၂၄)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲများကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၅၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီအစည်းအဝေး၊ (၂၄)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲများသို့ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။ အဆိုပါအစည်းအဝေးများတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၂၄) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

အသိအမှတ်ပြုခဲ့

(၃၅) ကြိမ်မြောက် လွတ်လပ်သောကုန်သွယ်မှုဒေသကောင်စီအစည်းအဝေးကို နံနက် ၈ နာရီတွင် ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ပြီး ယင်းသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆောင်ရွက်မှု အခြေအနေများကို အသိအမှတ်ပြုခဲ့ကြသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဆေးနှင့် ဆက်စပ်ပစ္စည်းများနှင့် စားသောက်ကုန်ကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် အရေးကြီးကုန်စည်များ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည့် နားလည်မှုစာချွန်လွှာတွင် စားသောက်ကုန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ထပ်မံထည့်သွင်းရေးကို အတည်ပြုခဲ့ကြသည်။ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်နှင့်အညီ ကုန်သွယ်မှုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် နိုင်ငံအလိုက်ထုတ်ပြန်သည့် အမိန့်/ညွှန်ကြားချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အသိပေးအကြောင်းကြားရေးကိစ္စကိုလည်း ဝန်ကြီးများက မှတ်တမ်းတင်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ နှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် စိန်ခေါ်မှုများရှိနေသော်လည်း အာဆီယံ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံကုန်စည်ကုန်သွယ်မှု သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ စာချုပ်ပါ အကောက်ခွန်လျှော့ချမှု အစီအစဉ်အရ အကောက်ခွန်လိုင်းများ ချိတ်ဆက်ရာတွင် မှီငြမ်းသည့် လမ်းညွှန်ချက် ရေးဆွဲဆောင်ရွက်ခြင်းသည် ကုန်သွယ်မှု လုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုနှင့် တိကျသေချာမှုကိုအထောက်အကူဖြစ်သည့်အတွက် အဆိုပါလမ်းညွှန်ချက် အပြီးသတ်နိုင်ရေး ဆောင်ရွက်ရန် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ပေါင်းစပ်ညှိနှိုင်းမှုကော်မတီကို တိုက်တွန်းခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အထွေထွေပြန်လည်သုံးသပ်ခြင်းလုပ်ငန်းသည် သဘောတူစာချုပ်အောက်ရှိ ကတိကဝတ်များနှင့် ကိုက်ညီမှုမရှိသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပြုစုထားသည့် အဖွဲ့ဝင်နိုင်ငံများအကြား ကာလရှည်ကြာစွာ ဖြေရှင်းနိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက်လည်း ရှေ့ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများကိုပါ ထည့်သွင်းရန်လိုကြောင်း ဆွေးနွေးခဲ့သည်။

ကမ္ဘောဒီးယား ၊ လာအို၊ မြန်မာနိုင်ငံတို့မှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုနှင့်စပ်လျဉ်း၍ ထိုင်းနှင့်မြန်မာနှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ခြင်းကို ဝမ်းမြောက်ကြောင်း ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တစ်နှစ်ပတ်လုံး ပြောင်းတင်ပို့ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံက စဉ်းစားပေးရန်ကိုလည်း ပြည်ထောင်စုဝန်ကြီးက တောင်းဆိုခဲ့သည်။

သဘောတူခဲ့ကြ

ထို့ပြင် ကိုဗစ်-၁၉ဖြစ်ပေါ်နေစဉ်အတွင်း အကောက်ခွန်မဟုတ်သည့် အစီအမံများ ဖြေလျှော့ပေးရန်အတွက် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာ၏ နောက်ဆက်တွဲစာရင်းတွင် အာဆီယံနိုင်ငံများ သဘောတူထားသည့် စားသောက်ကုန်နှင့် စပ်လျဉ်းသည့်ကုန်စည် (၁၀၇) လိုင်းကို ထည့်သွင်းရန်ကိုလည်း သဘောတူခဲ့ကြသည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် ရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး အာဆီယံရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ (၂၀၂၀-၂၀၂၁) နှင့် အာဆီယံရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးမူဘောင်တို့ကို ထုတ်ပြန်ရန် အတည်ပြုခဲ့သည်။ ထို့အပြင် အာဆီယံရင်းနှီးမြှုပ်နှံမှု စောင့်ကြည့်ရေးအစီရင်ခံစာ (၂၀၂၁) နှင့် စပ်လျဉ်းပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ တင်ပြမှုအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဆင့်မြင့်စီးပွားရေးအရာရှိများက ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာကို မှတ်တမ်းတင်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် စီးပွားရေးဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် အာဆီယံရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးမူဘောင်ကို ထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုကြိုဆိုပါကြောင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် အာဆီယံဒေသတွင်း ဦးစားပေးမြှင့်တင်သင့်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးမှုများကိုလည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆန်းစစ်နိုင်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ကုစားရေးဆောင်ရွက်ချက်များကို အထောက်အကူပြုနိုင်ရန်အတွက် ဆောင်ရွက်မည့် အာဆီယံရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးမူဘောင်သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် SMART လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိကြောင်းနှင့် အဆိုပါ အာဆီယံရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးမူဘောင်ကို ဆက်လက်ဆောင်ရွက်ရန် ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆက်လက်ကျင်းပသည့် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များက ၂၀၂၁ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့သည်။ ထို့ပြင် အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးညီလာခံကျင်းပရန် စီစဉ်ဆောင်ရွက်မှု၊ ထူးချွန်သည့် စီးပွားရေးလုပ်ငန်းများအား ဆုချီးမြှင့်မည့်အစီအစဉ်၊ ဒေသတွင်းကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ ကိုဗစ်-၁၉ ကာလအလွန် ဒေသတွင်းစီးပွားရေးပြန်လည်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်လျက်ရှိသည့် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးကွန်ရက်ထူထောင်မှုအခြေအနေ၊ ကျန်းမာရေးနှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အကြံပြုချက်များကို တင်ပြခဲ့ရာ ဝန်ကြီးများက ပြန်လည်လမ်းညွှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ခြင်းနှင့် ကုသရေးလုပ်ငန်းများ၌ အစိုးရ-ပုဂ္ဂလိက နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများ၊ ကူးစက်မှုနှုန်းကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ကာလလတ်စီမံကိန်း ဖြစ်သည့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက်ကို ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်၊ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ဂျီအမ်အက်စ် လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပြောကြားခဲ့

ထို့နောက် ညနေပိုင်းတွင် (၅၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက နိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု၊ ကာကွယ်ဆေးထိုးနှံမှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်ကုန်၌ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ရောဂါဖြစ်ပွားနေစဉ်အတွင်း မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများနှင့် ဆေးကိရိယာများကို လွယ်ကူစွာတင်သွင်း၊ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ (၅၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အရာရှိကြီးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

သတင်းစဉ်

သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်)ထိပ်သီးအစည်းအဝေးက ပေါ်ထွက်လာမယ့် ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာတွေနဲ့ စီမံချက်အသစ်တွေကို ကြိုဆိုခြင်း

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှာ သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ကမကထပြုကျင်းပမှာ ဖြစ်ပါတယ်။

ထိပ်သီးအစည်းအဝေးကို ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနဲ့ဗီယက်နမ်တို့က နိုင်ငံ့အကြီးအကဲတွေနဲ့ အစိုးရအဖွဲ့အကြီးအကဲတွေ တက်ရောက်မှာဖြစ်လို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မှုဟာ ဒေသခွဲဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ခေါင်းဆောင်များအကြား ညီညွတ်တဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပြသရာရောက်သလို ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း တိုးမြှင့်ရာရောက်စေလို့ နိုင်ငံအတွက် အားတက်ဂုဏ်ယူဖွယ်ဖြစ်ပါတယ်။

ထိပ်သီးအစည်းအဝေးများ

ထိပ်သီးအစည်းအဝေးတွေကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်ရဲ့ (၁၀)နှစ်ပြည့်မြောက်တဲ့ ၂၀၀၂ ခုနှစ်မှစတင်ပြီး (၃)နှစ်တစ်ကြိမ် အဖွဲ့ဝင်ခြောက်နိုင်ငံက အကျွမ်းတဝင်အလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတာဖြစ်ပြီး ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ် (၂၀၁၁ ခုနှစ်)က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရ တာဝန်ယူစဉ်ကာလ ဒီဇင်ဘာလ ၁၉ ရက်နဲ့ ၂၀ ရက်တို့မှာ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်မှာ လက်ခံကျင်းပခဲ့ပါတယ်။ ထိုစဉ်တုန်းက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ် အပြောင်းအလဲကာလမှာ အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပနိုင်ခဲ့တာကလည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ယခုဆိုရင် ၁၀ နှစ်အကြာ ဒီနေ့ကျင်းပတဲ့ ထိပ်သီးအစည်းအဝေးက ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ပထမဆုံး ကျင်းပတဲ့အစည်းအဝေးဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်က အခြားနိုင်ငံ့ခေါင်းဆောင်တွေနဲ့အတူ Online က ပါဝင်တက်ရောက်တာကလည်း မှတ်တမ်းတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။

ထိပ်သီးအစည်းအဝေးတွေမှာ အနာဂတ်ကာလ ဂျီအမ်အက်စ်က ကျင့်သုံးမယ့် မဟာဗျူဟာများ ချမှတ်ခြင်းနဲ့ ဒေသခွဲဖွံ့ဖြိုးရေးအတွက် နိုင်ငံ့ခေါင်းဆောင်တွေရဲ့ ကတိကဝတ်ပြုခြင်းတွေ ပါဝင်သော အရေးပါသည့် ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်းတို့ကို ပြုလုပ်လေ့ရှိပါတယ်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ လက်ခံကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးမှာ ၂၀၁၂ ခုနှစ်ကစပြီး ၁၀ နှစ်တာကာလ ကျင့်သုံးဆောင်ရွက်မယ့် မဟာဗျူဟာမူဘောင် [Strategic Framework (2012–2022)] ကို အတည်ပြုချမှတ်နိုင်ခဲ့ပါတယ်။

အဆိုပါ မဟာဗျူဟာမူဘောင်နဲ့အညီ ဂျီအမ်အက်စ်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် (GMS Regional Investment Framework – RIF) ကို အဖွဲ့ဝင်နိုင်ငံတွေအကြား ရေးဆွဲအကောင်အထည်ဖော်ခဲ့တဲ့အတွက် ဒေသတွင်းမှာ အခြေခံအဆောက်အအုံတွေ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပါတယ်။

သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး

ယခု သတ္တမအကြိမ် ထိပ်သီးအစည်းအဝေးမှာတော့ ဂျီအမ်အက်စ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀(GMS–2030)၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်မယ့် ဂျီအမ်အက်စ် ကိုဗစ်–၁၉ တုံ့ပြန်ရေးနဲ့ ပြန်လည်ထူထောင်ရေးစီမံချက်(GMS COVID–19 Response and Recovery Plan 2021–2023)နဲ့ ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက် (Joint Summit Declaration)တို့ကို အတည်ပြုထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ အဖွဲ့ဝင် (၆)နိုင်ငံပြ မြေပုံ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ မဟာဗျူဟာမူဘောင် (၂၀၁၂–၂၀၂၂) အပြီး ယခုထိပ်သီးအစည်းအဝေးမှာ ချမှတ်မယ့် GMS–2030 ဟာ ၂၀၃၀ ပြည့်နှစ်အထိ လက်ခံကျင့်သုံးသွားမယ့် ဂျီအမ်အက်စ်ရဲ့ တတိယမြောက် မဟာဗျူဟာဖြစ်ပါတယ်။ ဒီဗျူဟာကို ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်တွေ(Sustainable Development Goals–SDGs)၊ အာဆီယံနဲ့ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အပါအဝင် အခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနဲ့ ကိုက်ညီရေးဆွဲထားတာတွေ့ရလို့ ဒေသခွဲရဲ့ စီးပွားရေးပေါင်းစည်းမှုကို များစွာ အထောက်အကူပြုမှာ သေချာပါတယ်။

GMS COVID–19 Response and Recovery Plan ကတော့ ကမ္ဘာတစ်ဝန်း ကာလရှည်ကြာဖြစ်ပေါ်နိုင်ဖွယ်ရှိတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါရဲ့ မျိုးဗီဇကွဲ ပြန့်ပွားလာနိုင်ခြေရှိမှုတွေ၊ သက်ရောက်မှုတွေအတွက် ကြိုတင်ပြင်ဆင်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေ၊ အရှိန်မြှင့်တင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကာလတို၊ ကာလလတ် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမယ့် စီမံချက်ဆိုတာ တွေ့ရပါတယ်။ ဒေသခွဲအတွင်း လူနဲ့သက်ရှိတွေအားလုံး အသက်ရှင်နေထိုင်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်သော အစားအစာတွေရရှိရေးနဲ့ သန့်ရှင်းသာယာသော မြို့ပြတွေဖြစ်ပေါ်လာရေးတို့ကို ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ တစ်ခုတည်းသော ကျန်းမာရေးစနစ် (One Health Approach) နဲ့ ဆောင်ရွက်သွားဖို့ အစီအမံတွေ ပါဝင်တယ်လို့ သိရပါတယ်။

ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုတာ ဘာလဲ

၁၉၉၂ ခုနှစ်က စတင်ခဲ့တဲ့ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Greater Mekong Subregion–GMS Economic Cooperation Program) ဟာ ဆယ်စုနှစ် သုံးခုနီးပါး အောင်မြင်စွာ ရပ်တည်နိုင်ခဲ့တဲ့ ဒေသဆိုင်ရာ အစီအစဉ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ဂျီအမ်အက်စ်လို့ပြောရင် မဲခေါင်မြစ်ကစပြီး ပြောရမှာပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းယူနန်ပြည်နယ်က စတင်စီးဆင်းလာတဲ့ မဲခေါင်မြစ်ဟာ ကီလိုမီတာ ၄၂၀၀ ရှည်လျားပြီး အရှေ့တောင်အာရှမှာ အရှည်လျားဆုံးဖြစ်ပါတယ်။ ဂျီအမ်အက်စ်ဟာ မဲခေါင်မြစ်စီးဆင်းရာ လမ်းကြောင်းတစ်လျှောက် ဒေသများရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်လို့ ကမ္ဘောဒီးယား၊ တရုတ် (ယူနန်နှင့် ဂွမ်ရီး)၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ဟာ အဖွဲ့ဝင်နိုင်ငံတွေ ဖြစ်ကြပါတယ်။

မဲခေါင်ဒေသခွဲဟာ မြေဧရိယာ ၂ ဒသမ ၆ သန်း စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေသန်း ၃၄၀ ကျော် နေထိုင်လျက်ရှိပါတယ်။ ဒေသခွဲရဲ့ စုစုပေါင်း ဂျီဒီပီ(GDP)– အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆ ထရီလီယံ၊ ကုန်သွယ်မှု–အမေရိကန် ဒေါ်လာ ၄၈၃ ဘီလီယံနဲ့ ရင်းနှီးမြှုပ်နှံမှု–အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံတို့ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်စာရင်းဇယားများအရလေ့လာတွေ့ရှိရပါတယ်။

ဂျီအမ်အက်စ် အဖွဲ့ဝင် ခြောက်နိုင်ငံဟာ အချင်းချင်းချိတ်ဆက်မှု (Connectivity) ကောင်းမွန်အောင်ဆောင်ရွက်ပြီး ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness)ရှိတဲ့ အေးအတူ ပူအမျှ ညီညွတ်စွာနေထိုင်တဲ့ အသိုက်အဝန်း(Community) တစ်ခုဖြစ်ပေါ်ရေး မျှော်မှန်းချက်ဖြင့် ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အမ်အမ်နိုင်

ဂျီအမ်အက်စ်အစီအစဉ်မှာ သယ်ယူပို့ဆောင်ရေး(Transport)၊ စွမ်းအင် (Energy)၊ ဆက်သွယ်ရေး (Information and Communication Technology)၊ လယ်ယာစိုက်ပျိုးရေး (Agriculture)၊ ပတ်ဝန်းကျင် (Environment)၊ ခရီးသွားလုပ်ငန်း(Tourism)၊ ကျန်းမာရေး(Health)၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး(Transport and Trade Facilitation)၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု (Urban Development) နဲ့ အခြားကဏ္ဍစုံ (Other Multi–sector) စတဲ့ ဦးစားပေးကဏ္ဍ ၁၀ ခု ရှိပါတယ်။

ဂျီအမ်အက်စ် အစီအစဉ်ဟာ လုပ်ငန်းစီမံကိန်းအခြေပြုပုံသဏ္ဌာန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank–ADB)ဟာ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံအဆင့်စီမံကိန်းကြီးတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ငွေကြေးအကူအညီ၊ နည်းပညာအကူအညီတွေ ရရှိရေးအတွက် နိုင်ငံဆိုင်ရာ အတွင်းရေးမှူးရုံးအဖွဲ့ (National Secretariat) တွေ၊ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့တွေနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေအကြား ဆက်သွယ်ညှိနှိုင်းသူအဖြစ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဂျီအမ်အက်စ်အစီအစဉ်မှာ မြန်မာနိုင်ငံပါဝင်မှု

မြန်မာနိုင်ငံဟာ ဂျီအမ်အက်စ်အစီအစဉ် စတင်တဲ့ ၁၉၉၂ ခုနှစ်မှ ယနေ့တိုင် ဂျီအမ်အက်စ် အစီအစဉ်အားလုံးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေတာတွေ့ရပါတယ်။ ၂၀၁၁ ခုနှစ် ထိပ်သီးအစည်းအဝေးအပြင် စတုတ္ထအကြိမ် စီးပွားရေးစကြံ်များဖိုရမ်ကို ၂၀၁၂ ခုနှစ် ဇွန်လမှာ လည်းကောင်း၊ အကြိမ်(၂၀)မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများအစည်းအဝေးနဲ့ (၁၀)ကြိမ်မြောက် စီးပွားရေးစကြံ်များဖိုရမ်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာလည်း ကောင်း အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့တဲ့ မှတ်တိုင်တွေလည်း စိုက်ထူခဲ့ပြီး ဖြစ်ပါတယ်။

ဒေသခွဲအတွင်း စီးပွားရေးစကြံ်များဖွံ့ဖြိုးရေးဟာ ဂျီအမ်အက်စ်ရဲ့ ထူးခြားတဲ့ လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့တွေ့ရပါတယ်။ စီးပွားရေးစကြံ်များဖိုရမ် (Economic Corridors Forum–ECF) ကို ၂၀၀၈ ခုနှစ်မှာ စတင်ကျင်းပခဲ့ပါတယ်။ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရများအကြား၊ အစိုးရနဲ့ ပုဂ္ဂလိကတို့အကြား ချိတ်ဆက်မှုကို တိုးတက်လာစေရန် ရည်ရွယ်တဲ့ တစ်ခုတည်းသောဖိုရမ် ဖြစ်ပါတယ်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ဆောင်ရွက်ရေး တိုက်တွန်းအားပေး

ယခု ထိပ်သီးအစည်းအဝေးသို့ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ပုဂ္ဂလိကကဏ္ဍက စီးပွားရေးလုပ်ငန်းရှင်တွေလည်း ပါဝင်တက်ရောက်ကြမယ်လို့ သိရပါတယ်။ ဒီထိပ်သီးအစည်းအဝေးက ပေါ်ထွက်လာမယ့် နိုင်ငံ့ခေါင်းဆောင်တွေရဲ့ အတည်ပြုကြေညာချက်တွေ ထုတ်ပြန်ရန်ရှိတဲ့ မဟာဗျူဟာနဲ့ လုပ်ငန်းစဉ်တွေကို ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံအစိုးရများနဲ့ ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်းအကောင်ထည်ဖော်ခြင်းဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစည်းမှုကို ပိုမိုမြင့်တင်နိုင်ပြီး ဒေသခွဲအတွင်း ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်တင်နိုင်မယ်လို့ အလေးအနက်ထားယုံကြည်လျက် သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို လှိုက်လှဲစွာ ကြိုဆိုလိုက်ပါတယ်။ ။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပုံနှိပ်မီဒီယာကိုအလေးထား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဗဟိုပုံနှိပ် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ဗဟိုပုံနှိပ် စက်သည် ယခင်ကတည်းက နိုင်ငံတော်၏ သမိုင်းဝင် မှတ်တမ်းများ၊ စာအုပ်စာတမ်းများကို ပုံနှိပ်ထုတ်ဝေ ခဲ့သည်ဟု သိရပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပုံနှိပ်မီဒီယာကို အင်မတန်အလေးထား အားပေးပါ ကြောင်း၊ မိမိတို့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိရှိ တာဝန်သိသိနှင့် ပုံနှိပ်မီဒီယာ

မှတစ်ဆင့် ပြည်သူများအား အတွေးမှန်၊ အသိမှန်များ ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ လူငယ်များကို ပုံနှိပ်မီဒီယာဖြင့် ဆွဲဆောင်၍ အနာဂတ်ဒီမိုကရေစီ လမ်းကြောင်းပေါ်သွားရာတွင် မှန်ကန်သော အတွေး အခေါ်၊ မှန်ကန်သောအသိများ ပေးစေလိုကြောင်း၊ လာမည့်ကာလများတွင် ပုံနှိပ်မီဒီယာလုပ်ငန်းများကို သမားရိုးကျ ဆောင်ရွက်မနေဘဲ ခေတ်နှင့်လျော်ညီ သည့် ပုံနှိပ်မီဒီယာဖြစ်အောင် ပြောင်းလဲဆောင်ရွက် သွားကြရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဝန်ထမ်းများကလည်း ပုံနှိပ်မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က စက်ရုံ သမိုင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုပုံနှိပ်စက်ရုံ CTP ခန်း၊ Heidelberg စက်ခန်းတွင် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရွက်ထိုးစက် စက်ကြွံခိုင်ရေးဆောင်ရွက်နေမှုနှင့် စာအုပ်ချုပ်ခန်း တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

စားသုံးဆီဖူလုံပိုလျှံရေး စကားဝိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

ပြည်တွင်းစားသုံးသူများ သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီ စားသုံးနိုင်ရန်နှင့် ဖူလုံရန်၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တစ်လျှောက်ရှိ ပါဝင်ပတ်သက်နေသူများအားလုံး တွေ့ကြုံနေရသည့် အခက်အခဲများအား ဝိုင်းဝန်းဖြေရှင်းသွားမည်ဖြစ် ကြောင်း ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ၏စားသုံးဆီ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဗဟုဘူးနေ့ စကားဝိုင်းအစီအစဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဆွေးနွေးပြောကြားသည်။

တက်ရောက်

အဆိုပါ စကားဝိုင်းအစီအစဉ်သို့ ညွှန်ကြားရေး မှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ က အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

စကားဝိုင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး က ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့်လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သော သွင်းအားစုများ၊ စိုက်ပျိုးစရိတ်များရရှိရေး၊ ဆီထွက်သီးနှံ စိုက်ပျိုး ထုတ်လုပ်ရာတွင် စက်ကိရိယာများ တိုးချဲ့သုံးစွဲ နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကန်ထရိုက်လယ်ယာစနစ် တွင် ပါဝင်ဆောင်ရွက်ရေး အားပေးကူညီလျက် ရှိကြောင်း၊ ပြည်ပမှတင်သွင်းလာသည့် စားအုန်းဆီ များကို အရည်အသွေး စနစ်တကျစစ်ဆေးနိုင်ရန်နှင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေပဲ၊ နှမ်းအပြင် အလားအလာကောင်းသော ဆီထွက်သီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ရေးကိုလည်း ရေမြေရာသီဥတုများအပေါ် မူတည်၍ ဒေသအလိုက်သီးနှံပုံစံများ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီ စားသုံးမှုနှင့် ဆီအမျိုးအစား စစ်တမ်းကောက်ယူ သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆီစားသုံးမှုနှင့် ဆီအမျိုးအစား စစ်တမ်းကောက်ယူ နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစစ်တမ်း

များ ထွက်ပေါ်လာမှုကို အခြေခံ၍ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပို့ကုန်တိုးမြှင့်ရေး အစီအမံများရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဆီထွက် သီးနှံများတွင် သီးနှံအလိုက်ပါဝင်သည့် ဆီပါဝင်မှုနှုန်း ပမာဏသိရှိရန် အသေးစိတ်လေ့လာခြင်း၊ ဆီဖူလုံ ရေးအတွက် အလားအလာရှိသည့် ဆီထွက်သီးနှံများ ကို ဖော်ထုတ်အသုံးချရေး၊ ဆီအရည်အသွေးထိန်းသိမ်း ရန်အတွက် ထုပ်ပိုးမှုနှင့် အညွှန်းဖော်ပြမှုစနစ်များကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဆီကုန်ထုတ် စွမ်းအားတိုးတက်ရန်နှင့် ထုတ်လုပ်မှုစရိတ်လျှော့ချ နိုင်ရန် စက်မှုလယ်ယာစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရေမြေရာသီ ဥတုအနေအထား၊ ဆည်ရေသောက်ဧရိယာများ အပေါ်မူတည်၍ သီးနှံစိုက်ပျိုးမှုစနစ် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးတို့ကို တွန်းအားပေးလုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✪ ဥရုတံတားမှ

အကုန်အကျခံကာ အဆင့်မြှင့်တင်တည်ဆောက်နေသော အဆိုပါဥရုတံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတား ဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂)မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကြမ်းခင်းလုပ်ငန်းဆောင်ရွက်မယ့် အောက်တိုဘာလဆန်းကျရင်တော့ နဂိုမူလ ကြိုးတံတားဟောင်းကို ဖြုတ်ချမှာဖြစ်ပြီး သံပေါင် Plate Girder များ အစားထိုး တပ်ဆင်ခြင်းလုပ်ငန်းနဲ့ တံတားကြမ်းခင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက် သွားမှာဖြစ်တာကြောင့် ၂၀၂၂ ခုနှစ် မတ်လကုန်ပိုင်းမှာ လုပ်ငန်းများအပြီးသတ် ဆောင်ရွက်နိုင်ဖို့ လျာထားပါတယ်။ လက်ရှိတံတားအဆင့်မြှင့်တင်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ"ဟု ဥရုတံတား အဆင့်မြှင့်တင်တည်ဆောက်ရေး စီမံကိန်းတာဝန်ခံအင်ဂျင်နီယာဖြစ်သည့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက ပြောသည်။

အဆိုပါဥရုတံတားသစ်၏အရှည်မှာ စုစုပေါင်း ပေ ၁၀၉၀ ရှိပြီး တံတားအကျယ် ၂၆ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင်သုံးပေစီ ပါဝင်မည်ဖြစ်၍ ရေလမ်း ကင်းလွတ်အကျယ် ၁၃၅ ပေနှင့် အမြင့် ၂၂ ပေ ရှိမည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ရှိမည်ဖြစ်ကြောင်း သိရသည်။ တံတားအောက်ထည်နှင့် ချဉ်းကပ်တံတား နှစ်ဖက်အား သံကူကွန်ကရစ်များဖြင့် တည်ဆောက်မည်ဖြစ်ပြီး တံတားအောက်ခံ အုတ်မြစ်များအား အချင်း ၁ ဒသမ ၈ မီတာရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်များဖြင့် တည်ဆောက်ထားကာ တံတားခန်းဖွင့်များအတွက် အရှည် ၁၃၅ ပေ Plate Girder လေးခန်းဖြင့် အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့(၂)မှ သိရသည်။

သတင်း- ပွင့်သစ္စာ

ဓာတ်ပုံ- စိုးမြင့်အောင်

ပုသိမ်မြို့နယ်၌ လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်

ပုသိမ် စက်တင်ဘာ ၈

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က အဖွင့်အမှာစကား ပြောကြားပြီး အစိုးရနည်းပညာ အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးအေးမင်းထွန်းက သင်တန်းနှင့် ပတ်သက်သည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားသည်။

သင်တန်းကို ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၇ ရက်မှ ၂၇ ရက်အထိ ရက်ပေါင်း ၂၀ ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

JJJ

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာလ ၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြထားသည့် **၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း** ထုတ်ပြန်ချက်ပါ အပိုဒ် ၃ ၌ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၏ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များအား ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည် စာပိုဒ်တွင် **၂၀၁၈ ခုနှစ်အစား ၂၀၁၈ ခုနှစ်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဆေးဝါးနှင့် ဆေးပစ္စည်းတင်သွင်းမှု အဆင်ပြေချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

ဆေးဝါးနှင့် ဆေးပစ္စည်းတင်သွင်းမှု လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ပါမောက္ခ ဒေါက်တာခင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ဆေးဝါးနှင့် ဆေးပစ္စည်းများ စျေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် ဆေးဝါးနှင့် ဆေးပစ္စည်း တင်သွင်းရာတွင် အဆင်ပြေလွယ်ကူချောမွေ့မှုရှိစေရန် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြားနီးနွယ်ဌာနများနှင့် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ ထို့အတူ ဆေးဝါးနှင့် ဆေးပစ္စည်းများ၏ အရည်အသွေး စိတ်ချရမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန်အတွက် အထူးဂရုပြုဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ တင်သွင်းခွင့်အတွက် လက်ရှိဖြေလျှော့ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ချစ်က Yangon Task Force တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆေးဝါးများအတွက် စိစစ်ပေးနေမှုအခြေအနေနှင့် ပတ်သက်၍ ဆရာဝန် ညွှန်ကြားချက်မလိုသော ဆေးဝါးများနှင့် ဆေးဝါးမှတ်ပုံတင် သက်တမ်းတိုးဆဲ ဆေးဝါးများအတွက် ဆောလျင်စွာစိစစ်ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် Task Force အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိဂီဇင်က ကိုဗစ်-၁၉ ရောဂါ ဖြေလျှော့ဆေးဝါးများအတွက် တစ်ကြိမ်တင်သွင်းခွင့် ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသော ဆေးဝါးများအား နှစ်ရက်အတွင်း တင်သွင်းခွင့် ထောက်ခံချက်ထုတ်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာတင်ဝါဝင်းက လက်ရှိ FDA Online System (E-Submission) ဖြင့် Medical Devices နှင့် Cosmetic လျှောက်ထားမှုများအား ရုံးပိတ်ရက်အတွင်း အချိန်နှင့်တစ်ပြေးညီထောက်ခံချက် ထုတ်ပေးနေမှုများ၊ ဌာန၏ E-Submission System ဆောင်ရွက်ပုံ အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်သွင်းလာသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၏ အရည်အသွေးကို ထိခိုက်မှုမရှိစေဘဲ အချိန်မီတင်သွင်း ထောက်ခံချက်ထုတ်ပေးနိုင်ရန်ကိစ္စများ အချိန်နှင့်တစ်ပြေးညီစနစ်တကျဆောင်ရွက်ရန်၊ တင်သွင်း ထောက်ခံချက် လျှောက်ထားရာတွင် လိုအပ်ချက်များ၊ ဖြေလျှော့မှုများအား အသိပေး ထုတ်ပြန်ပေးရန်နှင့် FDA Online System များ စနစ်တကျတိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် လူအင်အား၊ IT ဆိုင်ရာ ပံ့ပိုးမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အားဖြည့်ပံ့ပိုး ဆောင်ရွက်ရန် ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

Asia Pacific Joint Group (AP JG) မျက်နှာစုံညီ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG) ၏ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering and Countering the Financing of Terrorism–AML/CFT) လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက် ဆောင်ရွက်ချက်များ ဆွေးနွေးခြင်းဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) နှင့် အာရှ-ပစိဖိတ်ဒေသငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group–APG) အတွင်းရေးမှူးအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် AP JG အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ဥပဒေရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အပြန်အလှန်ဆွေးနွေး

အစည်းအဝေးတွင် AP JG အဖွဲ့၏ Co chair ဖြစ်သူ အိန္ဒိယနိုင်ငံသား Mr. Yogpal Singh နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က အဖွင့်အမှာစကားများ ပြောကြားသည်။ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများအား ဆွေးနွေးပြောကြားရာတွင် ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်များကို နားလည်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရေး အစီအမံများပြုလုပ်ခြင်း၊ ပြည်ပငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအား လိုင်စင်ထုတ်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးရေးဆောင်ရွက်ထားရှိမှု၊ တရားမဝင်ငွေလွှဲလုပ်ငန်းဆောင်ရွက်သူများအား အရေးယူဆောင်ရွက်မှုများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များနှင့်အညီ လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာပေးရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးကြသည်။

သတင်းစဉ်

အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၉)ကြိမ်မြောက်စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (Asian Organisation of Supreme Audit Institutions: ASOSAI) ၏ (၁၅) ကြိမ်မြောက် စုံညီ ညီလာခံကို ယမန်နေ့တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်ခဲ့ပြီး ယနေ့တွင် ASOSAI ၏ (၉) ကြိမ်မြောက်စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်များတက်ရောက်ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)နှင့် စာတမ်းဖတ်ကြားမည့် ညွှန်ကြားရေးမှူးများ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံ စာရင်းစစ်ချုပ် General Chanathap Indamra က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ASOSAI ၏ (၉) ကြိမ်မြောက် စာတမ်းဖတ်ပွဲ "The ASOSAI and the Next Normal: Resilience amidst Challenges" ကို ခေါင်းစဉ်ခွဲ လေးခုဖြစ်သည့် "Promoting good governance in the next normal"၊ "Encouraging for the achievements of Sustainable Development Goal (SDGs)" ၊ "Leveraging by using advanced technologies for public sector auditing" နှင့် "Responding to disaster and pandemic issues" တို့ဖြင့် Virtual Room အသီးသီးတွင် Parallel session ဖြင့် ကျင်းပသည်။

ယင်းစာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စာတမ်း လေးစောင်ပေးပို့ခဲ့ပြီး အသိပညာ၊ အတွေ့အကြုံနှင့် အမြင်များဖလှယ်၍ ဖတ်ကြားတင်ပြသည်။

စာတမ်းဖတ်ပွဲတွင် Promoting good governance in the next normal ခေါင်းစဉ်၊ Encouraging for the achievements of SDGs ခေါင်းစဉ်၊ Leveraging by using advanced technologies for public sector auditing ခေါင်းစဉ်နှင့် Responding to disaster and pandemic issues ခေါင်းစဉ်တို့ကို အသိပညာဗဟုသုတများ၊ အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး တင်သွင်းခဲ့သည့် စာတမ်းများစုစည်းထားသော Compendium Report ကို ASOSAI Website နှင့် ASOSAI Thailand Website တို့တွင်လွှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ကူယ်၊ မြဝတီနှင့် တာချီလိတ်ကုန်သွယ်ရေးစခန်းငါးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၅ ခုမှ ယာဉ်စီးရေ ၂၈ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၄၁ တန်၊ Oxygen Storage Container/ Tank နှစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၃၅၀၆ ခု၊ Oxygen Plant တစ်ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၁၆၀၈ ခု၊ Test Kit အရေ ၇၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၃၁၆၀၀ နှင့် နှာခေါင်းစည်း ၃၃ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့နှင့်မုံရွာမြို့သို့ တစ်စီးစီဖြစ်ပြီး Oxygen Plant တစ်ခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person)များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၈

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်(Family Quiz) ပွဲစဉ်(၃၁)ကို စက်တင်ဘာ ၁၀ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်(၃၁)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လတ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ(၁၀၊ ၁၁၊ ၁၂)ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၈-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

No	Product Name	Pack Size	Price in Kyats (Retail)	Company Name
Antibiotics				
1	Injection – Levofloxacin 500 mg	1x1	3000	Yadanar
2	Injection – Ceftriazone 1G	1's	700	KCL
3	Injection – Cefoperazone and Sulbactam 1G	Vial	4900	Ready Medicine
4	Injection – Cefoperazone and Sulbactam 2G	Vial	9300	Ready Medicine
5	Injection – Meropenam	1g/Vial	10000	AA Medical
Anti–inflammatory				
6	P.O Dexamethasone	Box of 10x10's	1450	JDS
7	P.O Prednisolone	Box of 10x10	2000	Aorta
8	Injection – Dexamethasone	Vial	160	Aorta
Antiviral				
9	P.O Favipiravir 400 mg	2X10 Tablet	50000	AA Medical
10	Injection – Remdesivir	Vial	70000	GHI

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website(www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

✻ MNL ကလပ်မှ

ကလပ်အသင်းအားလုံး အမျိုးသမီးကလပ်အသင်းများ ဖွဲ့စည်းစေခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာနေရှင်နယ်လိဂ်တွင် ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများအနက် အမျိုးသမီးအသင်းများ ဖွဲ့စည်းရန် ကျန်ရှိနေသောအသင်းများမှာ လာမည့်နှစ်တွင် မဖြစ်မနေဖွဲ့စည်းရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၈-၂၀၁၉ ရာသီကုန်တွင် ရပ်နားထားရခြင်းဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲကိုလည်း ယခုနှစ်တွင် ကပ်ရောဂါ အခြေအနေကြောင့် ဖျက်သိမ်းခဲ့ရပြီး လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် စီနီယာကလပ်အသင်းအပြင် လူငယ်အသင်းနှစ်သင်းလည်း ဖွဲ့စည်းထားရာ အမျိုးသမီးကလပ်အသင်းပါ ထပ်မံဖွဲ့စည်းရပါက ဝင်ငွေအလွန်နည်းပါးမှုကြောင့် ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

ကိုညီလေး

❖ ကျောဖုံးမှ

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ထိုင်းနိုင်ငံမှ ပြန်လာသူများအား ယခင်က မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များကိုသာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးရာမှ ယခုအခါ ပြန်လာသူအားလုံးအား စစ်ဆေးပေးကာ ရောဂါပိုးရှိသူများကို မြဝတီမြို့ မဲကနယ် ကိုဗစ် စင်တာနှင့် ရွှေမြဝတီ ကိုဗစ်စင်တာတို့တွင် ကုသမှု ခံယူစေမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်ယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အမျိုးသား ၉၆ ဦးနှင့် အမျိုးသမီး ၁၀၆ ဦး စုစုပေါင်း ၂၀၂ ဦးရှိကြောင်း သိရသည်။

ထိန်လင်းအောင်

✯ ဂရစ်ဇ်မန်းမှ

အခုပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ ကာလရဲ့ အပြောင်းအရွှေ့ ဈေးကွက်ပိတ်သိမ်းခဲ့တဲ့ နောက်ဆုံးနေ့မှာ ဘာစီလိုနာအသင်းကနေ အက်သလက်တီကို မက်ဒရစ်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

သွင်းဂိုးသုံးဂိုးအထိ သွင်းယူပေးထား

အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီမှာ ပွဲထွက်ကစားရခြင်းမရှိသေးပေမယ့် ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ်သုံးပွဲမှာ သွင်းဂိုးသုံးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ အခုပွဲစဉ်မှာ ဖင်လန်အသင်းကို အနိုင်ရရှိ ခဲ့တာကြောင့် ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင် ကစားခဲ့ရတဲ့ အုပ်စု(D)မှာ ခြောက်ပွဲကစားပြီးချိန်တွင် ရမှတ် စုစုပေါင်း ၁၂ မှတ်နဲ့ အုပ်စုအဆင့် ထိပ်ဆုံးမှာရပ်တည်နေတာဖြစ်ပြီး အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတဲ့ ယူကရိန်းအသင်းကို ရမှတ်ခုနစ်မှတ် အထိဖြတ်ကာ ဦးဆောင်ထားနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

ငွေကြေယ်

ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ဆည်းမှုဖြင့် ဝန်ထမ်းဘဝလမ်း အဆင့်ဆင့်တက်လှမ်းခဲ့သူ သရေစည်သူ ဦးဘခင်

လင်းအောင်

(ယမန်နေ့မှအဆက်)

စွမ်းဆောင်ကြိုးပမ်း နိုင်ငံ့ဝန်ထမ်း

ဆရာကြီးဦးဘခင်သည် နိုင်ငံ့ဝန်ထမ်းအကြီးအကဲတစ်ဦးအနေဖြင့် ဖဆပလအစိုးရကာလတွင် စီမံကိန်းကော်မရှင် အကြံပေးကော်မတီ၊ ဝန်ကြီးချုပ်ရုံးအထွေထွေကြီးကြပ်မှုကော်မတီ၊ လမ်းပန်းဆက်သွယ်ရေးကြီးကြပ်မှုကော်မတီ၊ ဗုဒ္ဓသာသနာ့ကောင်စီအမှုဆောင်၊ ဝိပဿနာဆပ်ကော်မတီဥက္ကဋ္ဌ၊ ဆဋ္ဌသင်္ဂါယနာအကြံပေးအဖွဲ့၊ ပြည်သူ့ထောက်ပံ့ရေးစုံစမ်းရေးကော်မတီ၊ ဘုတ်အဖွဲ့များစုံစမ်းရေးကော်မရှင်၊ အိမ်စောင့်အစိုးရကာလတွင် ဘုတ်ကော်ပိုရေးရှင်းများအားလုံးရှိကူးသန်းရောင်းဝယ်ရေးဆိုင်ရာဘတ်ဂျက်စနစ် အသုံးပြုတီထွင်ခြင်း၊ ဘီအိုစီကုမ္ပဏီဘဏ္ဍာရေးအခြေအနေသုံးသပ်ခြင်း၊ မော်ချီးသတ္တုတွင်းကုမ္ပဏီအခြေအနေသုံးသပ်ခြင်း၊ အဲဗင်းဆေးဝါးကုမ္ပဏီနှင့် မြန်မာပြည် ဘီပီအိုင်ဆောင်ရွက်မှုများစုံစမ်းခြင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီဥပဒေအမှတ် ၆ အရ ဗုဒ္ဓသာသနအဖွဲ့ စုံစမ်းရေးကော်မတီ အဖွဲ့ဝင်/ယာယီသဘာပတိတာဝန်များကိုလည်း ၁၉၆၇ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

ယင်းသို့ ထမ်းဆောင်ခဲ့မှုများအနက် လွတ်လပ်ပြီးမြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းဆောင်တာဆိုင်ရာ ဘုတ်ကော်ပိုရေးရှင်းများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာမှုအရ နိုင်ငံတော်အစိုးရသည် ငွေစာရင်းမင်းကြီးရုံး၏ ဝန်ထမ်း ၅၄ ဦးဖြင့် ကူးသန်းရောင်းဝယ်ရေးညွှန်ကြားရေးဝန်ရုံးကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ဌာနစတင်ဖွင့်လှစ်ချိန်၌ အရည်အချင်းပြည့်ဝန်ထမ်းသုံးဦးသာရှိခဲ့ရာမှ ဝန်ထမ်းများအရည်အချင်းတိုးတက်စေရေးအတွက် ဆရာကြီး ဦးဘခင်၏လေ့ကျင့်သင်ကြားပေးမှုများအရ အရည်အချင်းပြည့်ဝန်ထမ်း ၂၇၂ ဦးအထိ တိုးတက်လာခဲ့ပြီး နိုင်ငံတော်က အစုရှယ်ယာဝင်သည့် ဖက်စပ်လုပ်ငန်းများ၏စာရင်းများကိုပါ စစ်ဆေးဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာဌာန၏ မေတ္တာရပ်ခံချက်အရ စစ်ဘက်ကုန်စည် ဖြန့်ချိရေးအဖွဲ့နှင့် ကာကွယ်ရေးဌာနလက်အောက်ရှိ အဖွဲ့အစည်းအသီးသီး၏ စာရင်းဇယားများကို တိကျသေချာစွာ ရှင်းလင်းပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ အထူးသဖြင့် ဆရာကြီးနှင့် ဌာနဝန်ထမ်းများ၏လုပ်ငန်းဆိုင်ရာတိကျသေချာမှု၊ စိမ်ကွပ်ကဲမှုနှင့် စေတနာဝန်ထမ်းစိတ်ထားများကို မှတ်တမ်းတင်ကြောင်း ဂုဏ်ပြုချီးကျူးစာကိုလည်း လက်ခံရရှိခဲ့သည်။

တာဝန်ပေးအပ်ခဲ့

နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းမပြုမီ ထိုအဖွဲ့တွင် ယင်းခေတ်ကာလ နိုင်ငံရေးပယောဂများ၊ စီးပွားရေးမသမာမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများကြောင့် ငွေကြေးရှုပ်ထွေးမှုများ၊ လုပ်ငန်းအဆင်မပြေမှုများ ပေါ်ပေါက်နေခဲ့ရာ နိုင်ငံ့ဝန်ထမ်းများအတွင်း စိတ်ဓာတ်ကျဆင်းမှုများ၊ ပဋိပက္ခများ ကြုံတွေ့နေရချိန်ဖြစ်သည်။ ထိုအခြေအနေများကြောင့် အထူးစုံစမ်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆရာကြီးအား တာဝန်ပေးအပ်ခဲ့သည်။ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများပြီးဆုံးသည့်အခါ ပုံမှန်အားဖြင့် ထိုစဉ်က ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကသာ တာဝန်ယူဆောင်ရွက်ရမည့်မူဝါဒဆိုင်ရာ ရာထူးတာဝန်ဖြစ်သော နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌ

၁၃-၅-၁၉၆၀ ရက်နေ့မှ ၁၇-၅-၁၉၆၀ ရက်နေ့အထိ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန(IMC)သို့ကြွရောက်သီတင်းသုံးတော်မူသည့်ဝေဘူဆရာတော်ဘုရားကြီးအား ဆရာကြီးဦးဘခင်က ဖူးမြော်နေစဉ်။

တာဝန်ကို အထူးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရက ဆရာကြီးအား ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

ဖြေရှင်းဆောင်ရွက်ပေး

ဆရာကြီးသည် အဖွဲ့ဥက္ကဋ္ဌအဖြစ် စတင်ဆောင်ရွက်သည်နှင့် လုပ်ငန်းတာဝန်များကို အဂတိလိုက်စားမှုမရှိဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း အများရှေ့မှောက်၌ လေးနက်စွာကြေညာ၍ ကတိသစ္စာပြုခဲ့သည်။ ဆန်စက်ပိုင်ရှင်များအသင်း၊ ဆန်ကုန်သည်များအသင်း၊ အခြားဘုတ်အဖွဲ့ အကြီးအကဲများနှင့် မျက်နှာစုံညီ အကြိမ်ကြိမ်တွေ့ဆုံ၍ တရားမျှတမှုကို အခြေခံပြီး မှန်ကန်ရဲရင့်စွာ ဆောင်ရွက်ပေးခဲ့သည်။ စတင်တာဝန်ထမ်းဆောင်စဉ်ကာလ၌ ယခင်ကဲ့သို့ လာဘ်ပေးလာဘ်ယူမှုများ ဆောင်ရွက်ခွင့်မရသည့်အတွက် ဝန်ထမ်းဆိုးအချို့၏ ကဖျက်ယဖျက်ပြုမှု၊ ဆရာကြီးအား ဥက္ကဋ္ဌတာဝန် ပေးအပ်မှုအတွက် အစိုးရခေါင်းဆောင်အပေါ် ဆန္ဒပြရန် ကြိုးပမ်းမှုများ ရှိခဲ့စေကာမူ အမှုထမ်း၊ အရာထမ်းများ၏ စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးအတွက် ဝန်ထမ်းများအားလုံးနှင့် ရင်းနှီးစွာတွေ့ဆုံပြီး ပြဿနာအရပ်ရပ်ကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

အဖွဲ့ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အတွက် အမြောက်အမြားလိုအပ်လျက်ရှိသည့် ဂုန်နီအိတ်များကို တင်ဒါခေါ်ယူခဲ့ရာ ကုန်သည်တစ်ဦးသည် အခြားကုန်သည်များနည်းတူ ဂုန်နီအိတ်တင်သွင်းခွင့်အတွက် တင်ဒါတင်သွင်းခဲ့သည်။ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သေချာပေါက်တင်ဒါရရှိရေးအတွက် အဖွဲ့ဥက္ကဋ္ဌဖြစ်သည့် ဆရာကြီးဦးဘခင်နေအိမ်သို့ လာဘ်ငွေအများအပြားနှင့်အတူ လာရောက်ခဲ့သည်။ ဆရာကြီးနှင့် တွေ့ဆုံပြီးနောက် တင်ဒါရရှိရေးအတွက် ပေးအပ်လိုသောလာဘ်ငွေကို ဆရာကြီးအနေဖြင့် လုံးဝလက်ခံမည်မဟုတ်ကြောင်း သိရသည်နှင့် ဆရာကြီးတည်ထောင်ထားသော ကမ္ဘဋ္ဌာန်းဌာနအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း အကြောင်းပြ၍ ငွေပေးရန်ကြိုးပမ်းခဲ့သည်။ ဆရာကြီးက ယောဂီမဟုတ်သူများထံမှ မသန့်ရှင်းသောအလှူငွေကို လက်ခံမည်မဟုတ်ကြောင်း ပြတ်သားစွာတုံ့ပြန်ပြီး ထိုကုန်သည်ကို နေအိမ်မှ နှင်ထုတ်ခဲ့သည်။

နာယကဂုဏ်နှင့်အညီ ရပ်တည်

စင်စစ် ဆရာကြီးထံသို့ အဆိုပါကုန်သည် လာရောက်သည့်နေ့တွင် သူပေးသွင်းသည့် တင်ဒါစျေးနှုန်းမှာ အနိမ့်ဆုံးဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်အတွက် တင်ဒါဘုတ်အဖွဲ့က လက်ခံရန် ဆုံးဖြတ်ထားခဲ့ပြီး ထိုဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာခြင်း မပြုရသေးချိန်ဖြစ်သည်။ ဆရာကြီး အနေဖြင့် ထိုတင်ဒါမှာ ဘုတ်အဖွဲ့က လက်ခံထားပြီးဖြစ်ကြောင်း သိရှိထားသော်လည်း ထုတ်ဖော်အသိပေးမှုမရှိခြင်း၊ မည်သည့်အကြောင်းပြချက်နှင့်မျှ လာဘ်ငွေ/ အလှူငွေပေးမှုကို လက်မခံခြင်းတို့ဖြင့် သူ၏ဖြောင့်မတ်ခိုင်မာသော နာယကဂုဏ်နှင့်အညီ ရပ်တည်ခဲ့သည်။

ဤကဲ့သို့ ဆရာကြီးဦးဘခင်၏ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများကြောင့် လုပ်ငန်းများတိုးတက်အောင်မြင်ပြီး နိုင်ငံတော်အတွက် ပြည်ပသို့ ဆန်တင်ပို့မှုနှုန်းထားများ မြင့်မားလာခြင်း၊ နိုင်ငံခြားဝင်ငွေများတိုးတက်လာခြင်း၊ အဂတိတရား ကင်းရှင်းလာခြင်း အကျိုးရလဒ်များရရှိခဲ့သည့်အတွက် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့က အသိအမှတ်ပြု၍ ဂုဏ်ပြုဒဏ္ဍာခံပွဲများ ကျင်းပပေးခဲ့သည်။

ကိုယ်ကျင့်တရားဆိုင်ရာ စံပြပုဂ္ဂိုလ်

ဆရာကြီးဦးဘခင်သည် ဒုတိယကမ္ဘာစစ်အတွင်းကာလ မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေစဉ် မိသားစုအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်၌ပင် အစိုးရပိုင်ငွေများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်းမရှိဘဲ အထက်အရာရှိထံ အချိန်မီလိုက်လံအပ်နှံခဲ့သည့်နည်းတူ နိုင်ငံ့ဝန်ထမ်းအရာရှိကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလ တစ်လျှောက်လုံးနှင့် အငြိမ်းစားယူပြီးကာလ ဘဝတစ်သက်တာလုံးတွင်ပါ ကိုယ်ကျင့်သိက္ခာကို အထူးစောင့်ထိန်းနေထိုင်သွားခဲ့သည်။

၁၉၇၂ ခုနှစ် ဧပြီလ၌ အိန္ဒိယနိုင်ငံတွင် ထုတ်ဝေခဲ့သော မဟာဗောဓိမဂ္ဂဇင်းတွင် ဆရာကြီး၏တပည့်ဖြစ်သူ ဦးဂိုအင်ကာက “ကျွန်ုပ်၏ဆရာနှင့် ကျွန်ုပ်၏ကျေးဇူးရှင်” ခေါင်းစဉ်ဖြင့် ဆရာကြီး၏ဘဝတစ်လျှောက် နေထိုင်ဖြတ်သန်းသွားမှုအပေါ် အမြင်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ဆောင်းပါးရေးသားခဲ့ပါသည် -

“ဆရာကြီး၏ဘဝသည် ကျွန်တော်တို့တပည့်အားလုံးအတွက် အားဆေးပင်ဖြစ်တော့သည်။ ဆရာကြီးသည် ရိုးသား၏။ ဤမျှအရေးပါသော ရာထူးကြီးများကိုရလျှင် မိမိကိုယ်ကျိုးအတွက် ဘဏ်များ၌ ငွေမြောက်မြားစွာ စုဆောင်းမိနိုင်၏။ သူဌေးဖြစ်နိုင်၏။ သို့သော် ဓမ္မလမ်းစဉ်ကား ဤကဲ့သို့မဟုတ်ပေ။ ဆရာကြီးဦးဘခင်ကဲ့သို့ ဓမ္မဝိဟာရတရား ကျင့်သုံးနေသူအဖို့ သူဌေးဖြစ်နည်းလမ်းစဉ်ကို ရှောင်ကြဉ်နိုင်ခဲ့၏။ ဆရာကြီး ကွယ်လွန်သောအခါ သားသမီးများအတွက် တိုက်ငယ်ကလေးတစ်လုံးသာ ကျန်ရစ်ခဲ့ပေသည်။ (ထိုနေအိမ်မှာလည်း အငြိမ်းစားယူသည့်အခါ ဝန်ထမ်းဘဝစုဆောင်းငွေနှင့် ဦးဂိုအင်ကာထံမှ အရစ်ကျချေးငွေတို့ဖြင့် ဆောက်လုပ်သွားခဲ့ခြင်းဖြစ်ပါသည်) မတရားစီးပွားရှာမှုကို ရှောင်ကြဉ်နိုင်ခဲ့၍ ချီးကျူးလောက်ပါပေသည်။

ဆရာကြီးကား ရိုးသားတည်ကြည်သည့် အပြင် စိတ်ထားပြတ်သားတိကျလှသည်။

စာမျက်နှာ ၁၁ သို့ ❖

ဆရာကြီးဦးဘခင်သည် ဒုတိယကမ္ဘာစစ်အတွင်းကာလ မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေစဉ် မိသားစုအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်၌ပင် အစိုးရပိုင်ငွေများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်းမရှိဘဲ အထက်အရာရှိထံ အချိန်မီလိုက်လံအပ်နှံခဲ့သည့်နည်းတူ နိုင်ငံ့ဝန်ထမ်းအရာရှိကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလတစ်လျှောက်လုံးနှင့် အငြိမ်းစားယူပြီးကာလ ဘဝတစ်သက်တာလုံးတွင်ပါ ကိုယ်ကျင့်သိက္ခာကို အထူးစောင့်ထိန်းနေထိုင်

❖ စာမျက်နှာ ၁၀ မှ

မရိုးသားသော ကုန်သည်စီးပွားရေးသမားတို့က ငွေများနှင့် လာဘ်ထိုးသော်လည်း လုံးဝလက်မခံခဲ့။ နိုင်ငံရေးအစိုးရလက်ထက် ထိပ်တန်းနိုင်ငံရေးသမားတို့က အာဏာသုံး၍ ဖိနှိပ်ခြိမ်းခြောက်သော်လည်း မတုန်လှုပ်ခဲ့။ ထို့ကြောင့် ကြိမ်ဖန်များစွာ ကုန်သည်ကြီးများ၏ ငြိုငြင်မှုကိုခံရ၏။ နိုင်ငံရေးသမားဝန်ကြီးများ၏ နှိပ်စက်မှုကိုခံရ၏။ ၎င်းတို့၏ အလိုဆန္ဒနှင့် သွေးဆောင်မှုများကို မလိုက်လျောခဲ့သောကြောင့်ပင်ဖြစ်၏။

စင်ကြယ်စွာပင်ကျင့်သုံး

ဆရာကြီးကား တရားဥပဒေနှင့်မညီလျှင်၊ အကုသိုလ်ဖြစ်လျှင် မျက်နှာမရွေး တိကျပြတ်သားစွာ ငြင်းပယ်တွန်းလှန်နိုင်ခဲ့ပေသည်။ လောကီကိစ္စအဝဝကို ဆောင်ရွက်ပေးရာ၌ ဆန္ဒာဂတိ၊ ဘယာဂတိ စသည်တို့ကို ရှောင်ကြဉ်နိုင်ခဲ့ပေသည်။ အယူအဆ ဝါဒီဆရာတို့၏ ငြင်းခုံချက်၊ တင်ပြချက်များကြောင့်လည်း တွေဝေယိမ်းယိုင်မှုမရှိခဲ့။ ကျော်ကြားမှု သို့မဟုတ် နာမည်ပျက်မှုကိုငဲ့၍ ဓမ္မကို စင်စင်ကြယ်ကြယ်ကျင့်သုံးရန် မပယ်ဖျက်ခဲ့။ စင်ကြယ်စွာပင်ကျင့်သုံးခဲ့သည်။

အရာရှိအဖြစ် စံပြနေထိုင်ကျင့်သုံးခဲ့သလို ဝိပဿနာဆရာကြီးအဖြစ်လည်း အရည်အချင်းရှိမှု၊ ရိုးသားမှုတို့ကြောင့် စံပြဖြစ်ခဲ့ရသည်။ ဝိပဿနာသင်တန်းများကို ကရဏာအပြည့်အဝဖြင့် ပို့ချပေးခဲ့၏။ အင်းယားမြို့လမ်းရှိ အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ၌ သမ္မတဟောင်း စစ်ရွှေသိုက်ကို ဆက်ဆံသလို မင်းစေကိုလည်း မေတ္တာကရုဏာဖြင့် မခွဲခြားဘဲ ဆက်ဆံခဲ့၏။ တရားဝန်ကြီး ဦးချန်ထွန်းနှင့် အပြစ်ကျခဲ့သော လူဆိုးကို အညီအမျှပင် မေတ္တာထား၍ ဆုံးမသွန်သင်ခဲ့ပေသည်။" (ဦးဂိုအင်ကာ၏ မူရင်း အင်္ဂလိပ်ဘာသာဆောင်းပါးကို ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနအရာရှိ ဦးဟန်ဌေး၏ ဘာသာပြန်ဆိုမှုအပေါ် ဓမ္မာစရိယဦးဌေးလှိုင်ရေးသည့် အနာဂါမ်ဆရာသက်ကြီးစာအုပ်နှင့် ဓမ္မဒူတအတွဲ (၁) သူ့လို အရာရှိဆောင်းပါးတို့တွင် ဖော်ပြထားမှုဖြစ်ပါသည်။)

အထက်ပါစာပိုဒ်ပါ ဆရာကြီး၏ နေအိမ်ဆောက်လုပ်မှုနှင့် ပတ်သက်၍လည်း ဆရာကြီး၏ သားဖြစ်သူ ဦးသိန်းဇံက **"အပြည်ပြည်ဆိုင်ရာ ပဋိပတ္ထိလုပ်ငန်းဌာန တည်ထောင်သူ ကျွန်တော့် ဖခင်ဆရာကြီး ဦးဘခင်"** အမည်ဖြင့် ဖခင်ဖြစ်သူ အကြောင်း ပြုစုရေးသားထားသည့် အတ္ထုပ္ပတ္တိစာအုပ်၌ ဆရာကြီးသည် ၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် တာဝန်အရပ်ရပ်မှ အနားယူခဲ့ကြောင်း၊ ထိုအချိန်တွင် တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၌ အငယ်တန်းစက်မှုအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေပြီဖြစ်သည့် တစ်ဦးတည်းသောသားဖြစ်သူ ဦးသိန်းဇံအား မိခင်ကြီးနှင့် အစ်မများ၊ ညီမများ ကြည့်ရှုစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း၊ သူ၏အငြိမ်းစားဝန်ထမ်းလစာကို ဆရာကြီးကပင် ထုတ်ယူသိမ်းဆည်းထားမည်ဖြစ်ကြောင်း မှာကြားခဲ့ပုံကို ဖော်ပြထားပါသည်။

အငြိမ်းစားယူပြီးနောက် နေအိမ်တွင် နေထိုင်ခြင်းမရှိဘဲ အင်းယားမြို့လမ်းရှိ အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ၌ တရားပြ၊ တရားအားထုတ်လျက်ရှိသည့် ဖခင်ဖြစ်သူ ဆရာကြီးဦးဘခင်သည် အငြိမ်းစားဝန်ထမ်းလစာကို ထုတ်ယူနေခဲ့ခြင်းမှာ နေအိမ်ဆောက်လုပ်ရန်အတွက် ဝန်ထမ်းဘဝ စုဆောင်းငွေနှင့် မလုံလောက်သည့်အတွက် တပည့်ဖြစ်သူ ဦးဂိုအင်ကာထံမှ ချေးငွေအတွက် အရစ်ကျပေးဆပ်နေခြင်းဖြစ်သည်ကို နောက်ပိုင်းမှ သိရှိခဲ့ရပုံကို မှတ်တမ်းတင်ဖော်ပြထားပါသည်။

ကိုယ်ပိုင်အိမ်မရှိသေး

အစိုးရဌာနကြီးများတွင် ရာထူးလေးခုကို

တစ်ပြိုင်တည်း တာဝန်ယူထမ်းဆောင်ခဲ့သော်လည်း တရားမဝင်လာဘ်လာဘမှန်သမျှ ရှောင်ရှား၍ ဌာနတစ်ခုတည်း၏ လစာတစ်မျိုးကိုသာ ထုတ်ယူခဲ့သော ဆရာကြီးသည် အငြိမ်းစားယူချိန်၌ အိုစာမင်းစာငွေကျပ် နှစ်သောင်းငါးထောင်သာ လက်ထဲတွင် စုဆောင်းမိထားသည်။ ဝန်ထမ်းသက်တစ်လျှောက်လုံး အစိုးရပေးသည့်အိမ်ရာများ၌သာ နေထိုင်ခဲ့သည့်အတွက် မိသားစုနေထိုင်ရန် ကိုယ်ပိုင်အိမ်မရှိသေးပေ။

ထို့ကြောင့် ထိုစဉ်ကာလက စိုက်ပျိုးရေးခြံများသာရှိပြီး ကားလမ်းမပေါက်သေးသည့် ပါရမီရပ်ကွက်၌ မိသားစုနေထိုင်ရန် အိမ်တစ်လုံးဖြစ်လာအောင် ဆောက်ပေးရန် တိုင်ပင်ဖက်တပည့်ကြီးဖြစ်သူ ဦးဂိုအင်ကာကို စီမံစေခဲ့သည်။

တကယ်တမ်း အိမ်ဖြစ်မြောက်အောင် ဆောက်လုပ်သောအခါ ဆရာကြီး၏စုဆောင်းငွေလေးမှာ လုံလောက်မှုမရှိဘဲ အိမ်အပြီးသတ်ရန် ငွေတစ်သောင်းခန့်လိုနေခဲ့သည်။ စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် ဗန္ဓုလစောင်စက်၊ ဗန္ဓုလ ပလတ်စတစ်စက်၊ ဗန္ဓုလဖွဲနုဆီစက်၊ သီရိသစ္စာ ရောင်းဝယ်ရေးစသည့် စီးပွားရေးလုပ်ငန်းကြီးများ၏ လုပ်ငန်းပိုင်ရှင်၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့သို့ စောင်နှင့် အထည်အလိပ်များ ပေးသွင်းသည့်ကန်ထရိုက်တာ၊ ကမ္ဘာ့နိုင်ငံအများအပြားတွင် သူ၏ကုမ္ပဏီခွဲကိုယ်စားလှယ်များစွာထားရှိ၍ အထည်အလိပ် လုပ်ငန်းများ ဆက်သွယ်လုပ်ကိုင်နေသူနှင့် မြန်မာပြည် မာရဝါရီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌလည်း ဖြစ်သော ရဂျီဆတျာနာရယန်း ဂိုအင်ကာ (ခေါ်) ဦးဂိုအင်ကာအတွက် ထိုငွေကြေးမှာ သူ၏တရားနည်းပြဂုရုကြီး ဦးဘခင်အတွက် အလွယ်တကူ ချက်ချင်းပေးလှူနိုင်သောပမာဏာသာဖြစ်သည်။

ဦးဂိုအင်ကာက ဆရာကြီးအား ထိုငွေကို သူ့အနေဖြင့် ကန်တော့ငွေအဖြစ် ပေးလှူခွင့်ပြုရန် တောင်းပန်သည်ကို ဆရာကြီးဦးဘခင်က လက်မခံခဲ့ဘဲ **"တပည့်ယောဂီတစ်ယောက်က လှူဒါန်းတာကို ဆရာကြီး ကိုယ်ရေးကိုယ်တာကိစ္စအတွက် အသုံးမပြုလိုကြောင်း၊ ဓမ္မနှင့်စပ်သော အခြားသင့်တော်မည့်နေရာများသို့သာ လှူဒါန်းရန် ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

မငြင်းသာဘဲလက်ခံလိုက်

မိမိ၏ဆရာကြီး အခက်အခဲဖြစ်နေသည်ကို မည်သို့မျှ မျက်နှာမလွဲနိုင်သော တပည့်ဖြစ်သူ ဦးဂိုအင်ကာသည် ထိုငွေကို ချေးငှားခြင်းသာဖြစ်ကြောင်း တစ်ဖက်လှည့်နှင့်ပြော၍ ကူညီခွင့်တောင်းရာ ဆရာကြီးမှာ မငြင်းသာဘဲ လက်ခံလိုက်သည်။ ဦးဂိုအင်ကာ၏ စိတ်အတွင်း၌မူ ချေးငှားသည်ဟု ပြောသော်လည်း တကယ်တမ်း ပြန်ဆပ်သည့်အခါ မယူဘဲနေရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့ရာတွင် အငြိမ်းစားလစာထုတ်ရက် ရောက်တိုင်း ဆရာကြီးသည် သူ၏ပင်စင်လစာချက်လက်မှတ်ကို ဦးဂိုအင်ကာထံ လွှဲအပ်၍ လစဉ်တစ်ပြားတစ်ချပ်မကျန် အရစ်ကျပေးဆပ်သွားပုံအကြောင်းအရာအသေးစိတ်များကို ဆရာကြီး ကွယ်လွန်ပြီးနောက် ၁၂ နှစ်မြောက် အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် (၁၉-၁-၁၉၈၃) ရက်နေ့ ထုတ်ဝေသည့် ဝိပဿနာဂျာနယ်၌ တပည့်ဖြစ်သူ ဦးဂိုအင်ကာက **"မမေ့စေကောင်းသောဖြစ်ရပ်များ"** ဆောင်းပါး ရေးသားလျက် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်-

"လကုန်၍ ပင်စင်လစာထုတ်ချိန်ရောက်တိုင်း ပင်စင်လစာချက်လက်မှတ်ကို တစ်ပြားတစ်ချပ်မကျန် ဆရာကြီးက ကျွန်တော့်ကို ထိုးအပ်တော့၏။ ကျွန်တော်ရင်နာရပါပြီ။ ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော့်အတွက် မဖြစ်စလောက်ငွေပါ။ သို့သော် ဖခင်သဖွယ် လေးစားချစ်ခင်ရသော ဆရာအိုကြီးက သူ့မိသားစုအတွက် တစ်ခုတည်းသောဝင်ငွေဖြစ်သော ပင်စင်လစာကလေးကို ထိုးအပ်၍ အကြွေးဆပ်နေလေပြီ။ ကျွန်တော်အဘယ်မှာ ယူရက်မည်နည်း။ ချစ်ကြောက်ရိုသေရသော ဆရာကြီး၏စကားကိုလည်း ကျွန်တော် မပယ်ရှားဝံ့ခဲ့ပါ။ ကျွန်တော်ဘာလုပ်ရမည်နည်း။

လွန်စွာရင်းနှီးကျွမ်းဝင်

ဤသို့ဖြင့် ရင်နင့်ဖွယ်ကောင်းသော နေ့ရက်များကို ကျော်ဖြတ်လာခဲ့ရာ နောက်ဆုံးအကြွေးငါးထောင်သာ ကျန်သည့်အခြေအနေသို့ ရောက်ခဲ့၏။ ထိုအတောအတွင်း ကျွန်တော်၏ အဒေါ်လည်းတော်၍ မွေးစားမိခင်လည်းဖြစ်၊ ဆရာကြီးထံတွင် နည်းခံ၍ နှစ်ရှည်လများ တရားအားထုတ်ဖူးသူလည်းဖြစ်သော အမေကြီးကွယ်လွန်လေသည်။ ဆရာကြီးထံတွင် ခုနစ်နှစ်ကာလမျှ တရားအားထုတ်ခဲ့ရာမှ ဓမ္မရသကို ခံစားခွင့်ရခဲ့သော အမေကြီးမှာ ဆရာကြီးနှင့်လည်း လွန်စွာရင်းနှီးကျွမ်းဝင်သူဖြစ်ပါ၏။

မိခင်ကြီး သေဆုံးမူးအချိန်တွင် ကျွန်တော်က "အမေ့အတွက် ကျွန်တော်ကုသိုလ်ကောင်းမှုတွေ လုပ်မယ်။ အမေလှူချင်တန်းချင်တဲ့နေရာတွေကို သာပြောပါ" ဟု မေးမြန်း၏။

"မင်းကောင်းမယ်ထင်တဲ့နေရာတွေကိုသာ လှူပါကွယ်"ဟု မိခင်ကဆို၏။ ထို့ကြောင့် သင့်တော်မည့်ဆေးရုံများ၊ အလှူခံအဖွဲ့အစည်းများကို အမည်တပ်ကာ ကျွန်တော်ရွတ်ပြ၏။ အမေကား ခေါင်းတညိတ်ညိတ်။

ထို့နောက် "အမေလှူချင်တဲ့အခြားနေရာတွေများရှိသေးလား"ဟု အမေ့ဆန္ဒကိုထပ်မံ၍စုံစမ်းပါ၏။

"အမေ – ဆရာကြီးကို ငွေငါးထောင်လှူချင်တယ်"

အမေ့စကားကို ကြားရသောအခါ ကျွန်တော် ဝမ်းနည်းဝမ်းသာဖြစ်ရပါသည်။ ဤဆန္ဒသည် "မိခင်အတွက် ကျွန်တော်နောက်ဆုံးဖြည့်စွမ်းပေးရမည့်ကုသိုလ်ပါတကား"ဟု တွေးတောကာ ဝမ်းနည်းရသလို ဤဆန္ဒကြောင့်ပင် ဖခင်သဖွယ်ဖြစ်သော ဆရာအိုကြီးထံမှ ရင်နင့်ဖွယ်ကြွေးဆပ်ခံနေရသောဝဋ်က လွတ်ပေတော့မည်ဟု ဝမ်းသာရပြန်ပါ၏။ သေရာညောင်စောင်းတွင် လဲလျောင်းနေစဉ်က အမေ၏ဆန္ဒများကို ဆရာကြီးကြားရသော အခါ ဝမ်းမြောက်စွာ သာခုခေါ်လေ၏။ ကမ္ဘာ့ဌာန်းဌာနတစ်ခုလုံးကို လှည့်ပတ်ကာ တွေ့သမျှလူအားလုံးတို့အားလည်း အောက်ပါအတိုင်း ပြောလေတော့၏ –

"ကြည့်စမ်းကွာ။ သေပုံနေရာကျလိုက်တာ၊ သေခါနီးအထိ သတိမလွတ်ဘူး။ ဓမ္မကိုလည်း နှလုံးသွင်းရင်း သေသတဲ့။ ဓမ္မအတွက် ငွေတွေလှူသတဲ့။ ငါ့ကိုခေါင်းတပ်ပြီးလှူတာပါ။ ဒါပေမဲ့ ဓမ္မကို ဦးတိုက်ပြီးလှူတာမို့ ငါ့ကိုယ်ရေးကိုယ်တာ မသုံးပါဘူး။ အလှူရှင်ပိုပြီးလည်း အကျိုးများအောင် ဓမ္မနဲ့စပ်တဲ့နေရာတွေကို လှူရမယ်ဟေ့"

ပြောရင်းဆိုရင်းမှာပင် ဟိုဟိုသည်သည်ရှိ ဓမ္မနှင့်ပတ်သက်သောကိစ္စများအတွက် ၎င်းငွေများအားလုံးကို ခွဲဝေလှူဒါန်းတော့သည်။ ကျွန်တော် မျှော်မှန်းတွေးဆချက်တို့ ပျက်စီးရလေပြီ။ ဘာစကားတစ်ခွန်းမျှ ထပ်၍မဆိုနိုင်၊ ငိုင်၍သာ ကြည့်နေမိပါသည်။ ဤသို့ဖြင့် လကုန်ရက်ရောက်တိုင်း ဆရာကြီး၏ပင်စင်ချက်လက်မှတ်ကို ကျွန်တော်လက်ခံရသည်မှာ နောက်ဆုံးငွေပြေသည်အထိပင်"

သူကား ဦးဘခင်ဖြစ်သည်။ အခွင့်အာဏာများ လက်ကိုင်ရခဲ့သော်လည်း၊ အဂတိလိုက်စားကာ မတရားချမ်းသာနိုင်သော်လည်း သေသည်အထိ သီလမပျက်၊ ဓမ္မကိုဖက်ကာ အနစ်နာခံခဲ့သည့် ဗဇ္ဈသတ္တိထူးခြားသော ဆရာကြီးဦးဘခင်ဖြစ်ပါ၏။

[ဓမ္မဒူတအတွဲ (၁) – သီလကထာ (သူ့လိုအရာရှိ – ဘာသာပြန်ဆောင်းပါး) ဓမ္မာစရိယဦးဌေးလှိုင်]

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးကား တရားဥပဒေနှင့်မညီလျှင်၊ အကုသိုလ်ဖြစ်လျှင် မျက်နှာမရွေး တိကျပြတ်သားစွာ ငြင်းပယ်တွန်းလှန်နိုင်ခဲ့ပေသည်။ လောကီကိစ္စအဝဝကို ဆောင်ရွက်ပေးရာ၌ ဆန္ဒာဂတိ၊ ဘယာဂတိ စသည်တို့ကို ရှောင်ကြဉ်နိုင်ခဲ့ပေသည်။ အယူအဆဝါဒီဆရာတို့၏ ငြင်းခုံချက်၊ တင်ပြချက်များကြောင့်လည်း တွေဝေယိမ်းယိုင်မှုမရှိခဲ့။ ကျော်ကြားမှု သို့မဟုတ် နာမည်ပျက်မှုကိုငဲ့၍ ဓမ္မကို စင်စင်ကြယ်ကြယ်ကျင့်သုံးရန် မပယ်ဖျက်ခဲ့။ စင်ကြယ်စွာပင်ကျင့်သုံးခဲ့

အင်ဒိုနီးရှားနိုင်ငံ အကျဉ်းထောင်တစ်ခု၌ မီးလောင်မှုကြောင့် အကျဉ်းသား ၄၁ ဦးသေဆုံး

ဂျကာတာ စက်တင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာအနီး တန်ဂျီရန်မြို့ရှိ အကျဉ်းထောင်တစ်ခုအတွင်း ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ရာ အကျဉ်းသား ၄၁ ဦး သေဆုံးပြီး ၈၀ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါထိခိုက်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ရကြောင်းနှင့် ယင်းတို့အနက် ရှစ်ဦးသည် စိုးရိမ်ရသည့်အခြေအနေတွင် ရှိကြောင်း ဂျကာတာမြို့တော် ရဲချုပ် ဖာဒီအီရန်က ပြောသည်။

သေဆုံးသူ ၄၁ ဦးအနက် ပေါ်တူဂီနှင့် တောင်အာဖရိကနိုင်ငံခြားသား အကျဉ်းသားနှစ်ဦး ပါဝင်သည်။

စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ တွင် မီးစတင်လောင်ခဲ့ပြီး နံနက် ၃ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ဝါယာရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူများက ဆိုသည်။

အဆိုပါအကျဉ်းထောင်အား ၁၉၇၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး လျှပ်စစ်မီးသွယ်တန်း ထားရှိမှုကို အကျဉ်းထောင်တည်ဆောက်ပြီးသည့် အချိန်မှစပြီး တစ်ကြိမ်တစ်ခါမျှ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီး ယာဆိုနာလာ အိုလီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ထို့ပြင် အကျဉ်းသား ၄၀ သာ ဝင်ဆံ့သည့် အဆိုပါအဆောက်အအုံ၌ အကျဉ်းသား ၁၂၂ ဦး ထားရှိခြင်းကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် အကျဉ်းသား ၄၁ ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန၏ အကျဉ်းဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ရီကာ အာပရီရန်တီက ဆိုသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် အဆိုပါ အဆောက်အအုံ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်သက်ဆိုင်သည့် ပြစ်မှုကျူးလွန်သူများအား ထားရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်ဒုက္ခသည် ၉၅၀၀၀ ခန့် လက်ခံမည်

ဝါရှင်တန် စက်တင်ဘာ ၈

အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်ဒုက္ခသည် ၉၅၀၀၀ ခန့် လက်ခံသွားရန်နှင့် ၎င်းတို့၏ နေထိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံ သုံးစွဲရန် စီစဉ်လျက်ရှိကြောင်း အမေရိကန်အစိုးရက ယမန်နေ့တွင် ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံအား တာလီဘန်တို့ သိမ်းပိုက်ခဲ့ပြီးနောက် အာဖဂန်ပြည်သူ ၁၂၀၀၀၀ ကျော်သည် ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ယင်းတို့အနက် ပြည်သူ ၂၄၀၀၀ ခန့်သည် အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ပြည်သူအများစုမှာ အမေရိကန်စစ်အခြေစိုက်စခန်းများ၌ နေထိုင်လျက်ရှိပြီး ပြည်ဝင်ခွင့်ကို စောင့်ဆိုင်းလျက်ရှိသည်။

ယခုလကုန်ပိုင်းတွင် အာဖဂန်ပြည်သူ ၆၅၀၀၀ အတွက် နေထိုင်စရာနေရာများ စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် လာမည့်နှစ်အတွင်း ပြည်သူ ၃၀၀၀၀ အတွက် စီစဉ်ပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်ပြည်သူများအား ထောက်ပံ့ပေးရန် ကျခံသုံးစွဲငွေအတွက် ကွန်ဂရက်၏ အတည်ပြုချက်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူများက ဆိုသည်။ အဆိုပါကျခံသုံးစွဲငွေကို အာဖဂန်ပြည်သူများ၏ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့အပါအဝင် ဘဝအသစ်ထူထောင်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၈၅၄ ဦးရှိ

တီဟီရန် စက်တင်ဘာ ၈

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၈၅၄ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၂၁၀၉၇၈ ဦး ရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၃၈ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၁၁၄၄၃၀ ရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၄၄၅၃၆၅ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူပေါင်း ၇၅၃၄ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၂၀၅၅၈၀၃၈ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၁၀၈၉၂၆၅၆ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံသည် မကြာသေးသည့်ကာလအတွင်းက ဒယ်လ်တာဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများဖြစ်ပွား

ဂျကာတာ စက်တင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ခရိုင်အတွင်းရှိ ခရိုင်ခွဲ ၁၃ ခုခွဲ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားရာ နေအိမ် ၁၅၄၃၉ အိမ်ခန့် ရေနစ်မြုပ်သွားသည့်အတွက် ပြည်သူ ၂၅၄၄၃ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ယနေ့ ပြောသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကာတင်ဂန်နှင့် ဆမ်ဘာမြစ်များ၌ မြစ်ရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ အဗ်ဒူမူဟာရီက ဆိုသည်။

အဆိုပါရေကြီးရေလျှံမှုများကြောင့် စာသင်ကျောင်း ၇၈ ကျောင်း၊ ဆေးခန်း ၃၆ ခု၊ အစိုးရရုံးအဆောက်အအုံ ၄၀ နှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံ ၆၇ ခုတို့ ရေနစ်မြုပ်သွားခဲ့ရသည်။

ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။ သို့သော် ရေကြီးရေလျှံမှုများကြောင့် ပို့ဆောင်ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုမရှိသည့်အတွက် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇ ဒသမ ၉၄ သန်းကျော်ရှိလာ

အဒစ်အဘာဘာ စက်တင်ဘာ ၈

အာဖရိကသို့ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၉၄၆၆၆၅၂ ဦးရှိလာကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၀၀၇၄၁ ဦးရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၇၁၇၇၈၉၂ ဦးရှိကြောင်း သိရသည်။

ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၇၃၃ ဦးရှိ

ကွာလာလမ်ပူ စက်တင်ဘာ ၈

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၇၃၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၀၀၄၆၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၉၇၃၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် သုံးဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများမှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဒုလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆၁ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၉၁၆၃ ဦးရှိလာကြောင်း သိရသည်။ ယနေ့တွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာသဖြင့် ဆေးရုံများမှဆင်းခွင့်ရသူ ၂၂၇၀၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၆၃၂၆၃၁ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၄၈၆၇၃ ဦးရှိကြောင်း၊ ယင်းတို့အနက် ၉၀၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၃၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ စက်တင်ဘာ ၇ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၂၆၄၇၆ လုံး အသုံးပြုခဲ့သည်။ လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၃ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၂၄ ဦးရှိ

မော်စကို စက်တင်ဘာ ၈

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၀၆၅၈၀၄ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၁၈၉၅၈၂ ဦး ရှိလာကြောင်း သိရသည်။

အလားတူ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသူအများဆုံး အသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၂၆၂ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၆၃၂၀၅၁၂ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၄ ဦး ရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၅၇၉၇၄ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဒေသတွင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိတွင် ရုရှားနိုင်ငံသား ၃၈ ဒသမ ၉ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၈၀ ကို ထပ်မံတွေ့ရှိ

ဟန္နိုင်း စက်တင်ဘာ ၈

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၆၈၀ ကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၆၃၆၇၆ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၁၃၅ ဦးရှိကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းတွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို တွေ့ရှိခဲ့သည့် ဟိုချီမင်းစီးတီး၌ ၇၃၀၈ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၃၁၇၂ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၈၁၄ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာသူ ၃၂၅၆၄၇ ဦးရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေး ၃ သမ ၅ သန်းကျော်ကို ထိုးနှံခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ လက်ရှိအချိန်အထိ ပြည်တွင်းကူးစက်ခံရသူပေါင်း ၅၅၉၃၄၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ

တိုင်းရင်းဆေးဖြင့် ကိုဗစ်-၁၉ ရောဂါအား ကုသရန် လာအိုနိုင်ငံ ကြိုးပမ်း

ဗီယင်ကျန်း စက်တင်ဘာ ၈

လာအိုနိုင်ငံမှ ဆေးဝါးထုတ်လုပ်သူများသည် ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်ထားသော ဆေးလုံးပုံစံ တိုင်းရင်းဆေးဝါးဖြင့် ကိုဗစ်-၁၉ ရောဂါကို ကုသမှုပေးနိုင်ရန် စတင်ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိအချိန်၌ လာအိုတိုင်းရင်းဆေးပညာအင်စတီကျူအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား ကုသမှုပေးနေသည့် အဆိုပါဆေးဝါးအား လက်တွေ့လေ့လာသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ရက်တန်ဆေဖက်ဆူဗန်က မြို့တော်ဗီယင်ကျန်းတွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ နိုင်ငံအတွင်းရှိ ချန်ပါဆက်ပြည်နယ်နှင့် ဆာဗာနာခတ်ပြည်နယ်တို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအား အဆိုပါ တိုင်းရင်းဆေးဝါးဖြင့် ကုသမှုပေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

တိုင်းရင်းဆေးဝါးများသည် ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ကုသရာ၌ အစွမ်းထက်ထိရောက်မှုရှိကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၅၇၆ ဦးရှိကြောင်းနှင့် အဆိုပါရောဂါမှ ပြန်လည်သက်သာလာသူ ၅၅၆၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၇၅၁ ဦး ထပ်မံတွေ့ရှိ

မနီလာ စက်တင်ဘာ ၈

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၇၅၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၃၄၀၀၅ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၇၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၆၇၂ ဦးရှိလာသည်။ စက်တင်ဘာ ၆ ရက်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၂၂၄၁၅ ဦးတွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း ရောဂါစတင်ကူးစက်သည့်အချိန်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အမြင့်မားဆုံးဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၈ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။ လက်ရှိအချိန်အထိ ပြည်သူ ၂၀ ဒသမ ၉ သန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၁၅ ဒသမ ၂၁ သန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ လုပ်ငန်းစဉ်ကို ယခုနှစ် မတ်လတွင်စတင်ပြီး ယခုနှစ်မကုန်မီ ပြည်သူ ၅၈ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အစိုးရက ရည်ရွယ်ထားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၂၉၁၈၁၀၀ ဦး

သေဆုံးသူ ၄၆၀၃၁၆၈ ဦး

ပြန်လည်ကျန်းမာလာသူ ၁၉၉၄၅၁၁၀၂ ဦး

အင်းစိန်မြို့ပတ်ရထားပေါ်၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများ၏ ဝန်ခံထွက်ဆိုချက်များ

ရန်ကုန်မြို့ပတ်ရထား လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်မှုဖြစ်စဉ်မှ တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား

ဖြိုးဇေယျာသော်
(ထောက်ပံ့သူ)

နေလင်းထိုက်(ခ)လင်းလင်း
(အဖွဲ့ခေါင်းဆောင်၊
ပစ်ခတ်သူ)

မြေပုံရေးဆွဲ၊ နည်းပညာအဖွဲ့

ဇေယျာဖြိုး

ဒေါ်မြင့်(ခ)ဝိစိ
(ဒု-ခေါင်းဆောင်၊ ဌေကြေးစီမံသူ)

စောင့်ကြည့်ရေးအဖွဲ့

ကျော်ဝင်းစိုး

ဆန်းမင်းအောင်
(ခ)နေမင်း

ကိုရွှိုင်း

မီးရထားစက်ခေါင်းမောင်းထိန်းချုပ်ရေးအဖွဲ့

နန္ဒ(ခ)ဂျာကြီး

ကိုမင်း

နှုတ်ခမ်းမွေး

ပစ်ခတ်သတ်ဖြတ်ရေးအဖွဲ့

ကောင်းပြည့်စုံဦး

ကျော်လေး

အောင်ကြီး

ကိုဇော်(ခ)ဇော်ဂျီ

ရှမ်းလေး(ခ)ကိုမင်း

ယာဉ်မောင်းပို့ဆောင်ရေးအဖွဲ့

ကျော်ကျော်မင်း

နငယ်

ပိုးဥ

နောက်ကွယ်မှကူညီထောက်ပံ့သူများ

မြတ်ဖြိုးပွင့်

ပုချေ

နေပြည်တော် စက်တင်ဘာ ၈

ဩဂုတ် ၁၄ ရက်နေ့တွင် အင်းစိန်-ရန်ကုန်-အင်းစိန်-လှော်ကား-အင်းစိန်မြို့ပတ်ရထားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင် ခြောက်ဦးအား အလုံဘူတာနှင့် ပန်းလှိုင်ဘူတာအကြားတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်၍ လက်နက်လေးလက်နှင့် ခဲယမ်းအချို့ကို ယူဆောင်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်တွင်ပါဝင်ခဲ့သူ ငါးဦးအား ဖမ်းဆီးရမိခဲ့သည့် သတင်းအား ထုတ်ပြန်ပြီးဖြစ်ပါသည်။

အစီအစဉ်များရေးဆွဲ

ၿငိးဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းအကြမ်းဖက်အဖွဲ့မှ နေလင်းထိုက်နှင့် ကျော်ဝင်းစိုးတို့သည် ဩဂုတ် ၈ ရက်နှင့် ၁၀ ရက်နေ့များတွင် မလွကုန်းဘူတာမှ မြို့ပတ်ရထားအား စီးနင်းလိုက်ပါ၍ ကြိုတင်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဩဂုတ် ၁၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပ(၁) လမ်း၊ အိမ်အမှတ်(၁၅၀)၌ နေလင်းထိုက်က ဦးဆောင်၍ ရထားလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်လုပ်ကြံရန် အစီအစဉ်များရေးဆွဲခဲ့ပြီး အဖွဲ့ခေါင်းဆောင်အဖြစ် ဇော်ဂျီကလည်းကောင်း၊ မြေပုံရေးဆွဲနည်းပညာအဖွဲ့တွင် ဇေယျာဖြိုးနှင့်ဒေါ်မြင့်(ခ)ဝိစိတို့ကလည်းကောင်း၊ စောင့်ကြည့်ရေးအဖွဲ့တွင် ဆန်းမင်းအောင်၊ ကျော်ဝင်းစိုး၊ ကိုရွှိုင်းတို့ သုံးဦးကလည်းကောင်း၊ မီးရထားစက်ခေါင်းမောင်း ထိန်းချုပ်ရေးအဖွဲ့တွင် နန္ဒ(ခ)ဂျာကြီး၊ ကိုမင်း၊ နှုတ်ခမ်းမွေးတို့ကလည်းကောင်း၊ ပစ်ခတ်သတ်ဖြတ်ရေးအဖွဲ့တွင် နေလင်းထိုက်၊ ကိုဇော်၊ ရှမ်းလေး၊ အောင်ကြီး၊ ကျော်လေး၊ ကောင်းပြည့်စုံဦးတို့ကလည်းကောင်း၊ ယာဉ်မောင်းနှင် ပို့ဆောင်သူများအဖွဲ့တွင် ကျော်ကျော်မင်း(ခ)ကျားလေး၊ နငယ်၊ ပိုးဥတို့ကလည်းကောင်း အသီးသီးဆောင်ရွက်ရန် တာဝန်ခွဲဝေခဲ့ပြီး မြတ်ဖြိုးပွင့်နှင့် ပုချေတို့က နောက်ကွယ်မှကူညီထောက်ပံ့ရန် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက်တွင် စောင့်ကြည့်ရေးအဖွဲ့များက ရန်ကုန်မြို့ပတ်ရထားအား မလွကုန်းဘူတာမှစတင်၍ ကိုရွှိုင်းသည် အတွဲအမှတ်(၄)၌ လည်းကောင်း၊ ကျော်ဝင်းစိုးသည် အတွဲအမှတ်(၂)မှ လည်းကောင်း၊ ဆန်းမင်းအောင်သည် အတွဲအမှတ်(၃)မှလည်းကောင်း လိုက်ပါစီးနင်း၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် အတွဲအမှတ်(၄)၏ အခြေအနေအား ကြိုတင်လေ့လာခဲ့ကြောင်း၊ ထို့နောက် ဘုရားလမ်းဘူတာတွင် ၎င်းအဖွဲ့ဝင်များဆင်း၍ ပစ်ခတ်သတ်ဖြတ်မည့် အဖွဲ့ဝင်များဖြစ်သော ကောင်းပြည့်စုံဦး၊ ကျော်လေး၊ ဇော်ဂျီနှင့် အောင်ကြီးတို့က မြို့ပတ်ရထားပေါ်သို့ တက်ရောက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါလာသော အတွဲအမှတ်(၄)တွင် ဖြန့်ခွဲနေရာယူခဲ့ကြောင်း၊ ပြည်လမ်းဘူတာတွင် နေလင်းထိုက်နှင့် ရှမ်းလေးတို့ ထပ်မံတက်ရောက်၍ စောင့်ဆိုင်းခဲ့ကြောင်း၊ ရှမ်းလမ်းဘူတာတွင် ရထားမောင်းနှင်သူအား ထိန်းချုပ်မည့် အဖွဲ့မှ နန္ဒ၊ ကိုမင်း၊ နှုတ်ခမ်းမွေးတို့ သုံးဦး တက်ရောက်ခဲ့ပြီး ရထားစက်ခေါင်းမောင်းအား သေနတ်ဖြင့်ခြိမ်းခြောက်၍ ထိန်းချုပ်ခဲ့ကြောင်း၊ အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားတွင် ပစ်ခတ်သတ်ဖြတ်ရေးအဖွဲ့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်၍ ၎င်းတို့ထံမှ သေနတ်လေးလက်ကို ယူဆောင်ခဲ့ကြောင်း၊ ထို့နောက် ပန်းလှိုင်ဘူတာနှင့် အလုံဘူတာကြား၊ ရှင်စောပုလမ်းနှင့် ရထားလမ်းဆုံနေရာတွင် ရထားအရှိန်လျော့ချမောင်းနှင်ချိန်တွင် ဆင်း၍ ကောင်းပြည့်စုံဦး၊ နေလင်းထိုက်နှင့် ရှမ်းလေးတို့သည် ရှင်စောပုလမ်း၌ အသင့်စောင့်ဆိုင်းနေသည့် ပို့ဥမောင်းနှင်သော ဟွန်ဒါစီဗစ်ယာဉ်ဖြင့်လည်းကောင်း၊ နန္ဒ၊ ကိုမင်း၊ နှုတ်ခမ်းမွေး၊ ဇော်ဂျီ၊ အောင်ကြီးနှင့် ကျော်လေးတို့ ခြောက်ဦးသည် ဦးလူနီလမ်း၌ စောင့်ဆိုင်းနေသော ကျော်ကျော်မင်း မောင်းနှင်သည့် Filder ယာဉ်၊ ဝင်းထွဋ် မောင်းနှင်သော AD Van ယာဉ်များဖြင့်လည်းကောင်း အသီးသီးထွက်ခွာခဲ့ကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်လျက်ရှိ

ဖြစ်စဉ်တွင် ရရှိခဲ့သည့် သေနတ်လေးလက်အား နေလင်းထိုက်က တိုက်ခွာတ်ဆေးကြောနိုင်ရန်အတွက် မောင်ကျော်(ခ)ဖြိုးဇေယျာသော် (NLD ပါတီ၊ ၂၀၁၅ ခုနှစ်၊ ဧမ္မူသီရိလွှတ်တော်ကိုယ်စားလှယ်ဟောင်း) ထံတွင် အပ်နှံခဲ့ကြောင်း၊ စက်တင်ဘာ ၁ ရက်တွင် ဂစ်တာအိတ် နှစ်လုံးအတွင်းထည့်ထားသည့် လက်နက်/ ခဲယမ်းများအား ဖြိုးဇေယျာသော်မှ စေလွှတ်လိုက်သော မွတ်စလင်လူမျိုး (အမည်မသိ)ထံမှ တာမွေမြို့နယ် နန္ဒဂုဏ်ရည်လမ်း၌ ဆန်းမင်းအောင်နှင့် နငယ်တို့က ကမ်မရီယာဉ်ဖြင့် သွားရောက်ယူဆောင်ခဲ့ကြောင်း၊ ထို့နောက် သုဝဏ္ဏမြို့နယ် ကမာကြည်လမ်းမတစ်နေရာတွင် ဇေယျာဖြိုး၊ မြတ်ဖြိုးပွင့်တို့နှင့် ချိန်းဆိုတွေ့ဆုံခဲ့ပြီး မြတ်ဖြိုးပွင့် မောင်းနှင်လာသော ဟွန်ဒါစီဗစ်ကားအား နငယ်နှင့်အတူ ထားခဲ့ကြောင်း၊ ထို့နောက် ကမ်မရီကားဖြင့် လက်နက်/ခဲယမ်းများထည့်ထားသည့် ဂစ်တာအိတ် နှစ်လုံးအား ရန်ကုန်သစ်ရပ်ကွက်ရှိ မြတ်ဖြိုးပွင့် နေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်း၊ လက်နက်/ခဲယမ်းများ ယူဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် အောင်ပွဲခံသည့်အနေဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ Golden Park တွင် ညစာစားပွဲအားပြုလုပ်ခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော ကျော်ကျော်မင်း၊ နေလင်းထိုက်၊ ပုချေတို့မှာ KNLA တပ်မဟာ (၃)နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိထားသည့် တရားခံများအနက် ကောင်းပြည့်စုံဦးနှင့် ဇေယျာဖြိုးတို့၏ ဝန်ခံထွက်ဆိုချက်များအား ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

ကျွန်တော့်နာမည်က ကောင်းပြည့်စုံဦး(ခေါ်) စိန်စိန်(ခေါ်) ခေါင်းဖြူဖြစ်ပါတယ်။ မှတ်ပုံတင် နံပါတ်ကတော့ ၁၂/မရက(နိုင်)၁၅၄၅၆၃ ဖြစ်ပါတယ်။ နေရပ်လိပ်စာကတော့ ၈၇(က) သူရဿတီလမ်း ၈ ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းက ဖြစ်ပါတယ်။ ကျွန်တော်က ၂၀၁၆ ခုနှစ်မှာ NLD အစိုးရလက်ထက် ရန်ကုန်တိုင်းဒေသကြီး၏ လဝက ဝန်ကြီးဟောင်းဖြစ်တဲ့ ဒေါ်မိုးမိုးစုကြည်ရဲ့ ခင်ပွန်း ချိတ်ဆက်ပေးမှုနဲ့အတူ Royal Apple နဲ့ New Asia World တို့ကနေ တရားဝင် နိုင်ငံကူးလက်မှတ်နဲ့ မလေးရှားနိုင်ငံ မေရီသို့သွားပြီး မူလီရာအဘာရီကွန်တိန်နာ သဘော်ဘမှာ ခုနစ်လကျော် ရှစ်လခန့် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော် ရန်ကုန်ရောက်ပြီး Quarantine ထွက်တော့ ရန်ကုန်မှာရှိတဲ့ ဆန္ဒပြပွဲတွေမှာ ကျွန်တော်ပါဝင်ခဲ့ပါတယ်။ ကျွန်တော် ဆန္ဒပြဖူးတဲ့နေရာတွေကတော့ ကျောက်မြောင်း ကျားကွက်သစ်ရယ်၊ ပဒုံမာလမ်းရယ်၊ စမ်းချောင်းကျွန်းတောလမ်းတို့ရယ် ဖြစ်ပါတယ်။ အဲဒီမှာ ဆန္ဒပြနေရင်းနဲ့ ကျွန်တော်နဲ့ အရင်ကတည်းက လူမှုကွန်ရက်ကနေ သိကျွမ်းခဲ့တဲ့ မမြတ်ဖြိုးပွင့်(ခေါ်) ဂျိုကာနဲ့ချိတ်ဆက်မိပြီး ကျွန်တော်တို့ ဆန္ဒပြပွဲတွေမှာ အတူတူရှိခဲ့ပါတယ်။

အဲဒီနေရာတွေမှတစ်ဆင့် မမြတ်ဖြိုးပွင့်(ခေါ်) ဂျိုကာရဲ့ အချိတ်အဆက်နဲ့ ကိုနေလင်းထိုက်ကို စတင်သိကျွမ်းခဲ့ပါတယ်။ ကိုနေလင်းထိုက်နဲ့ Signal Application ကနေပြီး စကားပြောရင်း ကျွန်တော်တို့ စစ်သင်တန်းသွားရောက်ဖို့ကို တိုင်ပင်ခဲ့ပါတယ်။ ကျွန်တော်တို့ Signal ကနေပြောပြီး ၂၁ ရက်နေ့ ည ၇ နာရီလောက်မှာ Golden Park မှာ ချိန်းပါတယ်။ စစ်သင်တန်းသွားတက်မည့် အစည်းအဝေးလုပ်ပါတယ်။ ၂၂ ရက်နေ့ မနက် ၅ နာရီမှာ ပဲခူးကို စထွက်ပါတယ်။ ညနေ ၅ နာရီ ဝန်းကျင်လောက် ရောက်ပါတယ်။ KNU ၏ ဗိုလ်ကြီးအဆင့်ရှိတဲ့ ဂျိုးကလာကြိုပါတယ်။ နောက်နေ့မနက်မှာ KNU တပ်မဟာ ၃ တပ်ရင်း ၉ ရဲ့သင်ကြားရေးတွေထဲက စခန်းတစ်ခုပေါ်မှာ ကျွန်တော်တို့ကို သေနတ်အဖြုတ်အတပ် စသင်ပါတယ်။ ဗိုလ်ကြီးအဆင့်ရှိတဲ့ ဂျိုးရယ်၊ ဗိုလ်ကြီးအဆင့်ရှိတဲ့ ဆေးရယ်၊ ဗာရီးတို့ရယ်က ကျွန်တော်တို့ကို M 16 သေနတ်ကို အဖြုတ်အတပ်လုပ်နည်းကိုင်နည်း သင်ပေးပါတယ်။ ကျွန်တော်တို့ သင်တန်းတက်ပြီးပြန်မယ်ဆိုတဲ့အချိန်မှာ တပ်မဟာ ၃ ရဲ့ အနားလောက်မှာ တိုက်ပွဲဖြစ်နေတဲ့အတွက် ကျွန်တော်တို့ကို မပြန်ခိုင်းပါဘူး။ ကျွန်တော်တို့ အဲဒီမှာ တစ်လခွဲလောက်ကြာပြီးတော့မှ ငါးလပိုင်း လဆန်းပိုင်းလေး၊ ငါးရက်လောက်မှ ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်ပါတယ်။

စာမျက်နှာ ၁၅ သို့ ❍

❍ စာမျက်နှာ ၁၄ မှ

ကျွန်တော်တို့ တစ်လခွဲလောက် ကြာသွားတယ်။ ပြန်လာတယ်၊ ပြီးတော့ ကျွန်တော်ရယ်၊ ကိုရှမ်းကိုရယ်၊ ကိုဇော်ဂျီရယ် သုံးယောက်ကို ကိုနေလင်းထိုက်က နေစရာ အိမ်စီစဉ်ပေးတယ်။ အဲ့ဒီအိမ်က မြောက်ဒဂုံ ၃၁ ရပ်ကွက်၊ ဇေယျာဒီပ (၁)လမ်း အိမ်နံပါတ် ၁၅၀ နှစ်ထပ်ပျဉ်ထောင် အိမ်လေးမှာ ကျွန်တော်တို့ နေပါတယ်။ အဲဒီအိမ်မှာ ကျွန်တော်တို့ တစ်လခွဲ နှစ်လလောက်နေပြီးတော့ ကျွန်တော်ကတော့ တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် မာလာနွယ်လမ်းနဲ့ ဒဂုံနွယ်လမ်းထောင့် တိုက် ၇၊ အခန်း ၃၀၂ မှာ ကျွန်တော်နေခဲ့ပါတယ်။ အဲ့ဒီတိုက်ခန်းမှာပဲ ကျွန်တော် ၉ လပိုင်း၁ ရက်နေ့မှာ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံရပါတယ်။ ကျွန်တော် သိသလောက် ကိုနေလင်းထိုက်ကတော့ NGO လား နိုင်ငံခြားကုမ္ပဏီ တစ်ခုခုမှာလား မသိဘူး၊ အလုပ်လုပ်ပါတယ်။ ကိုနေလင်းထိုက်က ကျွန်တော်တို့ မီးရထားလုံခြုံရေးရဲတွေကို လုပ်ကြံဖို့ဆိုပြီးတော့ သုံးယောက်တစ်ဖွဲ့၊ လေးယောက်တစ်ဖွဲ့လောက်စီ ရထားပေါ်လိုက်စီးပါတယ်။ လိုက်စီးရင်းနဲ့မှ လုံခြုံရေးရဲတွေရဲ့အခြေအနေကို လေ့လာပါတယ်။ လေ့လာပြီးတော့ ကျွန်တော်တို့ သတင်းပြန်ပို့ရပါတယ်။ သတင်းပြန်ပို့ပြီးတဲ့နောက် ၈ လပိုင်း ၂၀ ရက်နေ့လောက်မှာ ကျွန်တော်တို့ မြောက်ဒဂုံအိမ်မှာ လုပ်ကြံမည့်ကိစ္စနှင့်ပတ်သက်ပြီးတော့ အစည်းအဝေးတစ်ခုလုပ်တယ်။

အဲ့ဒီအစည်းအဝေးပွဲမှာတော့ ကျွန်တော်ရယ်၊ ကိုနေလင်းထိုက်ရယ်၊ ကိုရှမ်းကိုရယ်၊ အောင်ကြီးရယ်၊ ကျော်လေးရယ်၊ အောင်ရဲ(ခေါ်)ပိုးဥရယ်၊ ဇေယျာဖြိုးရယ်၊ မပိစိ(ခေါ်)အသေးလေးရယ်၊ ဆန်းမင်းအောင် (ခေါ်)နေမင်းရယ်၊ ဂျာကြီး(ခေါ်)နန္ဒရယ်၊ ကျော်ကြီး(ခေါ်) ကျော်ဝင်းစိုးရယ်၊ ကိုရွှိင်းရယ်၊ ကိုဝန(ခေါ်) ကိုနငယ်တို့ပါတယ်။ ဒါကတော့ ကျွန်တော်မှတ်မိသလောက် ဖြစ်ပါတယ်။ လူအရေအတွက်ကတော့ အဲ့ဒီအစည်းအဝေးပွဲမှာ ၁၅ ယောက်ကနေ ၂၀ ဝန်းကျင်လောက်ရှိတယ်။ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကျွန်တော်တို့က ဒီ ၈လပိုင်း ၁၄ ရက်နေ့မှာ ရထားလုံခြုံရေး ရဲဝန်ထမ်းတွေကို လုပ်ကြံဖို့ စီစဉ်ပါတယ်။ အဲ့ဒီ ၁၄ ရက်နေ့မှာပဲ ဆန်းမင်းအောင်(ခေါ်) နေမင်း၊ ကိုကျော်ကြီး၊ ကိုရွှိင်းတို့က မလွှကုန်းဘူတာကနေ ရထားလုံခြုံရေးရဲဝန်ထမ်းတွေရဲ့ အခြေအနေတွေကို စောင့်ကြည့်ဖို့အတွက် ရထားလိုက်စီးပါတယ်။ လိုက်စီးတဲ့အချိန်မှာပဲ သူတို့ရဲ့အခြေအနေတွေ ဘာတွေကို ကျွန်တော်တို့ကို ဖုန်းကနေတစ်ဆင့် မက်ဆေ့ဂျ် ပို့ပါတယ်။

အဲဒီနောက်မှာတော့ ကျွန်တော်ရယ်၊ ကိုကျော်လေးရယ်၊ အောင်ကြီးရယ်၊ ကိုဇော်ကြီးရယ်က ဘုရားလမ်းဘူတာကနေ တက်ပါတယ်။ ဘုရားလမ်းဘူတာမှာပဲ ပထမက လေ့လာစောင့်ကြည့်တဲ့ ကိုရွှိင်းတို့အဖွဲ့က ဆင်းသွားခဲ့ပါတယ်။ ကျွန်တော်တို့ ဘုရားလမ်းက တက်တဲ့ လေးယောက်ကတော့ ရထားနောက်ဆုံးအတွဲမှာ အဆင်သင့် နေရာထိုင်ပြီးစောင့်နေပါတယ်။ အဲဒီကနေ ရထားထွက်ပြီးတော့ ပြည်လမ်းဘူတာမှာ ကိုနေလင်းထိုက်နဲ့ ကိုရှမ်းလေး(ခေါ်) ကိုရှမ်းကိုက တက်လာပါတယ်။ သူတို့နှစ်ယောက်ကလည်း နောက်ဆုံးအတွဲမှာပဲ လာထိုင်ပါတယ်။ အဲဒီကနေပြီးတော့မှ ရှမ်းလမ်းဘူတာရောက်တော့ ဂျာကြီး(ခေါ်)နန္ဒရယ်၊ ကိုမင်းရယ်၊ ကိုနှုတ်ခမ်းမွေးရယ် သုံးယောက်စလုံးက ရထားမောင်းတဲ့သူကို ထိန်းဖို့အတွက် ရထားစက်ခေါင်းပေါ်မှာ နေရာယူပါတယ်။ ဂျာကြီး(ခေါ်)နန္ဒတို့အဖွဲ့ သုံးယောက်က ရှမ်းလမ်းဘူတာကနေ မီးရထားစက်ခေါင်းတွဲကို တက်တယ်။ အဲဒီအချိန်မှာပဲ သူတို့က မီးရထားစက်ခေါင်းမောင်းကို ထိန်းချုပ်ဖို့ အဆင်သင့်ဖြစ်နေသလို ကျွန်တော်တို့နောက်ဆုံးတွဲလေးတွဲမြောက်က လုပ်ကြံမယ့် ခြောက်ယောက်လုံးကလည်း အဆင်သင့် ဖြစ်နေပါပြီ။

အလုံလမ်းဘူတာကို ရောက်တဲ့အခါ ခဏလောက်ရပ်ပြီး မီးရထားဘီးစလိမ့်မှတ်တာနဲ့ ကျွန်တော်တို့ တိုင်ပင်ထားတဲ့အတိုင်း နှစ်ထောင့်တစ်၊ နှစ်ထောင့်နှစ်၊ နှစ်ထောင့်သုံး၊ နှစ်ထောင့်လေးဆိုပြီးတော့ ကျွန်တော်တို့က နှစ်ထောင့်တစ်ဆယ်အထိ ဆယ်စက္ကန့်စာ တိုင်ပင်နဲ့ ရေပါတယ်။ နှစ်ထောင့်တစ်ဆယ်မှာဘဲ ကျွန်တော်တို့က ရထားရဲတွေကို လုပ်ကြံပြီးတော့ ပစ်ခတ်ခဲ့ပါတယ်။ အဲဒီနေရာမှာ ကိုကျော်လေးရယ်၊ ကိုနေလင်းထိုက်ရယ်၊ ကျွန်တော်ရယ်က မတ်တတ်ရပ်အနေအထားနဲ့ ပစ်ပြီးတော့ ကိုဇော်ဂျီရယ်၊ ကိုရှမ်းလေးရယ်၊ အောင်ကြီးရယ်က ထိုင်ရပ်အနေအထားနဲ့ ပစ်ပါတယ်။ ကျွန်တော်ရယ်၊ ကိုနေလင်းထိုက်ရယ်၊ ကိုရှမ်းလေးရယ် ကိုဇော်ဂျီဆီကို သေနတ်တွေ အပ်ပြီးတော့ မီးရထားမရပ်ခင်မှာဘဲ ကျွန်တော်တို့ ရှင်စောပုလမ်းကို ရထားပေါ်ကနေပေါင်းပြီး ထွက်ပြေးသွားပါတယ်။

ရထားမရပ်ခင်မှာ ခုန်ချထွက်ပြေးတဲ့ ကျွန်တော်ရယ်၊ ကိုနေလင်းထိုက်ရယ်၊ ကိုရှမ်းလေးရယ်က ရှင်စောပုလမ်းထဲမှာရှိတဲ့ အသင့်စောင့်နေတဲ့ ကိုအောင်ရဲ(ခေါ်)ကိုပိုးဥ မောင်းနှင်တဲ့ Honda Civic ခဲရောင် 7H/9256 ကားပေါ်ကို လိုက်ပါစီးနင်းခဲ့ပါတယ်။ အဲဒီကားက စမ်းချောင်းမင်းလမ်းထဲကို မောင်းသွားတယ်။ မောင်းသွားပြီးတော့ ကျွန်တော်ရယ်၊ ကိုနေလင်းထိုက်ရယ်၊ ကိုရှမ်းလေးရယ်က အဲဒီမှာပဲ ဆင်းပါတယ်။ ဗဟိုလမ်းပေါ် ပြန်တက်ပြီးတော့ ကိုယ့်နေရာကို အသီးသီး Taxi ငှားပြီးတော့ ပြန်ခဲ့ပါတယ်။ ကျွန်တော်တို့ ဆင်းသွားပြီးတဲ့နောက်မှာ ရထားပေါ်မှာ ကျန်ခဲ့တဲ့ ကိုဇော်ဂျီရယ်၊ ကျော်လေးရယ်၊ အောင်ကြီးရယ်က ကျွန်တော်တို့ ဆင်းသွားတဲ့သုံးယောက်ရဲ့ ပစ္စတိုတွေကော၊ ရထားရဲတွေရဲ့ သေနတ်လေးလက်ကိုပါ ဆာလာအိတ်နဲ့ထည့်ပြီး ဆင်းပါတယ်။

ကောင်းပြည့်စုံဦး

ဇေယျာဖြိုး

အဲဒီအချိန်မှာပဲ မီးရထားခေါင်းခန်းမှာ ရထားရပ်ဖို့ ထိန်းချုပ်ထားတဲ့ ဂျာကြီး(ခေါ်)နန္ဒရယ်၊ ကိုနှုတ်ခမ်းမွေးရယ်၊ ကိုမင်းရယ်က လည်း ဆင်းပါတယ်။ ဆင်းပြီးတော့ ဦးလူနီလမ်းထဲမှာ အသင့်စောင့်နေတဲ့ ကိုကျော်ကျော်မင်း(ခေါ်)ကျားလေးရယ်၊ ကိုဝင်းထွဋ်ရယ် မောင်းတဲ့ Taxi နှစ်စီးပေါ်ကို သေနတ်တွေ အကုန်တင်ပြီးတော့ ထွက်ပြေးသွားပါတယ်။ ကျွန်တော်တို့ လုပ်ကြံတဲ့အစီအစဉ်မှာ ကိုဇေယျာဖြိုးရယ်၊ မပိစိရယ်က ကျွန်တော်တို့ဖုန်းတွေထဲကို GPS ထည့်ပေးတယ်၊ အွန်လိုင်းဖွင့်ထားရင် အဲဒီ GPS က ကျွန်တော်တို့ဖုန်းတွေ ဘယ်နေရာမှာ ဘာဖြစ်နေလဲဆိုတာကို ကွန်ပျူတာကနေ ထိုင်ကြည့်နေပါတယ်။ အကယ်၍ တစ်ယောက်ယောက်ကများ အဖမ်းခံရတာတို့၊ တစ်ခုခု ဖြစ်တာတို့ဆိုရင် Location က Laptop မှာ ပေါ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တဲ့ဖုန်းတွေအကုန်လုံးကို Cutout လုပ်ပြီး ဖြတ်ချဖို့ နည်းပညာပိုင်းကို ကိုဇေယျာဖြိုးနဲ့ မပိစိကတာဝန်ယူခဲ့ပါတယ်။ အဲဒီကိစ္စတွေ ပြီးတဲ့နောက်မှာ ကျွန်တော်တို့အဖွဲ့ဝင်တွေအားလုံးက မတွေ့ဖြစ်တော့ပါဘူး။ Telegram နဲ့ Zoom Meeting တို့ကပဲ စကားပြောဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကိုနေလင်းထိုက်က Taxi သမားနှစ်ယောက်ဖြစ်တဲ့ ကိုကျော်ကျော်လေး(ခေါ်) ကျားလေးရယ်၊ ကိုဝင်းထွဋ်ရယ်၊ ကိုကျော်ကျော်လေး (ခေါ်) ကျားလေးရဲ့ဇနီးရယ်ကို KNU တပ်မဟာ (၃)ကိုသွားပြီး ပို့ဆောင်တယ်လို့ ကျွန်တော်တို့ကို ပြောပါတယ်။

အဲဒီနောက် ၉ လပိုင်း ၁ ရက်နေ့လောက်မှာ Telegram နဲ့ Zoom Meeting တို့ကနေ meeting ပြန်လုပ်ပါတယ်။ အဲဒီမှာ ဘာပြောလဲဆိုတော့ ရန်ကုန်မြို့ CCTV Control Box တွေကို စောင့်ကြည့်ဖို့ ကျွန်တော်တို့ကို ခိုင်းပါတယ်။ အဲဒီနေရာတွေကတော့ တာမွေ Ocean ရှေ့ မော်တော်ပီကယ်ရုံးနောက်က Control Box ရယ်၊ ပြည်လမ်းရှစ်မိုင်လမ်းဆုံရယ်၊ ပြည်လမ်း အေဒီပွိုင့်တွေက Control Box တွေရယ်ကို စောင့်ကြည့်ဖို့ တာဝန်ပေးပါတယ်။ ကျွန်တော် တာဝန်ကျတဲ့နေရာကတော့ တာမွေ Ocean ရှေ့ မော်တော်ပီကယ်ရုံးနောက်က CCTV Control Box တွေပဲဖြစ်ပါတယ်။ အဲဒီကိစ္စတွေကိုတော့ ၉ လပိုင်း ၆ ရက်နေ့လောက်မှာ မီးရှို့ဖျက်ဆီးရမယ်လို့ ကျွန်တော်တို့ကို တာဝန်ပေးခြင်းခံရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ၉ လပိုင်း ၃ ရက်နေ့ မနက် ၅ နာရီလောက်မှာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေရဲ့ ဖမ်းဆီးခြင်းကို ခံရပါတယ်။ ဖမ်းဆီးခံရတုန်းက တာမွေနေအိမ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်တွေရယ်၊ စားသောက်စရိတ်တွေရယ်ကို မမြတ်ဖြိုးပွင့်(ခေါ်) မဂျီကာဆီကနေ ထောက်ပံ့ငွေရပါတယ်။ ၁၄ ရက်နေ့က ရထားရဲတွေ လုပ်ကြံတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကိုဂျိမ်းဆိုတဲ့ လူတစ်ဦးစီကနေ ချီးမြင့်ငွေ ပိုက်ဆံငါးသိန်းကို ကိုပိုးဥထံ KBZ pay နဲ့ လွှဲပေးခဲ့တယ်လို့ သိရပါတယ်။ ၁၄ ရက်နေ့ ကိစ္စနဲ့ပတ်သက်ပြီး မြောက်ဒဂုံ Golden Park မှာလည်း အောင်ပွဲခံခဲ့တယ်လို့လည်း သိရပါတယ်။

ဇေယျာဖြိုး

နာမည်က ဇေယျာဖြိုး (ခ) တရုတ်လေးပါ။ မှတ်ပုံတင်နံပါတ်က ၁၂/ကမတ(နိုင်)၀၇၆၀၀၅၊ မွေးသက္ကရာဇ်က ၂၆ ရက် ၁၂လ ၁၉၈၉၊ နေရပ်လိပ်စာက အမှတ်(၆၈) ၇လွှာ(B)၊ ဈေးကြီး ရပ်ကွက်၊ ကြည့်မြင်တိုင်။ အလုပ်အကိုင်က ကမ္ဘောဇောဏ်မှာ IT ပိုင်းကို လုပ်ကိုင်ပါတယ်။ ကျွန်တော် ၂ လပိုင်း ၇ ရက်နေ့၊ ၈ရက်နေ့ကစပြီးတော့ ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့ပါတယ်။ ဆန္ဒပြခဲ့တဲ့ နေရာတွေကတော့ မြေနီကုန်း၊ လှည်းတန်း၊ အလုံ၊ ဆူးလေတစ်ဝိုက်မှာ ဆန္ဒပြခဲ့ပါတယ်။ ဆန္ဒပြနေရင်း ကျွန်တော့် ကောင်မလေး မြတ်ဖြိုးပွင့်(ခ)ဂျိုကာနဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပြီးတော့ Eagle 22 အဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ Eagle 22 အဖွဲ့မှာ အဖျက်အမှောင့်လုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် ကျွန်တော်က GPS နည်းပညာနဲ့ Location ကြည့်ပေးပြီး အဲဒီနေရာတွေရဲ့ အဝင်/အထွက် လမ်းကြောင်းတွေကို ကြည့်ပေးခဲ့ရပါတယ်။ ပြီးတော့ ငွေရေးကြေးရေးဆိုင်ရာအပိုင်းကိုလည်း အကူအညီပေးခဲ့ပါတယ်။ Online ကနေရရှိတဲ့ ပို့ကဆံတွေကို ကျွန်တော်က ငွေသားအဖြစ် လဲလှယ်ပေးခဲ့ပါတယ်။ ကျွန်တော့်ရည်းစား မြတ်ဖြိုးပွင့်(ခ)ဂျိုကာနဲ့အတူ KNU တပ်မဟာ (၃)၊ တပ်ရင်း(၉)နယ်မြေမှာ သင်တန်း(၃)ရက် တက်ရောက်ခဲ့ပါတယ်။ သင်တန်းတက်ပြီး ပြန်ရောက်တော့ ရန်ကုန်က ကျွန်တော့်နေအိမ်မှာ နေပြီး (၂)ပတ်လောက်ကြာတော့ မပိစိ(ခ)မေသက်ထွေး ငှားထားတဲ့ စမ်းချောင်းလမ်းက နေအိမ်ကို ပိုးဥနဲ့အတူ ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ကိုနေလင်းထိုက်က အဖျက်အမှောင့်လုပ်ငန်းတွေ စတင်လုပ်ကိုင်ဖို့ Location ကြည့်တယ်။ ပြီးတော့ အဲဒီနေရာတွေရဲ့ အဝင်အထွက်တွေကို GPS နဲ့တစ်ဆင့် မြေပုံတွေ ပြုလုပ်ခိုင်းခဲ့ပါတယ်။ အဲဒီလို ပြုလုပ်ခိုင်းတဲ့အတွက် ထောက်ပံ့ငွေဆိုပြီး တစ်ခုပြုလုပ်တိုင်း ကျွန်တော့်ကို တစ်သိန်း၊ တစ်သိန်းခွဲ ပေးခဲ့ပါတယ်။ အလုံလျှပ်စစ်ရုံးရယ်၊ BLAZON Shopping Center အဟောင်း နေရာရယ်၊ နောက်တစ်ခုကတော့ ပန်းဆိုးတန်းလမ်းက အကောက်ခွန်ရုံးကို ဗုံးဖောက်ခွဲခြင်းပြုလုပ်မှုတို့မှာ ကျွန်တော့်ကို Location ကြည့်ခိုင်းခြင်းနဲ့ Google Map ကနေပြီးတော့ အဝင်အထွက် နေရာများကို မြေပုံရေးဆွဲခိုင်းခြင်းတို့ကို ပြုလုပ်ခိုင်းခဲ့ပါတယ်။ နောက်ဆုံးဖြစ်စဉ်ဖြစ်တဲ့ မီးရထားရဲတွေကို လုပ်ကြံသတ်ဖြတ်တဲ့ကိစ္စမှာ ကျွန်တော့်ကို လုပ်ကြံသတ်ဖြတ်မယ့်သူ ခြောက်ယောက်ရဲ့ ဖုန်းထဲမှာ GPS Location ကြည့်တဲ့ Software ထည့်သွင်းခိုင်းခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့်ကို အဲဒီနေရာအနီးတစ်ဝိုက်ရဲ့ မြေပုံဆွဲခိုင်းခဲ့ပါတယ်။ ရထားရဲတွေကို လုပ်ကြံသတ်ဖြတ်တဲ့ဖြစ်စဉ်ကို ကိုနေလင်းထိုက် (ခ)လင်းလင်းကနေတစ်ဆင့် အစပြုခဲ့ပါတယ်။ သူပြောပြီးတဲ့ နောက်ပိုင်းမှာ Scout ကြည့်ဖို့၊ ရထားဝင်/ထွက်၊ သွား/လာချိန်၊ မီးရထားရဲတွေရဲ့ လှုပ်ရှားမှုတွေကို Scout ကြည့်ဖို့အတွက် နေမင်း၊ ဂျာကြီး၊ ကျော်ကြီး၊ ကိုရွှိင်းတို့ကို တာဝန်ပေးခဲ့ပါတယ်။

အဲဒီ(၄)ယောက်ကနေတစ်ဆင့် Telegram Channel တွေမှာ မီးရထားတွေရဲ့ ဝင်ချိန်/ထွက်ချိန်တွေကို ပြီးတော့ မီးရထားရဲတွေရဲ့ လှုပ်ရှားမှုတွေကို မှတ်တမ်းတင်ပြီးတော့ ပြန်ပြီးပြခဲ့ပါတယ်။ အဲဒီအတွက် Mission Plan ကို ကိုဇော်ဂျီမှတစ်ဆင့် ရေးဆွဲပြီးတော့ ကျွန်တော့်ကို အဓိက ခိုင်းစေခဲ့တာကတော့ မီးရထားရဲတွေကို လုပ်ကြံသတ်ဖြတ်မယ့် နေရာအနီးတစ်ဝိုက်ရဲ့မြေပုံကို ကျွန်တော့်ကို ဆွဲခိုင်းခဲ့ပါတယ်။ အဝင်/ အထွက်လမ်းတွေ၊ နေရာတွေ၊ ကားဘယ်မှာထားရမယ်၊ ဘယ်လိုလုပ်ရမယ် ဆိုတာတွေကို အကြမ်းဖျင်းရေးဆွဲခိုင်းခဲ့ပါတယ်။ အဲဒီလိုမျိုးလုပ်ဆောင်တဲ့အတွက် ကျွန်တော့်ကို ထောက်ပံ့ငွေအဖြစ် တစ်သိန်းခွဲပေးခဲ့ပါတယ်။ မီးရထားရဲတွေကို လုပ်ကြံသတ်ဖြတ်တဲ့ ဖြစ်စဉ်မဖြစ်ခင် တစ်ရက်အလိုမှာ ကိုနေလင်းထိုက်(ခ)လင်းလင်းကနေတစ်ဆင့် ကျွန်တော့်ဆီကို လုပ်ကြံသတ်ဖြတ်မယ့်သူတွေ ကိုင်ဆောင်မယ့် ဖုန်းခြောက်လုံးကို ပို့ပေးခဲ့ပါတယ်။ အဲဒီဖုန်း ခြောက်လုံးမှာ GPS System ထည့်ပေးဖို့ ကျွန်တော့်ကို ခိုင်းစေခဲ့ပါတယ်။

အဲဒီဖုန်းခြောက်လုံးမှာ GPS System ကိုထည့်ပေးပြီးတဲ့အချိန်မှာ ကျွန်တော့် Computer ကနေတစ်ဆင့် သူတို့ရဲ့တည်နေရာကို သိနိုင်ပြီးတော့ သူတို့လှုပ်ရှားသွားလာနေတဲ့ အချိန်မှာ တစ်ယောက်ယောက်က မတော်တဆ ဖမ်းဆီးခံရတယ်ဆိုရင် တခြားလူတွေအချိန်မီ ထွက်ပြေးလွတ်မြောက်နိုင်အောင် ကျွန်တော်တို့ကတစ်ဆင့် ပြန်ပြီးတော့ ပြောပြနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီဖုန်းခြောက်လုံးမှာ GPS System ကို ထည့်ခိုင်းခဲ့ခြင်းဖြစ်ပါတယ်။ ရထားရဲတွေကို လုပ်ကြံသတ်ဖြတ်တဲ့နေ့မှာ ကျွန်တော်က မပိစိ(ခ)မေသက်ထွေးရဲ့ နေအိမ်ကတစ်ဆင့် ကျွန်တော် GPS ထည့်ပေးလိုက်တဲ့ ဖုန်းတွေကို ကျွန်တော်နဲ့ မပိစိ(ခ)မေသက်ထွေးတို့ အတူတူ Computer ရဲ့ GPS ကတစ်ဆင့် အဲဒီဖုန်းတွေကို ကြည့်ရှုခဲ့ပါတယ်။ ရထားသွားနေတဲ့အချိန်မှာ အစိမ်းရောင်အစက် (၆)စက်က ရထားနဲ့အတူ ရွှေ့လျားနေပြီးတော့ ဖြစ်စဉ်အပြီး ရထားရပ်သွားတဲ့အချိန်မှာ အစက်(၂)စက်က ရှင်စောပုလမ်းကို ထွက်ခွာသွားပြီးတော့ ကျန်တဲ့အစက်(၄)စက်က ဦးလူနီလမ်းဘက်ကို ဆင်းသွားခဲ့ပါတယ်၊ ကျွန်တော်က အဲဒီဖြစ်စဉ်အပြီးမှာ လုပ်ကြံသတ်ဖြတ်မှုအောင်မြင်တယ်လို့ ထင်ပြီးတော့ မပိစိ(ခ)မေသက်ထွေးရဲ့နေအိမ်ကတစ်ဆင့် ကျွန်တော့်ကောင်မလေး မြတ်ဖြိုးပွင့် (ခ)ဂျိုကာရဲ့ သုဝဏ္ဏာ၊ ရန်ကုန်သစ်ရပ်ကွက်နေအိမ်ကို ကျွန်တော်ပြန်သွားခဲ့ပါတယ်။ မီးရထားရဲတွေကို လုပ်ကြံသတ်ဖြတ်ပြီးတဲ့ညမှာ မြောက်ဒဂုံက Golden Park မှာ အောင်ပွဲခံတဲ့အနေနဲ့ စားသောက်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ လုပ်ခဲ့တယ်လို့ သိရှိရပါတယ်။

နောက်(၂)ရက်လောက်နေတော့ ပိုးဥ(ခ)အောင်ရဲထံမှ သူ့ဆီကို ကိုဂျိမ်းဆိုတဲ့လူက Online ကနေပြီး K-Pay ကတစ်ဆင့် (၅)သိန်း လွှဲပေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီပိုက်ဆံ(၅)သိန်းကတော့ မီးရထားရဲတွေကို လုပ်ကြံသတ်ဖြတ်ရာမှာ အောင်မြင်ခဲ့တဲ့အတွက် ချီးမြှင့်ငွေအနေနဲ့ ပေးအပ်ခဲ့တာလို့ သိရပါတယ်။ မီးရထားရဲတွေဆီက သိမ်းဆည်းရခဲ့တဲ့ လက်နက်တွေကို NLD လွှတ်တော်အမတ်ဟောင်း ဖြိုးဇေယျာသော်(ခ)မောင်ကျော်ထံမှာ သိမ်းဆည်းထားပြီးတော့ ၈ လပိုင်း ၃၁ ရက်နေ့ ညနေမှာ ကျွန်တော့်ကောင်မလေးဖြစ်တဲ့ မြတ်ဖြိုးပွင့်(ခ) ဂျိုကာရဲ့နေအိမ်ကို ပြောင်းရွှေ့ပေးခဲ့ပါတယ်။ ၉ လပိုင်း ၃ ရက်နေ့ ရောက်တဲ့အချိန်မှာတော့ မနက်ပိုင်း ကျွန်တော် မုန့်ဆင်းဝယ်တဲ့အချိန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရပါတယ်။

ဆိုရှယ်မီဒီယာတွေမှာ ပြောနေသလို ဗိုင်းရပ်စ်က တကယ်ကို ပုံစံပြောင်းသွားပြီ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ရှာလို့တောင် မတွေ့တော့ဘူးဆိုတာ မရှိသေးပါဘူး

ဒေါက်တာသန်းနိုင်စိုး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၆ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

အစီအစဉ်မှူး။ ။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ဗိုင်းရပ်စ်မျိုးကွဲတွေ ကြေညာထားတာရှိပါတယ်။ ကိုဗစ်-၁၉ ဗီဇပြောင်းဗိုင်းရပ်စ်တွေနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။

ဒေါက်တာသန်းနိုင်စိုး။ ။ ဒီနေ့ဆွေးနွေးသွားမယ့် အကြောင်းအရာက ကိုဗစ်ရောဂါရဲ့ ဗီဇပြောင်းမျိုးကွဲတွေ မြန်မာနိုင်ငံနဲ့ ကမ္ဘာပေါ်မှာတွေ့ရှိနေရတဲ့ အနေအထားတွေကို ဦးစွာအကျဉ်းချုံး တင်ပြပါမယ်။

မြန်မာနိုင်ငံမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကိုဗစ် - ၁၉ ရောဂါ မျိုးဗီဇပြောင်းလဲတာတွေကို ထုတ်ပြန်ခဲ့တာ သုံးကြိမ်ရှိပြီဖြစ်ပါတယ်။ ဇွန်လ ၁၅ ရက်မှာ ပထမအကြိမ် ထုတ်ပြန်ခဲ့တာက ဇွန်လ ၃ ရက်မှာ တပ်မတော်ဆေးသုတေသနတပ်ဖွဲ့ ဓာတ်ခွဲခန်းနဲ့ စင်ကာပူနိုင်ငံမှာရှိတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ရည်ညွှန်းဓာတ်ခွဲခန်းတို့က ရတဲ့အဖြေတွေအရ ကလေးမြို့က တစ်ဦး၊ မြိတ်မြို့က သုံးဦး၊ မန္တလေးမြို့က လေးဦး၊ တမူးမြို့က နှစ်ဦးနဲ့ ရန်ကုန်မြို့က ပြည်ပပြန် တစ်ဦး စုစုပေါင်း မျိုးဗီဇပြောင်းပိုးတွေ့တဲ့သူ ၁၁ ဦးရှိခဲ့ကြောင်း ဖြစ်ပါတယ်။

စုစုပေါင်း ၁၁ ဦး တွေ့ရှိ

ဒီမျိုးဗီဇပြောင်းပိုးတွေ့ရှိမှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ စိုးရိမ်ဖွယ်ရှိတဲ့ မျိုးဗီဇပြောင်းလဲမှု Variant of Concern (VOC) အနေနဲ့ 'အယ်လ်ဖာ' နှစ်ဦးနဲ့ 'ဒယ်လ်တာ' ငါးဦး၊ စိတ်ဝင်စားဖွယ်ကောင်းပြီး နောက်ပိုင်းပြင်းထန်လာနိုင်တဲ့ စောင့်ကြည့်ရမယ့်အနေအထားရှိတဲ့ Variant of Interest (VOI) အနေနဲ့ 'ကပ်ပါ' လေးဦး စုစုပေါင်း ၁၁ ဦး တွေ့ရှိပါတယ်။

ဇူလိုင်လထဲမှာ စင်ကာပူနိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရည်ညွှန်းဓာတ်ခွဲခန်းကနေ နောက်တစ်သုတ် အဖြေရတဲ့အခါ 'ဘီတာ' ဗိုင်းရပ်စ်ကိုပါ တွေ့ရှိရကြောင်း သိရှိခဲ့ရပါတယ်။ ဩဂုတ်လ ၃၁ ရက် သတင်းထုတ်ပြန်ချက်မှာ 'ဒယ်လ်တာ' ဗိုင်းရပ်စ်ကို နေပြည်တော် ငါးဦး၊ ရန်ကုန် နှစ်ဦး၊ မန္တလေး နှစ်ဦး၊ စစ်တွေ၊ တောင်ငူ၊ လားရှိုး၊ မော်လမြိုင်၊ မုံရွာနဲ့ ကလေးမြို့တို့ကနေ တစ်ဦးစီ စုစုပေါင်း ၁၅ ဦး တွေ့ရှိကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ ဗိုင်းရပ်စ်မျိုးကွဲတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သတင်းထုတ်ပြန်ချက်တွေအရ မြန်မာနိုင်ငံမှာ 'အယ်လ်ဖာ'၊ 'ဘီတာ'၊ 'ဒယ်လ်တာ'နဲ့ 'ကပ်ပါ' တို့ကို ရှေးဦးစွာ တွေ့ရပါတယ်။ အခုနောက်ပိုင်းမှာ 'ဒယ်လ်တာ' ဗိုင်းရပ်စ်မျိုးကွဲက အများဆုံးဖြစ်ပွားတာ တွေ့လာရပါတယ်။

ဒီလိုမျိုးဗီဇပြောင်းဗိုင်းရပ်စ်တွေနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိက အုပ်စုနှစ်ခု ခွဲခြားသတ်မှတ်ထားပါတယ်။ နံပါတ်တစ် အုပ်စုက စိုးရိမ်ဖွယ်ကောင်းပြီး ကူးစက်မှုနှုန်း အလွန်မြန်တဲ့အတွက် စောင့်ကြပ်ကြည့်ရှုရမယ့် မျိုးဗီဇပြောင်းလဲမှုကို Variant of Concern လို့ သတ်မှတ်ပါတယ်။ နံပါတ်နှစ် အုပ်စုက စိတ်ဝင်တစားနဲ့ စောင့်ကြပ်ကြည့်ရှုရပြီး မကြာခင်မှာ Variant of Concern ထဲမှာ ပါဝင်နိုင်တဲ့ အလားအလာရှိတဲ့ ဗိုင်းရပ်စ်တွေကို Variant of Interest လို့ သတ်မှတ်စောင့်ကြည့်ပါတယ်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန(US CDC)အနေနဲ့ စောင့်ကြည့်တာကို Variant of High Consequence ဆိုပြီး နောက်တစ်မျိုး ထပ်တိုးပါတယ်။ Variant of High Consequence က ဗိုင်းရပ်စ်မျိုးဗီဇပြောင်းလဲမှုကြောင့် လက်ရှိ ကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းစဉ်တစ်ခုလုံးကို ပြောင်းလဲသွားနိုင်ကာ ကျန်းမာရေးဆိုင်ရာ ပြဿနာအများကြီးရှိနိုင်တဲ့ ဗိုင်းရပ်စ်အသစ်တစ်မျိုး ပေါ်ထွက်လာပါက Variant of High Consequence ဆိုပြီး သတ်မှတ်မှာဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာပေါ်မှာ ပေါ်ထွက်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲတွေက Variant of High Consequence လို့ သတ်မှတ်ရမယ့် ဗိုင်းရပ်စ်တစ်ခုမှ မရှိသေးပါဘူး။

> **Variant of Concern လေးမျိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ်လ ၃၁ ရက် Weekly Epidemiology Update မှာ 'အယ်လ်ဖာ'က နိုင်ငံပေါင်း ၁၉၃ နိုင်ငံ၊ 'ဘီတာ'က ၁၄၁ နိုင်ငံ၊ 'ဂါမာ' က ၉၁ နိုင်ငံ၊ 'ဒယ်လ်တာ' က နိုင်ငံ ၁၇၀ ကို ရောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီလေးမျိုးထဲက သုံးမျိုးကို တွေ့ရပါတယ်။ ဒီလေးမျိုးကနေ နောက်တစ်ဆင့်တက်တဲ့ US CDC က သတ်မှတ်ထားတဲ့ Variant of High Consequence ဘဝကို တက်မသွားတာက ကံကောင်းတဲ့ အချက်ဖြစ်ပါတယ်။**

ပြောင်းလဲလာနိုင်

စိတ်ဝင်တစားစောင့်ကြည့်ရတဲ့ Variant of Interest အဖြစ် စာရင်းဝင်ဖို့အတွက် (၁) မူလကိုရိုနာဗိုင်းရပ်စ်ကနေ မျိုးပြောင်းလာပြီး ရောဂါကူးစက်မှုနဲ့ ပြင်းထန်မှုအပေါ် ပြောင်းလဲလာနိုင်တယ်၊ (၂) ကာကွယ်ဆေးတွေ ထိုးနှံထားခြင်းနဲ့ ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရခြင်းတို့ကြောင့် ရရှိထားတဲ့ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို ပြန်လည်ပြီး ရှောင်လွှဲနိုင်တဲ့အစွမ်းရှိလာနိုင်မယ်၊ (၃) ရောဂါကုသရေးနဲ့ ရောဂါရှာဖွေရေးမှာ ထိခိုက်နိုင်တဲ့ အလားအလာရှိလာတယ် (၄) ကူးစက်မှုတွေကလည်း အချိန်နှင့်အမျှ နေရာဒေသအလိုက် များလာတယ်လို့ သတ်မှတ်ရင် Variant of Interest ထဲကို စာရင်းသွင်းဖို့ စတင်စောင့်ကြည့်ပါတယ်။ Variant of Interest ထဲမှာ စာရင်းဝင်နေပြီဖြစ်တဲ့ ဗိုင်းရပ်စ်အနေနဲ့ကလည်း ခုနကတင်ပြခဲ့တဲ့ အချက်တွေနဲ့ ပြည့်စုံကြောင်းသက်သေခိုင်လုံလာတယ်၊ ကူးစက်မှုတွေက နိုင်ငံနှင့်ဒေသတွေ တော်တော်များများကို ကူးစက်ပြန့်ပွားလာတယ်၊ ရောဂါအနေနဲ့ ပြင်းပြင်းထန်ထန် ဖြစ်ပွားတာ တွေ့ရှိလာရပါတယ်။ ဒီလို အစွမ်းတွေပြလာတယ်ဆိုရင် Variant of Concern လို့ စိုးရိမ်စွာနှင့်စောင့်ကြည့်ရမည့် ဗိုင်းရပ်စ်မျိုးကွဲစာရင်းထဲကို တစ်ဆင့်မြှင့်ပြီး ထည့်သွင်းသတ်မှတ်ပါတယ်။ Variant of Concern တွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ စတင်တွေ့ရှိတဲ့ မူလကိုရိုနာဗိုင်းရပ်စ်ထက်ပိုပြီး ကူးစက်တဲ့နေရာနဲ့ ရောဂါပြင်းထန်စွာ ဖြစ်ပွားနိုင်တဲ့ အပေါ်မှာ သိသိသာသာ အစွမ်းထက်ကြပါတယ်။

ပိုမိုမြင့်မားစေ

Variant of Concern တွေထဲမှာ အရင်ဆုံးပါတဲ့ 'အယ်လ်ဖာ' ဗိုင်းရပ်စ်က မူလဗိုင်းရပ်စ်ထက် ၅၀ ရာခိုင်နှုန်း ပိုမိုကူးစက်နိုင်ပြီး ဆေးရုံတက်ရတဲ့နှုန်းနဲ့ ရောဂါကြောင့် သေဆုံးတာ ပိုမိုမြင့်မားစေပါတယ်။ ကာကွယ်ဆေးတွေရဲ့ အာနိသင်ထက်မြက်မှုအပေါ်ကို ပြင်းပြင်းထန်ထန် သက်ရောက်မှုမတွေ့ခဲ့ရဘူး၊ ဒုတိယစာရင်းထဲပါတဲ့ 'ဘီတာ' ဗိုင်းရပ်စ်က မူလဗိုင်းရပ်စ်ထက် ၅၀ ရာခိုင်နှုန်း ပိုမိုကူးစက်ပြီး အသက် ၆၀ အောက်တွေမှာ ဆေးရုံတက်ရတဲ့နှုန်းနဲ့ ရောဂါကြောင့် သေဆုံးတာ ပိုမိုမြင့်မားစေပါတယ်။ ရောဂါဖြစ်ပြီးသူတွေမှာ ထွက်တဲ့ Neutralizing Antibodies လို့ခေါ်တဲ့ ခန္ဓာကိုယ်ထဲကနေ တကယ့်ရောဂါကို ချေဖျက်နိုင်တဲ့ပဋိပစ္စည်းကို ရှောင်လွှဲနိုင်ပါတယ်။ ဒါကြောင့် ကိုဗစ်ရောဂါဖြစ်ပြီးသူတွေမှာ 'ဘီတာ'ကြောင့် ရောဂါပြန်ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ ကာကွယ်ဆေးအချို့ရဲ့ အာနိသင်ကို လျော့ကျစေပါတယ်။ ဒါကြောင့် 'ဘီတာ'က စိုးရိမ်ရတဲ့စာရင်းအထဲမှာ ပါလာတယ်။

'ဂါမာ' မျိုးဗီဇ

နောက်တတိယ Variant of Concern တစ်ခု 'ဂါမာ' မျိုးဗီဇကို P.1.1, P.1.2 လို့ ခေါ်ပါတယ်။ 'ဂါမာ'က ဘရာဇီးနိုင်ငံက အစပြုပြီး စတွေ့တာ ဂျပန်နိုင်ငံမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ဘရာဇီးကလာတဲ့သူ လေးယောက်မှာ စတွေ့ပါတယ်။ 'ဂါမာ' မျိုးဗီဇက Neutralizing Antibodies ကို ချေဖျက်နိုင်တယ်။ ကာကွယ်ဆေးထိုးထားသူနဲ့ ရောဂါဖြစ်ပွားပြီးသူမှာ ပြန်ပြီးဖြစ်ပွားနိုင်ခြေများပါတယ်။ မူလဗိုင်းရပ်စ်ထက် စာရင် ပိုပြီးရောဂါပြင်းထန်မှုနဲ့ ဆေးရုံတက်ရောက်ရမှုတွေ များပါတယ်။

စတုတ္ထ Variant of Concern တစ်ခုက 'ဒယ်လ်တာ' မျိုးဗီဇဖြစ်ပါတယ်။ 'ဒယ်လ်တာ' ပေါ်လာတဲ့အခါ ပထမ Variant of Concern တွေဖြစ်တဲ့ 'အယ်လ်ဖာ'၊ 'ဘီတာ'၊ 'ဂါမာ' တို့တောင် 'ဒယ်လ်တာ'နဲ့တွေ့တဲ့အခါ သိပ်အစွမ်းမပြနိုင်တော့ဘူး ဖြစ်သွားပါတယ်။ 'ဒယ်လ်တာ'က VOC ထဲမှာ ထိပ်ဆုံးလောက်ကို ဖြစ်သွားတယ်။ ကူးစက်မှုနှုန်းက နှစ်ဆကနေ သုံးဆအထိမြန်တယ်။ လူကြီးတွေအပြင် လူငယ်တွေကိုပါ အများအပြား ကူးစက်စေနိုင်တယ်၊ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုလည်း ကျနိုင်တယ်။

Neutralizing Antibodies လို့ ခေါ်တဲ့ ရောဂါဖြစ်ပြီးသားသူတောင် အတိုင်းအတာတစ်ခုအထိပဲ ခံနိုင်ရည်ရှိမယ်။ ကာကွယ်ဆေးထိုးထားပြီး သူတွေမှာလည်း ဒီရောဂါပိုးဝင်လာရင် ရောဂါပြင်းပြင်းထန်ထန် မဖြစ်တာလောက်ပဲရှိနိုင်တယ်။ ကာကွယ်ဆေးထိုးထားပြီးသူကနေ ပိုးသယ်ဆောင်ပြီး အခြားသူကို ဆက်လက်ကူးစက်သွားစေနိုင်တာတွေ့လာရပါတယ်။ 'ဒယ်လ်တာ'ကို B.1.6.1.7.2 ၊ A.Y.1 A.Y.2 A.Y.3 လို့လည်း ခေါ်ပါတယ်။ 'ဒယ်လ်တာ' နောက်မှာ ဆက်ပြီး ' Delta plus' ဆိုပြီးထွက်လာသေးတယ်။ 'Delta plus' က 'ဘီတာ'နဲ့ 'ဂါမာ'မှာရှိတဲ့ ဂုဏ်သတ္တိတွေ သယ်လာပါတယ်။ ကံကောင်းတဲ့အချက်က 'ဒယ်လ်တာ'လိုပဲ ပြုမူတယ်။ 'ဒယ်လ်တာ' တွေများတဲ့ အခါ ' Delta plus' က သိပ်ပြီးခေါင်းထောင်လို့မရဘူးဆိုတော့ 'Delta plus' ရဲ့ ကူးစက်မှုက နောက်ပိုင်းမှာ သိပ်ပြောကြတာ မတွေ့ရပါဘူး။

'ဒယ်လ်တာ'ရဲ့ ထူးခြားချက်

'ဒယ်လ်တာ'ရဲ့ ထူးခြားချက်က မျိုးဗီဇပြောင်းတဲ့နေရာ ကြီးကြီးမားမား အနည်းဆုံး နှစ်နေရာရှိလို့ Double Mutant လို့လည်းခေါ်ကြတယ်။ ဒါပေမဲ့ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုက 'ဒယ်လ်တာ' အပေါ်မှာ ရှိနေတုန်းဖြစ်ပါတယ်။ ကာကွယ်ဆေးတွေက 'ဒယ်လ်တာ' ကူးစက်မှုကို အတိုင်းအတာတစ်ခုအထိ လျော့ချပေးနိုင်ပြီး ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်စွမ်း ရှိနေတုန်းဖြစ်ပါတယ်။

Variant of Concern လေးမျိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ်လ ၃၁ ရက် Weekly Epidemiology Update မှာ 'အယ်လ်ဖာ'က နိုင်ငံပေါင်း ၁၉၃ နိုင်ငံ၊ 'ဘီတာ'က ၁၄၁ နိုင်ငံ၊ 'ဂါမာ' က ၉၁ နိုင်ငံ၊ 'ဒယ်လ်တာ' က နိုင်ငံ ၁၇၀ ကို ရောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီလေးမျိုးထဲက သုံးမျိုးကို တွေ့ရပါတယ်။ ဒီလေးမျိုးကနေ နောက်တစ်ဆင့်တက်တဲ့ US CDC က သတ်မှတ်ထားတဲ့ Variant of High Consequence ဘဝကို တက်မသွားတာက ကံကောင်းတဲ့ အချက်ဖြစ်ပါတယ်။ ဘယ်လောက်ပဲ မျိုးပြောင်းနေသည်ဖြစ်စေ လက်ရှိကာကွယ်ဆေးတွေ၊ ရောဂါ ရှာဖွေတဲ့၊ ကုသတဲ့စနစ်တွေက အဲဒီမျိုးကွဲတွေအပေါ် အများကြီးထိရောက်မှုရှိနေသေးတယ်ဆိုတာ တွေ့ရပါတယ်။ ဆိုရှယ်မီဒီယာတွေမှာ ပြောနေသလို ဗိုင်းရပ်စ်က တကယ်ကို ပုံစံပြောင်းသွားပြီ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ရှာလို့တောင် မတွေ့တော့ဘူးဆိုတာ မရှိသေးပါဘူးဆိုတာ ရှင်းပြချင်ပါတယ်။ လက်ရှိ အနေအထားအရ Variant of High Consequence List ထဲပါတဲ့ ဗိုင်းရပ်စ်မရှိသေးဘူးဆိုတာ တင်ပြလိုပါတယ်။

စာမျက်နှာ ၁၇ သို့ ◆

သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးသူများ၏ စကားသံ

ရခိုင်ပြည်နယ်အတွင်းရှိ သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ပတ်သက်သည့် စကားသံများကို ဖော်ပြလိုက်ပါသည်-

အဒူမာန်ဂျက်

ဦးရွှေလှ

ဒေါ်ခင်ဌေး

ကျွန်တော်က သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်းက အဒူမာန်ဂျက် ဖြစ်ပါတယ်။ ဒီကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနဲ့ ပတ်သက်ပြီး မမျှော်လင့်ဘဲနဲ့ ကျွန်တော်တို့ ကယ်ဆယ်ရေးစခန်းမှာ လာထိုးပေးတဲ့အတွက် အထူးဝမ်းသာပါတယ်။ နောက်နောင်လည်း ကာကွယ်ဆေးလာထိုးပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ကို အထူးကျေးဇူးတင်ပါတယ်။

ကျွန်တော်ကတော့ စစ်တွေမြို့ပေါ်မှာနေတဲ့ ဦးရွှေလှ ဖြစ်ပါတယ်။ ကျွန်တော်က ဘင်္ဂါလီတွေရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီလို ကာကွယ်ဆေးတွေကို ထိုးရမယ်လို့ မထင်ခဲ့ပါ။ အခုကတော့ ကျွန်တော်တို့ကယ်ဆယ်ရေးစခန်းတွေကို လာပြီးတော့ ဆေးထိုးပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ရှိပါတယ်။ နောင်ကိုလည်း ဒီလိုဆေးတွေကို နောက်တစ်ကြိမ်လည်း ထိုးရမယ်လို့ မျှော်လင့်ချက် အပြည့်အဝနဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။

ကျွန်မကတော့ သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်း အသစ်၊ အဆောင်(၇ဖ)၊ အခန်း(၇)က ဒေါ်ခင်ဌေး ဖြစ်ပါတယ်။ ကိုဗစ် ကာကွယ်ဆေးထိုးလို့ရတဲ့အတွက် ကျေးဇူးတင်ထိုက်တဲ့ သူတွေကို ကျေးဇူး တင်ပါတယ်။ နောက်ထပ် ထိုးခွင့်ရဖို့အတွက် မျှော်လင့်နေရပါတယ်။

ရွှေပြည်သာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” လက်ကမ်းစာစောင်များကို ယနေ့ ဖြန့်ဝေခဲ့သည်။

ရွှေပြည်သာမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့်နေရာများဖြစ်သော အထက(၄)၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အမှတ်(၁)မူလတန်းလွန်ကျောင်းများ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကိုဗစ်ကာကွယ်ဆေးထိုးမည့် ပြည်သူများ လက်ဝယ်အရောက် တစ်နေရာလျှင် လက်ကမ်းစာစောင် ၁၀၀ နှုန်းဖြင့် လက်ကမ်းစာစောင် ၃၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများ လိုက်နာရမည့် အချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အထောက်အထားများ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသ/ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်း၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ခြင်း၊ နေထိုင်မှုပုံစံများအလိုက် ဆောင်ရွက်ပေးရမည့် အမျိုးအစားလေးမျိုး စသည့် အချက်များပါဝင်သည့် လက်ကမ်းစာစောင်များဖြစ်ကြောင်း သိရသည်။

ဥဇၩာဟိန်း

ပေါက်ခေါင်းမြို့တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

ပေါက်ခေါင်း စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ အထိ နိုင်ငံသားစိစစ်ရေးကတ် ၁၀၄၂ ကတ်နှင့် အိမ်ထောင်စု ၇၁၇ စု အတွက် အိမ်ထောင်စုလူဦးရေစာရင်းတို့ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယမန်နေ့က တောင်လည်ကျေးရွာအရောက် နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေး ကတ် ၉၅ ကတ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

ဥမ္မာကျော်(ပြန်/ဆက်)

◆ စာမျက်နှာ ၁၆ မှ

စိတ်ဝင်တစား စောင့်ကြည့်ရမည့်စာရင်း (Variant of Interest) မှာ နောက်ဆုံးပါဝင်လာတဲ့ ‘မြူ’ နဲ့ဆိုရင် ငါးမျိုးရှိပါပြီ။ အရင်ဆုံးပါတာက ‘အီတာ’ က B.1.5.2.5 လို့ခေါ်ပါတယ်။ ယူကေနဲ့ နိုင်ဂျီးရီးယားနိုင်ငံတို့မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာတွေ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စိတ်ဝင်တစား စောင့်ကြည့်ရမယ့်စာရင်းထဲကို ၂၀၂၁ ခုနှစ် မတ်လမှာ ထည့်သွင်းထားပါတယ်။ ထူးခြားချက်က သူ့ရဲ့ ဆူးချွန်တွေမှာ မျိုးပြောင်းလဲမှုတွေဖြစ်တဲ့အခါ လူလုပ်ပဋိပစ္စည်းတွေနဲ့ ကုသတဲ့အခါ ထိရောက်မှုအားနည်းတာကို တွေ့ရပါတယ်။

‘အိုင်ရိုတာ’ ဗိုင်းရပ်စ်

နောက်တစ်ခု ‘အိုင်ရိုတာ’ ဗိုင်းရပ်စ်ပါ။ နယူးယောက်မှာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ တွေ့တယ်။ သူ့ကို B.1.5.2.6 လို့ ခေါ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စောင့်ကြည့်ရမယ့် စာရင်းထဲကို ၂၀၂၁ ခုနှစ် မတ်လမှာ ပါဝင်တယ်။ သူက ပဋိပစ္စည်းတွေနဲ့ ကုသတာနဲ့ ကာကွယ်ဆေးတွေရဲ့ ထိရောက်နိုင်စွမ်းတွေကို လျော့ကျစေတာ၊ ရောဂါဖြစ်ပြီးသားသူတွေမှာ ပြန်ပြီးဖြစ်နိုင်တာတွေကို ရှိနိုင်တယ်လို့ တွေ့ရပါတယ်။ ဆက်ပြီး စောင့်ကြည့်ရမှာဖြစ်ပါတယ်။

နံပတ် (၃) ‘ကပ်ပါ’ မျိုးဗီဇပါ။ မြန်မာနိုင်ငံမှာ တွေ့ထားပါတယ်။ သူ့ကို B.1.6.1.7.1 လို့ခေါ်ပါတယ်။ ‘ဒယ်လ်တာ’ နဲ့ သိပ်မကွာဘူး။ အိန္ဒိယနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ တွေ့ပြီး ၂၀၂၁ ခုနှစ် ဧပြီလမှာ Variant of Interest စာရင်းသွင်းတယ်။ ဆူးချွန်မှာ မျိုးပြောင်းပြီး ပဋိပစ္စည်းတွေနဲ့ ကုသတဲ့အခါ ထိရောက်မှုအားနည်းတာကို တွေ့ရပါတယ်။ တချို့ ကာကွယ်ဆေးတွေရဲ့ အာနိသင်ကို လျော့ကျဖွယ်ရှိပါတယ်။

‘လမ်ဘဒါ’ ဗိုင်းရပ်စ်

နောက်တစ်ခုက ‘မြူ’ မတိုင်ခင် ထွက်လာတဲ့ နံပတ်(၄) ‘လမ်ဘဒါ’ ဗိုင်းရပ်စ်ဖြစ်ပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာ အတော်လေးပြန့်ပြီး လူသိများပါတယ်။ B.1.1.1.3.7 သို့မဟုတ် C.37 လို့ ခေါ်ပါတယ်။ ပီရူးနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလလောက်မှာ တွေ့ခဲ့တယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စိတ်ဝင်တစား စောင့်ကြည့်ရမယ့်စာရင်းထဲကို ၂၀၂၁ ခုနှစ် ဇွန်လမှာ ထည့်သွင်းထားတယ်။ တချို့ကာကွယ်ဆေးတွေရဲ့ထိရောက်မှုကို လျော့ကျနိုင်ဖွယ်ရှိတယ်။ ရောဂါလက္ခဏာသိပ်မပြဘဲ ကူးစက်တာမျိုးတွေရှိတယ်လို့ ထုတ်ပြန်ထားတာရှိပါတယ်။ ကူးစက်တဲ့ပမာဏက ‘ဒယ်လ်တာ’နဲ့ယှဉ်ရင် အတော်နည်းပါတယ်။ ‘ဒယ်လ်တာ’ က ၈၀ / ၉၀ ရာခိုင်နှုန်းလောက် အမေရိကမှာ အများဆုံးကူးစက်ချိန်မှာ သူက တောင်အမေရိကမှာ ၂ ရာခိုင်နှုန်းလောက်ပဲရှိတော့တယ်လို့ဆိုပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စိုးရိမ်ဖွယ်ရာစာရင်း Variant of Concern ထဲကို မထည့်သေးတာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုက နံပတ်(၅) ‘မြူ’ပါ။ B.1.6.2.1, B.1.6.2.1.1 လို့ခေါ်တယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှာ ကိုလံဘီယာနိုင်ငံမှာ စတွေ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စိတ်ဝင်တစား စောင့်ကြည့်ရမယ့် စာရင်းထဲကို ၂၀၂၁ ခုနှစ် ဩဂုတ်လမှာ ထည့်သွင်းထားတယ်။ သူက နိုင်ငံပေါင်း ၃၉ နိုင်ငံကို ရောက်နေပြီဖြစ်ပါတယ်။ ‘မြူ’ က အီကွေဒေါနဲ့ ကိုလံဘီယာတို့မှာ ကူးစက်မှုတွေများတာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံမှာ ယူအေအီးက ပြန်လာတဲ့ အမျိုးသမီးကနေ တွေ့ရပါတယ်။ စက်တင်ဘာလ ၂ ရက်မှာ ဂျပန်ကလည်း သူ့နိုင်ငံမှာ ‘မြူ’ တွေ့တယ်လို့ ကြေညာတယ်။ သူကလည်း အချို့ကာကွယ်ဆေးတွေနဲ့ ထိရောက်မှုကို လျော့ကျစေဖွယ်ရှိတယ်။ ဒါပေမယ့် အခုထိ ‘ဒယ်လ်တာ’ရဲ့ ကူးစက်မြန် ပြင်းထန်ခြေလှမ်းကို မီမယ့်ပုံမပေါ်ဘူးဆိုတာ တွေ့ရပါတယ်။

စုစုပေါင်း ကိုးမျိုး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ စိုးရိမ်ဖွယ်ရာကောင်းတဲ့ Variant of Concern ဗိုင်းရပ်စ်က လေးမျိုး၊ စောင့်ကြည့်ရမယ့်အနေအထားမှာရှိတဲ့ Variant of Interest ဗိုင်းရပ်စ်က ငါးမျိုး စုစုပေါင်း ကိုးမျိုး ဖြစ်ပါတယ်။ ဒီစာရင်းထဲကို မဝင်ပေမယ့် နောက်ထပ်စောင့်ကြည့်နေတာတွေ ရှိပါသေးတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ အမေရိကန် (CDC) က စာရင်းသွင်းတာချင်း တစ်ခုနဲ့ တစ်ခု မတူပါဘူး။

မြန်မာနိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ကိုးကားရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း မျိုးဗီဇ ဒီထက်ပိုပြီးပြောင်းလာမလား စောင့်ကြည့်နေတဲ့ ဗိုင်းရပ်စ် Alerts for Further Monitoring က ၁၁ မျိုး ရှိနေပါသေးတယ်။ ဒီအထဲကလည်း နောက်ပိုင်းမှာ Variant of Interest ဖြစ်ဖြစ်၊ Variant of Concern စာရင်းပါသွားမလား ဆက်လက် စောင့်ကြည့်နေပါတယ်။ ဗိုင်းရပ်စ်တွေ မျိုးပြောင်းခြင်းက သဘာဝဖြစ်ပါတယ်။ သူသည် ပွားများလေလေ၊ မျိုးပြောင်းလေလေဖြစ်တဲ့အတွက် ပြောင်းတဲ့အပေါ်မှာ သတိထားပြီး စောင့်ကြည့်ရပါမယ်။ အလွန်စိုးရိမ်ကြောက်လန့်စရာမလိုပါဘူး။

‘ဒယ်လ်တာ’ ဗိုင်းရပ်စ်

ဒါပေမယ့် လက်ရှိမှာ ကျွန်တော်တို့ကို အနီးကပ် ဒုက္ခပေးနိုင်တဲ့အရာက ယခု တတိယလှိုင်းမှာ ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်မျိုးကွဲဖြစ်ပါတယ်။ သူက ကူးစက်မှုကလည်း မူလကိုရိုနာဗိုင်းရပ်စ်ထက် ပိုပြီး အဆပေါင်းများစွာလျင်မြန်တယ်။ ကာကွယ်ဆေးထိုးမထားသူတွေမှာ ရောဂါပြင်းထန်စွာဖြစ်ပွားစေပြီး ရောဂါကြောင့် သေဆုံးမှုတွေ မြင့်မားစွာဖြစ်စေတယ်၊ ကာကွယ်ဆေးတွေရဲ့ ရောဂါကူးစက်မှု ကာကွယ်နိုင်စွမ်းနဲ့ ထိရောက်မှုကို လျော့ကျစေနိုင်တယ်ဆိုတော့ ‘ဒယ်လ်တာ’ ကို သတိကြီးစွာထားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးနည်းလမ်းတွေကို သတိပြုဆက်လက်လိုက်နာကြဖို့နဲ့ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံမှုတွေကို တက်ကြွစွာ ဆောင်ရွက်ကြရမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများကို လေ့လာခြင်း (အစ္စရေးနိုင်ငံ)

ရှင်ကုကူး

နိဒါန်း

၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်ချက်အရ ပါလက်စတိုင်းဒေသ၌ ဂျူးလူမျိုးများအတွက် နိုင်ငံတစ်နိုင်ငံ ထူထောင်ခွင့်ရရှိခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်နေ့တွင် နိုင်ငံထူထောင်ကြောင်း ကြေညာခဲ့ပါသည်။ ထိုနိုင်ငံမှာ ခေတ်သစ်ဂျူးနိုင်ငံဟု ခေါ်သော အစ္စရေးနိုင်ငံပင်ဖြစ်သည်။

ပထဝီဝင်အနေအထား

အစ္စရေးသမ္မတနိုင်ငံဟု တရားဝင်ခေါ်ဝေါ်သုံးစွဲသောအစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်၍ မြေထဲပင်လယ်၏အရှေ့ဘက်ကမ်းရိုးတန်း၊ ပင်လယ်နီ၏မြောက်ဘက်စွန်းတွင်တည်ရှိသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။ မြောက်ဘက်တွင် လက်ဘနွန်နိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ဆီးရီးယားနိုင်ငံ၊ အရှေ့ဘက်တွင် ဂျော်ဒန်နိုင်ငံနှင့် မြောက်ဘက်တွင် အီဂျစ်နိုင်ငံစသည့် အာရပ်နိုင်ငံများအကြားတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ဧရိယာစတုရန်းကီလိုမီတာပေါင်း ၂၂၀၇၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ အစ္စရေးနိုင်ငံ၏မြို့တော်မှာ ဂျေရုဆလင်မြို့ဖြစ်၍ တဲလ်အဗစ် (Tel Aviv) မြို့သည်လည်း နိုင်ငံ၏စီးပွားရေးနှင့် နည်းပညာပိုင်းဆိုင်ရာအရ အချက်အချာကျသောမြို့တစ်မြို့ ဖြစ်ပါသည်။

လူဦးရေနှင့်ဘာသာစကား

အစ္စရေးနိုင်ငံတွင် ဂျူးလူမျိုး ၇၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် အာရပ်လူမျိုး ၂၀ ဒသမ ၉ ရာခိုင်နှုန်း တို့ အတူယှဉ်တွဲနေထိုင်လျက်ရှိပြီး ၄ ဒသမ ၈ ရာခိုင်နှုန်းမှာ အခြားလူမျိုးများဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ခန့်မှန်းလူဦးရေမှာ ၉၃၆၇၉၀၀ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အစ္စရေးနိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ ဟီဘရူးဘာသာစကားဖြစ်၍ အာရပ်ဘာသာစကားကိုလည်း အသိအမှတ်ပြုသုံးစွဲလျက်ရှိပါသည်။

အာဏာခွဲဝေကျင့်သုံးခြင်း

အစ္စရေးနိုင်ငံသည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ခွဲဝေကျင့်သုံးလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အုပ်ချုပ်ရေးအာဏာကို အစိုးရအဖွဲ့ကလည်းကောင်း၊ ဥပဒေပြုရေးအာဏာကို နက်ဆက်ဟုခေါ်ဆိုသည့် အထက်လွှတ်တော်ကလည်းကောင်း၊ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် (ပြည်ထောင်စုတရားရုံးချုပ်) ကလည်းကောင်း အသီးသီးခွဲဝေကျင့်သုံးလျက်ရှိပါသည်။ အစ္စရေးနိုင်ငံတွင် အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသော်လည်း အစ္စရေးနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေခံဥပဒေအချက် (၁၁) ချက်ကိုအခြေခံ၍ စီမံဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေပြုရေးအာဏာ

နက်ဆက်လွှတ်တော်သည် အစ္စရေးနိုင်ငံ၏တစ်ခုတည်းသောလွှတ်တော်ဖြစ်၍ ဂျေရုဆလင်မြို့တော်တွင် ရုံးစိုက်ပါသည်။ နက်ဆက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၁၂၀ ဖြင့် ဖွဲ့စည်းထားရှိပြီး ၎င်းလွှတ်တော်ကိုယ်စားလှယ်များကို ၁၉၅၈ ခုနှစ် နက်ဆက်လွှတ်တော် အခြေခံဥပဒေအရ သတ်မှတ်ထားသည့် အချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံး၍ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပါသည်။ လွှတ်တော်သက်တမ်းမှာ လေးနှစ်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက လျှို့ဝှက်မဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပြီး လေးနှစ်မပြည့်မီ ရွေးကောက်ပွဲထပ်မံကျင်းပရန်ကိုသော်လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းမရှိဘဲ အစိုးရသစ်တစ်ရပ်ကို ပြန်လည်ဖွဲ့စည်းရန်ကိုသော်လည်းကောင်း နက်ဆက်လွှတ်တော်က အဆုံးအဖြတ်ပေးနိုင်ပါသည်။



အစ္စရေးနိုင်ငံ၏ ပထမဆုံးသော နက်ဆက်လွှတ်တော်ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး ယခုလွှတ်တော်မှာ နှစ်ဆယ့်လေးကြိမ်မြောက်လွှတ်တော်ဖြစ်ပါသည်။ ကျင်းပခဲ့သောလွှတ်တော်များအနက် တစ်ဆယ့်သုံးကြိမ်သာ လွှတ်တော်သက်တမ်းလေးနှစ်အပြည့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ညွှန့်ပေါင်းအစိုးရဖွဲ့ရန် တည်ငြိမ်သည့်အခြေအနေမရှိခြင်း (သို့တည်းမဟုတ်) လွှတ်တော်အတွင်း ယုံကြည်စိတ်ချစွာ မဲပေးရွေးချယ်နိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ အသုံးစရိတ်ကို အတည်ပြုနိုင်ခြင်းမရှိခြင်း စသည့်အခြေအနေများကြောင့် ကျန်လွှတ်တော်များသည် သက်တမ်းလေးနှစ်လုံးလုံး အပြည့်အဝတာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်းမရှိပါ။ နက်ဆက်လွှတ်တော်သည် ဥပဒေပြုရေးအာဏာကို ကျင့်သုံးသည့် အလျောက် ဥပဒေများအားလုံးကို ပြင်ဆင်ခွင့်၊ ပြဋ္ဌာန်းခွင့်ရှိပါသည်။ ဥပဒေများကို ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည့်အခြေအနေရှိပါကလည်း အခြေခံဥပဒေ (အချက် ၁၁ ချက်)နှင့် ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်နေသည့်တိုင် လွှတ်တော်အတွင်း ထောက်ခံမဲအများဆုံးရရှိပါက ဥပဒေများကို ပြင်ဆင်နိုင်သည့် အမြင့်ဆုံးအာဏာကို နက်ဆက်လွှတ်တော်က ရရှိထားပါသည်။ နက်ဆက်လွှတ်တော်အနေဖြင့် အခြေခံဥပဒေ (အချက် ၁၁ ချက်)ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်လာပါကလည်း အခြေခံဥပဒေဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူ၍ ပြင်ဆင်နိုင်ပါသည်။

၂၀၁၃ ခုနှစ်တွင် နက်ဆက်လွှတ်တော်အနေဖြင့် အခြေခံဥပဒေ (အချက် ၁၁ ချက်)ကိုအခြေခံ၍ တရားဝင်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ပြုစုထားရှိရန် စတင်ဆောင်ရွက်ခဲ့ပါသည်။ နက်ဆက်လွှတ်တော်အနေဖြင့် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်ကြသော ကော်မတီများဖွဲ့စည်းခြင်း၊ ဝန်ကြီးချုပ်အမည်စာရင်း တင်သွင်းရွေးချယ်ခြင်း၊ အစိုးရအဖွဲ့ဖွဲ့စည်းရန် သဘောတူညီခြင်း၊ သမ္မတနှင့် နိုင်ငံတော်ထိန်းသိမ်းကြီးကြပ်သူတို့ကို ရွေးကောက်တင်မြှောက်ခြင်း စသည့်လုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာ ထိန်းကျောင်းခြင်းများကို ဆောင်ရွက်ပါသည်။ ထို့အပြင် သမ္မတနှင့် နိုင်ငံတော်ထိန်းသိမ်းကြီးကြပ်သူတို့ကို အာဏာမှရုပ်သိမ်းဖယ်ရှားခြင်း၊ လွှတ်တော်ကို ဖျက်သိမ်းခြင်းနှင့် ရွေးကောက်ပွဲအသစ်ကျင်းပရန် ဆောင်ရွက်ခြင်းစသည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင်အစ္စရေးနိုင်ငံ၌အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီးနောက် နှစ်ဆယ့်လေးကြိမ်မြောက် နက်ဆက်လွှတ်တော်ကို ခေါ်ယူကျင်းပနိုင်ခဲ့ပါသည်။

အုပ်ချုပ်ရေးအာဏာ

အစ္စရေးနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို အစ္စရေးအစိုးရက တာဝန်ယူဆောင်ရွက်အုပ်ချုပ်ပါသည်။ အစ္စရေးနိုင်ငံတွင် ဝန်ကြီးချုပ်သည် နိုင်ငံရေးဩဇာတိက္ကမ အကြီးမားဆုံးသောသူဖြစ်ပါသည်။ ဝန်ကြီးချုပ်ကို နက်ဆက်လွှတ်တော်၏ထောက်ခံချက်ဖြင့် သမ္မတက ခန့်အပ်ခြင်းဖြစ်ပါသည်။ (၁၉၉၆ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်ကာလအတွင်း ဥပဒေအသစ်ပြဋ္ဌာန်းချက်အရ ဝန်ကြီးချုပ်ကို ပြည်သူမှ တိုက်ရိုက်ရွေးချယ်ခဲ့ပါသည်။) အများအားဖြင့် အင်အားကြီးပါတီ၏ဥက္ကဋ္ဌကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လေ့ရှိပါသည်။ ဝန်ကြီးချုပ်သည် အစ္စရေးနိုင်ငံ၏ အစိုးရအကြီးအကဲဖြစ်သကဲ့သို့ လွှတ်တော်အကြီးအမှူးလည်းဖြစ်ပါသည်။ လက်ရှိ ဝန်ကြီးချုပ်မှာ ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲပြီးနောက် ရွေးချယ်ခန့်အပ်ထားသည့် Naftali Bennett ဖြစ်ပြီး ဆယ့်သုံးယောက်မြောက် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဝန်ကြီးချုပ်အနေဖြင့် အစိုးရအဖွဲ့က မဲပေး၍ ဆုံးဖြတ်ထားသော နိုင်ငံတကာနှင့် ပြည်တွင်းရေးရာမူဝါဒများကို အတည်ပြုချမှတ်ပေးရပါသည်။ ဝန်ကြီးများ၊ အစိုးရဝန်ကြီးဌာနများ၏ အကြီးအကဲများ၊ ဒုတိယဝန်ကြီးများ၊ သီခြားတာဝန်ယူထားခြင်းမရှိသည့် ဝန်ကြီးများဖြင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်။ အစိုးရအဖွဲ့၏ဝန်ကြီးများကို ဝန်ကြီးချုပ်က ခန့်အပ်ထားခြင်းဖြစ်ပါသည်။ သို့သော်လည်း အစိုးရအဖွဲ့ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ နက်ဆက်လွှတ်တော်တွင်တင်ပြ၍ အတည်ပြုချက်ရယူရန် လိုအပ်ပါသည်။ အစိုးရအဖွဲ့ဝင်များကို ဝန်ကြီးချုပ်က ဖြုတ်ချထုတ်ပယ်ပစ်နိုင်သော်လည်း အစားထိုးခန့်အပ်မည်ဆိုပါက နက်ဆက်လွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဖြစ်ပါသည်။ အစိုးရအဖွဲ့တွင်ခန့်အပ်သည့် ဝန်ကြီးအများစုသည်လည်း နက်ဆက်လွှတ်တော်ကိုယ်စားလှယ်များသာ ဖြစ်ပါသည်။ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း အစိုးရအဖွဲ့အစည်းအဝေးကို ကျင်းပလေ့ရှိပြီး အခြေအနေအချိန်အခါအရ လိုအပ်လာပါကလည်း အစည်းအဝေးများ ထပ်မံခေါ်ယူကျင်းပနိုင်ပါသည်။

အစိုးရအဖွဲ့အစည်းအဝေး၏ ဥက္ကဋ္ဌသည် ဝန်ကြီးချုပ်ဖြစ်ပါသည်။ နိုင်ငံတကာရေးရာနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများ ချမှတ်ရန်အလို့ငှာ လုံခြုံရေးဆိုင်ရာအစိုးရအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပါသည်။ လုံခြုံရေးဆိုင်ရာအစိုးရအဖွဲ့ကို ဝန်ကြီးချုပ်ကဦးဆောင်ပြီး သီခြားရွေးချယ်ထားသောဝန်ကြီးများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

စာမျက်နှာ ၁၉ သို့ ★

★ စာမျက်နှာ ၁၈ မှ

စစ်မက်ဖြစ်ပွားခဲ့မှုများ၊ နိုင်ငံရေးမတည်ငြိမ်သည့် အချိန်များ၊ ပဋိပက္ခဖြစ်ပွားနေသည့် အချိန်များတွင် ထိရောက်လျင်မြန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် သံတမန်ရေးရာ စေ့စပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် လုံခြုံရေးဆိုင်ရာအစိုးရအဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

အစ္စရေးနိုင်ငံတွင် ဝန်ကြီးဌာန ၂၈ ခုရှိပြီး ဝန်ကြီးဌာနတစ်ခုချင်းအနေဖြင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကဏ္ဍတစ်ခုချင်းစီအလိုက် တာဝန်ယူဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ ဝန်ကြီးဌာနတစ်ခုချင်းစီကို အစိုးရအဖွဲ့နှင့်နက်ဆက်လွတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ထားသည့် ဝန်ကြီးတစ်ဦးစီကဦးဆောင်၍တာဝန်ယူဆောင်ရွက်ပါသည်။ အစ္စရေးနိုင်ငံတွင် နိုင်ငံတော်ထိန်းသိမ်းကြီးကြပ်သူ (State Comptroller) တစ်ဦးရှိပါသည်။ ထိုနိုင်ငံထိန်းသိမ်းကြီးကြပ်သူကို နက်ဆက်လွတ်တော်အတွင်း လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပြီး ထိုနိုင်ငံတော်ထိန်းသိမ်းကြီးကြပ်သူအနေဖြင့် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များ၊ မူဝါဒများကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်းများကို ဆောင်ရွက်ပါသည်။

လွတ်တော်ရွေးကောက်ပွဲများကို ပုံမှန်အားဖြင့် လေးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိသော်လည်း ညွှန့်ပေါင်းအစိုးရဖွဲ့ရန် တည်ငြိမ်သည့်အခြေအနေမရှိခြင်း (သို့တည်းမဟုတ်) လွတ်တော်အတွင်း ယုံကြည်စိတ်ချစွာ မဲပေးရွေးချယ်နိုင်ခြင်းမရှိသည့် အခြေအနေများကြောင့် အစိုးရအဖွဲ့ကို စောစီးစွာ ဖျက်သိမ်းလိုက်ရသည့် အခြေအနေများလည်းရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် အစ္စရေးနိုင်ငံ၏ ၃၆ ခုမြောက်သော အစိုးရအဖွဲ့ကို ၂၀၂၁ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

အစ္စရေးနိုင်ငံ၏ အကြီးအကဲမှာ သမ္မတဖြစ်၍ လက်ရှိသမ္မတမှာ Isaac Herzog ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပါသည်။ သမ္မတ၏ သက်တမ်းမှာ ခုနှစ်နှစ်ဖြစ်ပါသည်။ သမ္မတအနေဖြင့် ၎င်း၏အာဏာဖြင့်ပြဋ္ဌာန်းနိုင်သော ဥပဒေများကို လက်မှတ်ရေးထိုးပြဋ္ဌာန်းခြင်း၊ နိုင်ငံတကာသဘောတူစာချုပ်များ၊ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်း၊ လုပ်ထုံးလုပ်နည်းများအရ ဝန်ကြီးချုပ်ခန့်အပ်မှုကို အတည်ပြုသဘောတူခြင်း၊ သံအမတ်ကြီးများခန့်အပ်ခြင်း၊ နိုင်ငံတကာသံရုံးများမှ သံတမန်များခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့အပြင် အစိုးရအဖွဲ့တွင် ပါဝင်သည့် အခြားအရေးကြီးတာဝန်များကိုလည်း ထမ်းဆောင်ပါသည်။ သမ္မတသည် ပြစ်ဒဏ်ကျခံနေရသည့်အကျဉ်းသားများကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့်အာဏာကို ပိုင်ဆိုင်ထားသောအစိုးရအဖွဲ့၏ တစ်ဦးတည်းသောအာဏာပိုင်ဖြစ်ပါသည်။ သမ္မတအနေဖြင့် အစ္စရေးဒေသကို အုပ်ချုပ်သည့်အာဏာပိုင်များ၊ Magen David Adom ဟုခေါ်ဆိုသည့် နိုင်ငံတော်အရေးပေါ်အခြေအနေကယ်ဆယ်ရေးလုပ်ငန်း၏ဥက္ကဋ္ဌနှင့် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းအမြောက်အမြား၏ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များကို ခန့်အပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ပါသည်။ ထို့အပြင် တရားသူကြီးများကို ခန့်အပ်ရန် လျာထားပြီးနောက် ၎င်းတို့ကိုခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါသည်။

တရားစီရင်ရေးအာဏာ

အစ္စရေးနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍကို အစိုးရအဖွဲ့နှင့်ဆက်စပ်ခြင်းမရှိဘဲ အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်ရန် စီမံထားရှိပါသည်။ တရားစီရင်ရေးစနစ်၏အကြီးအကဲမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အကြီးအကဲနှင့် တရားရေးဝန်ကြီးဌာနဝန်ကြီးတို့ ဖြစ်ပါသည်။ အစ္စရေးနိုင်ငံတွင် ဘာသာပေါင်းစုံ မှိတင်းနေထိုင်လျက်ရှိသောကြောင့် ဘာသာရေးနှင့် လောကီရေးဆိုင်ရာတရားရုံးများကိုလည်း တရားစီရင်ရေးကဏ္ဍတွင် ထည့်သွင်းထားရှိပါသည်။ တရားရေးစနစ်တွင် တရားစီရင်ရေးဆိုင်ရာတရားရုံးများ၊ ဘာသာရေးဆိုင်ရာတရားရုံးများ၊ အလုပ်သမားဆိုင်ရာတရားရုံးများ၊ စစ်တရားရုံးများ၊ ရေတပ်မတော်ဆိုင်ရာတရားရုံးများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ တရားရုံးများအတွက် တရားသူကြီးများကို Judicial Selection Committee က ရွေးချယ်ခန့်အပ်ပါသည်။

လွှတ်တော်ရွေးကောက်ပွဲကျင်းပမှုအခြေအနေများ

အစ္စရေးနိုင်ငံသည်လည်း မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်သည့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အစ္စရေးနိုင်ငံကို လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၂၀ ဖြင့် ဖွဲ့စည်းထားသော နက်ဆက် (Knesset) ဟုခေါ်သည့် အထက်လွှတ်တော်က အုပ်ချုပ်ခြင်းဖြစ်၍ နက်ဆက်လွှတ်တော်အတွက် ကိုယ်စားလှယ်နေရာများ ရွေးချယ်ရာတွင် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး၍ ရွေးချယ်ခြင်းဖြစ်ပြီး စုစုပေါင်းခိုင်လုံမဲအရေအတွက်၏ အနည်းဆုံး ၃ ဒသမ ၂၅ ရာခိုင်နှုန်းအနိုင်ရရှိသော နိုင်ငံရေးပါတီများက လွှတ်တော်တွင် ပါဝင်ခွင့်ရရှိမည်ဖြစ်ပြီး ထိုအနိုင်ရပါတီများမှ ကိုယ်စားလှယ်များအားလုံးပါဝင်ကာ ညွှန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်း၍ အုပ်ချုပ်ခြင်းဖြစ်ပါသည်။

အစ္စရေးနိုင်ငံ၏ ရွေးကောက်ပွဲစနစ်သည် နက်ဆက်လွှတ်တော်အခြေခံဥပဒေနှင့် ၁၉၆၉ ခုနှစ် နက်ဆက်ရွေးကောက်ပွဲဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲတွင် မဲရေတွက်ရာ၌ D'Hondt စနစ်ကို အသုံးပြု၍ ရေတွက်ပါသည်။ ၁၉၉၂ ခုနှစ် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများကသာ ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ်သတ်မှတ်ထားပြီး မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံရေးပါတီများကို တိုက်ရိုက်ရွေးချယ်မဲပေးခြင်းစနစ်ကို ကျင့်သုံးပါသည်။ မဲရုံများကို နိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ထားရှိပါသည်။ သံရုံးဝန်ထမ်းများ၊ ကုန်သွယ်ရေးကြောင်းလုပ်ဆောင်နေသည့် ကုန်သည်များသာ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိပါသည်။

အထွေထွေရွေးကောက်ပွဲတွင် ရရှိသောခိုင်လုံမဲစုစုပေါင်း၏ အနည်းဆုံး ၃ ဒသမ ၂၅ ရာခိုင်နှုန်းခန့် ရရှိသော နိုင်ငံရေးပါတီကိုသာ အချိုးကျကိုယ်စားပြုရွေးချယ်ရာတွင် ထည့်သွင်းတွက်ချက်သွားမည် ဖြစ်ပါသည်။ ထိုသတ်မှတ်ချက်သည် နိုင်ငံရေးပါတီအချို့ကို လွှတ်တော်တွင် နေရာမရရှိနိုင်စေရန် ဖန်တီးထားသည့်အခြေအနေဟု ဆိုနိုင်သော်လည်း အချို့သောပါတီများကိုလည်း မဟာမိတ်ဖွဲ့နိုင်ရန်အတွက် တွန်းအားပေးသည့် အခြေအနေတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့သတ်မှတ်လုပ်ဆောင်လိုက်ခြင်းအားဖြင့် နိုင်ငံရေးအရောင်အသွေးစုံပါဝင်သော နိုင်ငံရေးပါတီငယ်များအနေဖြင့် မဟာမိတ်ဖွဲ့ကာ အာဏာကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ကြက်ကျင့်သုံးလာနိုင်သည့် အခြေအနေပင်ဖြစ်ပါသည်။

၁၉၆၉ ခုနှစ် ရွေးကောက်ပွဲများမတိုင်မီက နိုင်ငံရေးပါတီအမျိုးမျိုးက မဟာမိတ်ဖွဲ့ကာ ပေါင်းစည်းဆောင်ရွက်မှုများရှိသော်လည်း အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီကမျှ အပြတ်အသတ်အနိုင်ရခြင်းမရှိသည့်အတွက် ပါတီစုံပါဝင်သော ညွှန့်ပေါင်းအစိုးရကိုဖွဲ့၍ အုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသော အစ္စရေးနိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ရှိ၍ ပြည်ပတွင် အခြေချနေထိုင်လျက်ရှိသော အစ္စရေးနိုင်ငံသားများအနေဖြင့် အစ္စရေးနိုင်ငံသို့ ပြန်လာ၍ မဲပေးရန် လိုအပ်ပါသည်။ သို့သော်လည်း အစ္စရေး ကုန်တင်သင်္ဘောများတွင် မဲပေးနိုင်ရန်အတွက် မဲရုံကို ဖွင့်လှစ်ထားရှိပါသည်။ ဗဟိုရွေးကောက်ပွဲကော်မတီဦးစီး၍ နက်ဆက်ရွေးကောက်ပွဲဥပဒေများအတိုင်း ရွေးကောက်ပွဲများကို ကြီးမှူးကျင်းပပါသည်။

ဗဟိုရွေးကောက်ပွဲကော်မတီဖွဲ့စည်းထားရှိမှု

၁၉၆၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နက်ဆက်ရွေးကောက်ပွဲဥပဒေအရ နက်ဆက်လွှတ်တော်အသစ်ဖွဲ့စည်းပြီး ရက်ပေါင်း ၆၀ အတွင်း ဗဟိုရွေးကောက်ပွဲကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။ နက်ဆက်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ ဗဟိုရွေးကောက်ပွဲကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများဖြင့်ဖွဲ့စည်းထားသောအဖွဲ့က တရားလွှတ်တော်တရားသူကြီးတစ်ဦးကို ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ၂၄ ကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲအတွက် ဥက္ကဋ္ဌမှာ တရားသူကြီး Uzi Fogelman ဖြစ်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်များမှာ နက်ဆက်လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာရရှိထားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြစ်ပါသည်။

လွှတ်တော်တွင် ကိုယ်စားလှယ်အရေအတွက် လေးနေရာနှင့်အထက် ရရှိထားသော နိုင်ငံရေးပါတီအနေဖြင့် ကိုယ်စားလှယ်လေးနေရာလျှင် ဗဟိုရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် သတ်မှတ်၍ ခန့်အပ်ထားရှိပါသည်။ ကိုယ်စားလှယ်အရေအတွက် လေးနေရာထက်နည်း၍ ရရှိထားသော နိုင်ငံရေးပါတီအနေဖြင့် အနည်းဆုံးဗဟိုရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်တစ်ဦးနှုန်းသတ်မှတ်၍ တာဝန်ထမ်းဆောင်ရပါသည်။ လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာရရှိမှု အများဆုံးဖြစ်သော နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။ အကယ်၍ နိုင်ငံရေးပါတီများအနေဖြင့် ကိုယ်စားလှယ်အရေအတွက် ရရှိမှုပိုမိုများပြားပါက ဒုတိယဥက္ကဋ္ဌကို ရှစ်ဦးအထိတိုးမြှင့်ခန့်ထားနိုင်ပါသည်။ (၁၄) ကြိမ်မြောက် နက်ဆက်လွှတ်တော်တွင် တရားလွှတ်တော်တရားသူကြီးတစ်ဦးကို ကော်မတီ၏ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နက်ဆက်လွှတ်တော်အတွင်း ကိုယ်စားလှယ်ရရှိမှုအများဆုံး နိုင်ငံရေးပါတီ ခုနစ်ခုမှ ကိုယ်စားလှယ် ခုနစ်ဦးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိသော နိုင်ငံရေးပါတီ ၁၃ ပါတီမှ အထက်ဖော်ပြပါတွက်ချက်မှုအရ ကိုယ်စားလှယ် ၂၆ ဦးတို့က အဖွဲ့ဝင်အဖြစ်လည်းကောင်း စုစုပေါင်း ၃၄ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ ကော်မတီဝန်ထမ်းများ၏အကြီးအကဲသည် ညွှန်ကြားရေးမှူးချုပ်ဖြစ်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မတီလက်အောက်တွင် ဘဏ္ဍာရေးဆိုင်ရာဆပ်ကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာဆပ်ကော်မတီ၊ အထူးမဲရုံများဆိုင်ရာဆပ်ကော်မတီ၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာဆပ်ကော်မတီ၊ မဲရုံနေရာနှင့် မဲဆန္ဒရှင်များကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာဆပ်ကော်မတီနှင့် တင်ဒါဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိကာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းထားရှိမှု

ရွေးကောက်ပွဲမတိုင်မီ သုံးလဝန်းကျင်၌ ဒေသဆိုင်ရာကော်မတီများကို ဖွဲ့စည်းပါသည်။ ဒေသဆိုင်ရာ ကော်မတီဖွဲ့စည်းမှုသည်လည်း ဗဟိုရွေးကောက်ပွဲကော်မတီဖွဲ့စည်းမှုအတိုင်းပင် ဖြစ်ပါသည်။ ထိုကော်မတီများတွင် တရားသူကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်၍ ကော်မတီအဖွဲ့ဝင်များကိုလည်း အချိုးကျကိုယ်စားပြုစနစ်ဖြင့် ပါဝင်စေပါသည်။ ထိုဒေသဆိုင်ရာကော်မတီဖွဲ့စည်းမှုကို ဗဟိုရွေးကောက်ပွဲကော်မတီထံသို့ တင်ပြ၍ အတည်ပြုချက်ရယူပါသည်။ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒေသဆိုင်ရာကော်မတီ ၁၉ ခု ဖွဲ့စည်း၍ ဆောင်ရွက်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၅၂ ရက်ထက်နောက်မကျစေဘဲ ဒေသဆိုင်ရာကော်မတီများကို ဖွဲ့စည်းထားရှိရမည် ဖြစ်ပါသည်။ ထို့ကြောင့် (၂၄) ကြိမ်မြောက် နက်ဆက်လွှတ်တော်အတွက် ဒေသဆိုင်ရာကော်မတီတစ်ခုစီတွင် အဖွဲ့ဝင် ၃၄ ဦး ခန့်အပ်ထားရှိပါသည်။ မတူညီသည့် အချက်တစ်ခုမှာ ဒေသဆိုင်ရာကော်မတီတွင် ဒုတိယဥက္ကဋ္ဌ သုံးဦးသာခန့်အပ်ထားရှိပါသည်။ တစ်ချိန်တည်း၌ပင် ဗဟိုရွေးကောက်ပွဲကော်မတီနှင့် ဒေသဆိုင်ရာကော်မတီများတွင် ဝန်ထမ်းများကို တိုးမြှင့်ခန့်အပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကော်မတီလက်အောက်၌ တာဝန်ထမ်းဆောင်နိုင်ရန် ဝန်ထမ်းပေါင်း ၄၀၀၀ နီးပါးကို ခန့်အပ်ခြင်းတို့ကိုဆောင်ရွက်ပါသည်။ ထိုဝန်ထမ်းများ၏ သက်တမ်းမှာ ခန့်မှန်းခြေအားဖြင့် သုံးလခန့်သာ ဖြစ်ပါသည်။ ရွေးကောက်ပွဲနေ့တွင် တာဝန်ထမ်းဆောင်မည့် မဲရုံဝန်ထမ်းများကို ဒေသဆိုင်ရာကော်မတီက သင်တန်းများပို့ချ၍ သင်ကြားပေးပါသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

အစ္စရေးနိုင်ငံ၏ အခြေခံဥပဒေအရ နက်ဆက်လွှတ်တော်အတွက် အထွေထွေရွေးကောက်ပွဲကို ဂျူးလူမျိုးတို့ပြက္ခဒိန်အရ ကျရောက်သော Cheshvan လ (အောက်တိုဘာလအစောပိုင်းနှင့် နိုဝင်ဘာလလယ်)၏ အင်္ဂါနေ့တွင် ကျင်းပလေ့ရှိသည်။ လေးနှစ်တစ်ကြိမ်ကျင်းပပါသည်။ သို့သော်လည်း အခြေအနေတစ်ရပ်ရပ်ကြောင့် သတ်မှတ်ထားသောရက်ထက်စော၍ ရွေးကောက်ပွဲကျင်းပနိုင်ကြောင်း အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားပါသည်။ နိုင်ငံရေးအကြောင်းတရားများဖြစ်ပေါ်လာခြင်း၊ အစိုးရအနေဖြင့် ၎င်းတို့ချမှတ်ဆောင်ရွက်သည့်မူဝါဒများကို လွှတ်တော်မှ ထောက်ခံမှုမရှိတော့ခြင်း စသည့်အခြေအနေများနှင့် ကြုံတွေ့ရသည့်အချိန်တွင် ရွေးကောက်ပွဲ ထပ်မံကျင်းပရန်အတွက် နက်ဆက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်၍သော်လည်းကောင်း၊ သမ္မတက အမိန့်ပြန်တမ်း ထုတ်ပြန်၍သော်လည်းကောင်း ရွေးကောက်ပွဲတစ်ရပ် ထပ်မံကျင်းပနိုင်ပါသည်။ နှစ်စဉ်ဘဏ္ဍာငွေသတ်မှတ်ခြင်းကို နက်ဆက်လွှတ်တော်အနေဖြင့် မတ်လ ၃၁ ရက်နေ့တွင် အတည်ပြုရန် ပျက်ကွက်ခြင်းသည်လည်း ရွေးကောက်ပွဲကို စောချိကျင်းပစေနိုင်သည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ နက်ဆက်လွှတ်တော်ကိုယ်စားလှယ်အများစုက ထောက်ခံပါက ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းသတ်မှတ်ခြင်းများလည်း ပြုလုပ်နိုင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

နှလုံးသားကို ဖြူစင်အောင်ထားပါ

သိကြားမင်းက ကိုယ်ယောင်ပြပြီး "သင်အောင်မြင်ချင်ရင် အောင်မြင်လို့ရပြီ၊ ခွင့်ပြုပြီ"လို့ ဘယ်တော့မှ ပြောမှာတော့မဟုတ်ပါဘူး

ကျော်ကျော်လှိုင်

စလုပ်ပါ

စာဖတ်သူဖြစ်ဖူးမယ်ထင်ပါတယ်။ အလုပ်စားပွဲမှာ အလုပ်လုပ်နေတုန်း မတွေ့ရတာကြာပြီဖြစ်တဲ့ ငယ်သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်တယ်။ သူငယ်ချင်းရဲ့ ဖုန်းနံပါတ်ကိုမှတ်ဖို့ ဘောပင်ရှာတော့ အလွယ်တကူရှာမတွေ့ဖြစ်တယ်။ သူငယ်ချင်းကို ခဏဖုန်းကိုင်ထားဖို့ ပြောပြီး ဘောပင်ကို ရှာတယ်။ ရှုပ်ထွေးနေတဲ့ ဖိုင်အပုံတွေကြားထဲမှာ ရှာတယ်။ မတွေ့ဘူး။ "ဒီနားလေးတင်ထားမိတာပါ" ဆိုပြီး ဖိုင်တွေကို လှန်ရှာတယ်။ ရုံးကို မတင်ရသေးတဲ့ပြေစာတွေ၊ မဆောင်ရသေးတဲ့ တယ်လီဖုန်းဘေလ်တွေ၊ ပျောက်နေတဲ့ဖိတ်စာတွေပဲ ထွက်လာတယ်။

အံဆွဲကို ဖွင့်ရှာတော့ သုံးပြီးသားဓာတ်ခဲအဟောင်းတွေ၊ သွားကြားထိုးတံတွေ၊ ထိုင်းနိုင်ငံက အကြွေစေ့တွေ၊ ပိန်ဆေးကြော်ငြာတွေ၊ post card တွေကြားထဲမှာ ရှားရှားပါးပါး Marker Pen အနီရောင်ကို ရလိုက်တယ်။ စာရွက်အကြမ်းတစ်ရွက်ကိုဆွဲပြီး Marker Pen နဲ့ပဲ ဖုန်းနံပါတ်မှတ်လိုက်တယ်။

စာဖတ်သူလည်း ရုံးကို မတင်ရသေးတဲ့ပြေစာတွေကိုစုပြီး ဖိုင်တစ်ခုနဲ့သိမ်းလိုက်တယ်။ တယ်လီဖုန်းဘေလ်တွေကို "အရေးကြီးလုပ်ရန်" ဆိုတဲ့ ဖိုင်ထဲမှာ တွဲလိုက်တယ်။ အရှိန်ရလာပြီး စားပွဲအံဆွဲကိုပါ ရှင်းလိုက်တယ်။ လွှင့်ပစ်သင့်တာတွေကို လွှင့်ပစ်တယ်။ သိမ်းသင့်တာတွေကို နေရာတကျသိမ်းလိုက်တယ်။

စိတ်ထဲမှာလည်း "ငါ့စားပွဲကို သပ်သပ်ရပ်ရပ်။ သန့်သန့်ရှင်းရှင်း ထားတော့မယ်" လို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်တဲ့အတိုင်း အစီအစဉ်ချတယ်။ ဖိုင်တွေကို အရောင်စနစ်တွေနဲ့ ခွဲထားလိုက်တယ်။ ဘောပင်တွေ၊ ခဲတံတွေ၊ ကတ်ကြေး၊ ဖိုင်တွဲစက် (Stapler) စတာတွေကို မတ်ခွက်တစ်ခုထဲမှာ စုထည့်လိုက်တယ်။ စားပွဲက သပ်သပ်ရပ်ရပ်နဲ့ သန့်သန့်ရှင်းရှင်းဖြစ်လာတဲ့အခါ အလွန်ပဲစိတ်ကြည်နူးတဲ့ပီတိကို စာဖတ်သူရဖူးမှာပါ။

စားပွဲရှင်းသလိုပါပဲ။ အလုပ်နဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေ ရေးတဲ့အခါ၊ အားကစားတစ်ခုကို စလုပ်တဲ့အခါ၊ လေ့ကျင့်ခန်းတစ်ခုကို လုပ်တဲ့အခါ စလုပ်ဖို့ပဲ လိုပါတယ်။ စလုပ်တာနဲ့ စိတ်ဝင်စားမှု ရှိလာပါလိမ့်မယ်။ စလုပ်တာနဲ့ စွမ်းအင်တွေပြည့်လာပြီး ပျော်ရွှင်မှုကြောင့် ဆက်လုပ်ချင်စိတ်ဖြစ်လာပါလိမ့်မယ်။

ကျွန်တော်တို့တွေ အမြဲတမ်းပြောတာက "စိတ်ပါတဲ့နေ့ကျရင် မနက်ထပြေးမယ်" မှားပါတယ်။ စမလုပ်မချင်းဘယ်တော့မှ စိတ်ပါမှာ မဟုတ်ပါဘူး။

"စိတ်ပါတဲ့နေ့ကျရင် စပြီးအစားလျှော့စားမယ်" မှားပါတယ်။ စပြီး အစားလျှော့မစားမချင်း စိတ်ပါမှာ မဟုတ်ပါဘူး။

"စွမ်းအားတွေ လိုသေးတယ်၊ ယုံကြည်မှုတွေ လိုသေးတယ်။ ဒါတွေရှိမှ ကိုယ်ပိုင်လုပ်ငန်းစမယ်" မှားပါတယ်။

စွမ်းအားတွေ၊ ယုံကြည်မှုတွေ၊ စိတ်ပါဝင်စားမှုတွေကို စလုပ်ပြီးမှ ရပါလိမ့်မယ်။ စလုပ်လိုက်တဲ့အခါမှာ စွမ်းအားတွေ ရှိလာပါလိမ့်မယ်။ လျှို့ဝှက်ချက်ကတော့ စလုပ်လိုက်ဖို့ပါပဲ။ စလုပ်တာနဲ့ပတ်သက်ပြီး သိသင့်တာရှိပါသေးတယ်။ ဘယ်အရာကိုမှ ရာနှုန်းပြည့်အဆင်သင့်ဖြစ်ပြီဆိုတာ မဖြစ်နိုင်ပါဘူး။ ဥပမာအားဖြင့် စာဖတ်သူက ရုံးမှာ အကြောင်းအရာတစ်ခုနဲ့ပတ်သက်ပြီး ဟောပြောပွဲလုပ်ရမယ်ဆိုပါစို့။ ရာနှုန်းပြည့် ပြင်ဆင်ပြီးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ စာဖတ်သူ ဘယ်နှကြိမ်ပဲ အစမ်းပြောပြော၊ ဘယ်နှကြိမ်ပဲ လေ့ကျင့်လေ့ကျင့် တကယ်ပြောတဲ့အခါကျတော့ ပြောပြီးတဲ့အခါ တစ်ခုခုလိုနေတာတွေ့ရပါလိမ့်မယ်။

ဒီလိုပါပဲ အခမ်းအနားနဲ့ မင်္ဂလာဆောင်ဖူးသူတွေ ကိုယ်တွေ့ဖြစ်ပါလိမ့်မယ်။ အခမ်းအနားနဲ့ ပရိသတ်ကြားထဲကိုလျှောက်တာ ဘယ်နှကြိမ်ပဲ လေ့ကျင့်ထားပါစေ တကယ်လျှောက်ပြီးတဲ့အခါကျတော့ နောက်တစ်ခါသာ လျှောက်ခွင့်ရရင်ဆိုတဲ့ ပြင်ချင်တာလေးတွေ၊ ဖြည့်စွက်ချင်တာလေးတွေ စဉ်းစားမိမှာပါ။

ကိုမောင်မောင်က ပြောပါတယ်။ "ကျွန်တော်မမှားနိုင်ဘူး၊ အောင်မြင်ရမယ်ဆိုတဲ့ အာမခံချက်ရရင် ကျွန်တော်စလုပ်မယ်" မှားပါတယ်။ ကိုမောင်မောင် တစ်ခုခုကိုလုပ်ဖို့ ဆုံးဖြတ်ပြီးတဲ့အခါ အကောင်းဆုံးပြင်ဆင်ပြီး အဆိုးဆုံးကို မျှော်လင့်ထားပါ။ ပြီးရင်တော့ စလုပ်ပါ။ မမှားပါဘူးဆိုတဲ့ အာမခံချက်ကတော့ ဘယ်သူ့ဆီကမှ မရနိုင်ပါဘူး။ အဓိကကတော့ စလုပ်ဖို့နဲ့ မှားခဲ့ရင်လည်း မှားတာကို သင်ခန်းစာယူပြီး ဆက်လုပ်ဖို့ပါပဲ။

ကတိတည်ပါစေ

စိတ်ပညာရှင်တွေနဲ့ ဒဿနိကဆရာတွေက "မိမိကိုယ်မိမိ ယုံကြည်မှုရှိမှ အောင်မြင်မှုရမယ်" လို့ ဆိုကြပါတယ်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိဖို့ကတော့ ပြောခဲ့တဲ့အတိုင်းလုပ်ပြီး လုပ်တဲ့အတိုင်း ပြောဖို့ လိုပါတယ်။ ကတိတွေ၊ လုပ်ပေးမယ်ဆိုတာတွေနဲ့ပတ်သက်ရင် လူတော်တော်များများက ပေါ့ပေါ့ပဲသဘောထားတတ်ကြပါတယ်။ လာပါမယ်လို့ ပြောထားပြီး ရောက်မလာသူတွေ၊ ပေးစရာရှိတဲ့ငွေကို မပေးဘဲ ရှောင်နေသူတွေ၊ ကတိတစ်လုံးကို လွယ်လွယ်ပေးပြီး ပျက်တတ်သူတွေကို စာဖတ်သူတွေ့ဖူးမှာပါ။ သူတို့တွေဟာ ကတိပျက်ရုံမက အောင်မြင်မှုတွေ မရတဲ့အခါ လောကကြီးက မတရားဘူးလို့ အပြစ်ပြောတဲ့သူတွေပါ။

ကိုယ်လုပ်နိုင်တာကိုပဲ ကတိပေးပါ။ လိုအပ်လို့ ကတိပေးရမယ်ဆိုရင်တောင် အနည်းဆုံးကိုပဲပေးပါ။ ပေးပြီးရင်တော့ ကတိတည်ဖို့ လိုပါတယ်။ ကတိတည်လာတဲ့အခါ၊ လုပ်တဲ့အတိုင်းပြောပြီး ပြောတဲ့အတိုင်းလုပ်တဲ့အခါ မိမိရဲ့ပြောတဲ့စကားက မိမိအတွက် ဥပဒေဖြစ်လာပါတယ်။ မိမိကိုယ်မိမိ ယုံကြည်မှုတွေလည်း ပြည့်လာပါလိမ့်မယ်။

သတ္တိ

"မိုးရွာရင် မိုးရေချိုးမယ်။ မေမေလာရင်. . ." ဆိုတဲ့ ကိုင်ဇော သီချင်းကို စာဖတ်သူတိုင်း ကြားဖူးကြမှာပါ။ ဒီသီချင်းလေးကို ကြားရင် ငယ်စဉ်က မိုးရွာထဲမှာ ဘောလုံးကန်တာကို တွေးပြီး ပျော်ရွှင်ကြည်နူးရပါတယ်။

လက်တွေ့မှာတော့ ရုံးကအပြန် ညနေခင်း မိုးရွာရင် လမ်းတွေ ရေလျှံ၊ ကားတွေပိတ်ပြီး စိတ်ညစ်ရပါတယ်။ မြွေတွေ၊ ပင့်ကူတွေကြားထဲမှာ အင်ဒီယားနာဂျုန်း(စ်) (Indiana Joanes) လမ်းလျှောက်ပြီး အန္တရာယ်တွေ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာကိုကြည့်ပြီး စိတ်လှုပ်ရှား ပျော်ရွှင်ရပါတယ်။ လက်တွေ့မှာတော့ လေအေးစက်ပျက်ပြီး ပူအိုက်တဲ့အခါမှာ စိတ်တိုပြီး ပေါက်ကွဲကြပါတယ်။ တကယ်တော့ လက်တွေ့ဘဝမှာ ကျွန်တော်တို့ တွေ့ကြုံရတဲ့အခက်အခဲတွေ၊ ထိတ်လန့်တုန်လှုပ်စရာတွေက ရုပ်ရှင်ထဲမှာထက် ပိုပါတယ်။

အစစအရာရာ အဆင်ပြေဖို့ကို ကျွန်တော်တို့ အမြဲမျှော်လင့်ကြပါတယ်။ ငွေကြေးအဆင်ပြေရုံသာမက လေယာဉ်ပျံတွေ အချိန်မီထွက်ရမယ်။ လမ်းတွေ ကားရှင်းရမယ်။ ဘဏ်မှာ ငွေသွားထုတ်ရင် လူရှင်းရမယ်စတဲ့ အရာရာမှာ အဆင်ပြေလွယ်ကူချောမွေ့ဖို့ ကျွန်တော်တို့ လိုချင်ကြပါတယ်။ ဖြစ်မလာတဲ့အခါ စိတ်ဖိစီးမှုဒဏ်ကို ခံရပါတယ်။

တကယ်တော့ ဘဝကြီးက အစစအရာရာအဆင်ပြေပြီး ဘာပြဿနာမှမရှိရင် အလွန်ပျင်းဖို့ ကောင်းပါလိမ့်မယ်။ ဦးနှောက်တွေလည်း သံချေးတက်ပြီး အလုပ်လုပ်မှာ မဟုတ်တော့ပါဘူး။ ဘဝမှာ ဘယ်လိုဖြစ်ရမယ်။ ဘယ်လိုဖြစ်သင့်တယ်ဆိုတဲ့ စည်းကမ်းတွေ မထုတ်ရင် ဖြစ်လာတဲ့ ပြဿနာမှန်သမျှကို ဖြေရှင်းဖို့၊ ရင်ဆိုင်ဖို့ ပိုလွယ်ကူပါလိမ့်မယ်။

စိတ်ကူးယဉ်တဲ့အတိုင်းတော့ လက်တွေ့ဘဝက မဖြစ်နိုင်ပါဘူး။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့အခါတိုင်း အခက်အခဲလို့ မမြင်ဘဲ အခွင့်အရေးလို့မြင်နိုင်အောင် ကြိုးစားပါ။ စိတ်ဝင်တစား ဇွဲရှိရှိနဲ့ အခက်အခဲကို ကျော်နိုင်အောင် ကြိုးစားပါ။ အခက်အခဲကို ကျော်တာနဲ့ ရရှိမယ့်အခွင့်အရေးကို မြော်တွေးပါ။

တစ်ခါတလေကျရင် တော်တဲ့သူ၊ ဉာဏ်ကောင်းတဲ့သူထက် စွန့်စားရဲတဲ့သူ၊ သတ္တိရှိသူက သာသွားတာကို စာဖတ်သူတွေလည်း ကြုံဖူးမှာပါ။ ကိုမောင်မောင်က ပြောပါတယ်။ "ကျွန်တော် ဘွဲ့နှစ်ခု ရထားတယ်။ ဉာဏ်လည်းကောင်းတယ်။ မယုံနိုင်စရာပဲ။ ကျွန်တော့်လောက် မတတ်တဲ့သူက ကျွန်တော့်ထက် စီးပွားရေးပိုကောင်းနေတယ်။ လောကရဲ့ ဥပဒေသတစ်ခုက ကျွန်တော်တို့ရဲ့ ငွေ သို့မဟုတ် ရာထူးကို ဆုံးရှုံးမှာမကြောက်ရင် အကျိုးကျေးဇူးရနိုင်တယ်ဆိုတာပါပဲ။"

မိမိအနားမှာ မိမိလုပ်ရပ်တွေကို မေးခွန်းထုတ်မယ့်သူ ဆန့်ကျင်မယ့်သူတွေထားပါ။ သူတို့ရှိတဲ့အတွက် ဘဝက အဆင်မပြေပေမယ့် အမှန်ကိုတော့ သိပါလိမ့်မယ်။ မိမိနားမှာ မိမိအလိုလိုက်ပြီး အကောင်းပြောမယ့်သူတွေ ထားရင်တော့ အခက်အခဲတွေနဲ့ ကြုံတွေ့ရပြီး ကျဆုံးမှုတွေ ဖြစ်လာရင် "ခင်ဗျား အပြစ်မဟုတ်ပါဘူး" လို့ နှစ်သိမ့်ပါလိမ့်မယ်။ စိတ်ကျေနပ်မှုကိုရပြီး အဆင်ပြေပေမယ့် အမှန်နဲ့တော့ ဝေးရပါလိမ့်မယ်။

ပြန်တိုက်ခိုက်ပါ

"နှလုံးသားကို ဖြူစင်အောင်ထားပါ" ဆိုတာ စိတ်ထားပျော့ပါ။ သူတစ်ပါးအလိုကို အမြဲလိုက်ပါလို့ ဆိုလိုတာမဟုတ်ပါဘူး။ ကမ္ဘာကြီးက ပြိုင်ဆိုင်မှုတွေ ကြမ်းတမ်းပြီး သဘာဝနိယာမတရားတွေက ရက်စက်ပါတယ်။ အားငယ်တဲ့သိုးငယ်ကို ဝံပုလွေက စားမှာပါပဲ။ အားနည်းပျော့ညံ့တဲ့သူကိုလည်း စားမယ့်သူတွေ အပြည့်ပါပဲ။

အလုပ်နဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေရေးတဲ့အခါ၊ အားကစားတစ်ခုကို စလုပ်တဲ့အခါ၊ လေ့ကျင့်ခန်းတစ်ခုကို လုပ်တဲ့အခါ စလုပ်ဖို့ပဲလိုပါတယ်။ စလုပ်တာနဲ့ စိတ်ဝင်စားမှုရှိလာပါလိမ့်မယ်။ စလုပ်တာနဲ့ စွမ်းအင်တွေပြည့်လာပြီး ပျော်ရွှင်မှုကြောင့် ဆက်လုပ်ချင်စိတ် ဖြစ်လာပါလိမ့်မယ်။ လျှို့ဝှက်ချက်ကတော့ စလုပ်လိုက်ဖို့ပါပဲ

သင်ပျော့ညံ့ရင် သင့်ကို ဝံပုလွေက သတိထားမိပါလိမ့်မယ်။ သင့်ကို ပစ်မှတ်ထားပါလိမ့်မယ်။ သင်အစားခံရပါလိမ့်မယ်။

တစ်ခါတုန်းက ဖားတစ်ကောင်က စမ်းချောင်းဘေးမှာ ထိုင်နေပါတယ်။ ကင်းမလင်မည်းတစ်ကောင်က ရောက်လာပြီး "ကိုဖား ကျွန်တော့်ကို ခင်ဗျားနောက်ကျောပေါ်မှာ တင်ပြီး စမ်းချောင်းတစ်ဖက်ကို ကျေးဇူးပြုပြီး ပို့ပေးပါ။ ကျွန်တော် ရေမကူးတတ်လို့ပါ" လို့ပြောပါတယ်။

ကိုဖားက "ခင်ဗျားတို့ ကင်းမလင်မည်းတွေက ဖားတွေကို ကိုက်တယ်" လို့ ပြောပါတယ်။ ကင်းမလင်မည်းက "မကိုက်ပါဘူးဗျာ။ ကျွန်တော်က ဟိုဘက်ကမ်းရောက်ချင်တာပဲ" လို့ပြောပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကို ဖြူစင်အောင်ထားပါ" စာအုပ်မှ သိကြားမင်းက ကိုယ်ယောင်ပြပြီး "သင်အောင်မြင်ချင်ရင် အောင်မြင်လို့ရပြီ၊ ခွင့်ပြုပြီ"လို့ ဘယ်တော့မှ ပြောမှာတော့မဟုတ်ပါဘူး ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

ဝက်လက်မြို့နယ်၌ Telenor ဆက်သွယ်ရေးတာဝါတိုင်တစ်ခုအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ

နေပြည်တော် စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ Telenor ဆက်သွယ်ရေးတာဝါတိုင်တစ်ခုအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့နံနက် ၉ နာရီတွင် ဝက်လက်မြို့နယ် အုတ်ဖိုကုန်းကျေးရွာအနီး၌ စိုက်ထူထုတ်လွှင့်နေသည့် Telenor ဆက်သွယ်ရေးတာဝါတိုင်တစ်ခု၏ အောက်ခြေရှိ တာဝါတိုင်တွင် တပ်ဆင်အသုံးပြုထားသည့် စက်များအား လျှပ်စစ်ဓာတ်အားပေးသည့် ဘက်ထရီပုံးအောက်၌ အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်မိုင်းတစ်လုံးထောင်ကာ ဖောက်ခွဲခဲ့မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ထိုကဲ့သို့ ပေါက်ကွဲမှုကြောင့် တာဝါတိုင်နှင့် ဘက်ထရီအိုးများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရပြီး ဖောက်ခွဲရေးပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုနန္ဒာလမ်းနှင့် ကရုဏာလမ်းဆုံ၌ လက်လုပ်မိုင်းလာရောက်ပစ်ခတ်ဖောက်ခွဲသူ နှစ်ဦးအား ပြည်သူများက ဝိုင်းဝန်းဖမ်းဆီး

ရဲမြင့်အောင်

သိန်းဇော်(ခ)ပါကျဲ

နေပြည်တော် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုနန္ဒာလမ်းနှင့် ကရုဏာလမ်းဆုံ၌ ယမန်နေ့ညနေပိုင်းတွင် လက်လုပ်မိုင်းပစ်ခတ်ဖောက်ခွဲသူ နှစ်ဦးအား အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုနန္ဒာလမ်းနှင့် ကရုဏာလမ်းဆုံနေရာအား ယမန်နေ့ ညနေ ၆ နာရီခွဲခန့်တွင် အကြမ်းဖက်သူ နှစ်ဦး ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲကာ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တရားခံများဖြစ်သည့် သိန်းဇော်(ခ)ပါကျဲနှင့် ရဲမြင့်အောင် တို့နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါလက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့တွင်းလုံခြုံရေးအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မိုင်းရယ်မြို့နယ်၌ သေနတ် ကိုးလက်နှင့် ကျည်မျိုးစုံ ၅၉ တောင့် သိမ်းဆည်းရမိ

မိုင်းရယ် စက်တင်ဘာ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ ယနေ့မွန်းလွဲ ၂ နာရီက အခြေချစစ်ဗျူဟာဌာနချုပ်(တန့်ယန်း)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခွန်အောင်သွင်ဦးစီးသည့် ပူးပေါင်းအဖွဲ့၊ အမှတ် (၂၃) မူးယစ်တပ်ဖွဲ့စု (တန့်ယန်း)မှ ယာယီရဲမှူး ကျော်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မိုင်းရယ်မြို့မရဲစခန်းမှ ရဲအုပ် ရဲမြင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့(မိုင်းရယ်)မှ ရဲအုပ် မင်းနိုင်ထွန်း၊ စစ်ဘက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့(မိုင်းရယ်)မှ တပ်ကြပ်ကြီး ဇော်မင်းစိုးတို့သည် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာအုပ်စု နမ္မတုံးကျေးရွာအနီး လာရှိးမြို့သို့ မောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏နောက်ခုံကျောမှီအတွင်း သိုဝှက်ထည့်သွင်းသယ်ဆောင်လာသည့် သေနတ်ကိုးလက်နှင့် ကျည်မျိုးစုံ ၅၉ တောင့်အား ဖမ်းဆီးရမိခဲ့သည်။

နန်းမိုအေး၊ စိုင်းလင်းအောင်ခိုင်နှင့် စိုင်းစိုးမိုးအောင်တို့ကို သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

အရေးယူဆောင်ရွက်

အဆိုပါယာဉ်အား မောင်းနှင်လာသူ စိုင်းလင်းအောင်ခိုင်မူဆယ်မြို့နှင့်အတူ လိုက်ပါလာသူ ၎င်း၏ဇနီးဖြစ်သူ နန်းမိုအေးမူဆယ်မြို့နှင့် စိုင်းစိုးမိုးအောင် နမ့်ခမ်းမြို့ နေထိုင်သူတို့အား မိုင်းရယ် မြို့မရဲစခန်း၌ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မာလာ

■

တွံတေးတူးမြောင်းဖြတ်ကျော် ၃၃ ကေဗွီ ခတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ် ရေကြောင်း ခေတ္တပိတ်ထားမည်

နေပြည်တော် စက်တင်ဘာ ၈

တွံတေးတူးမြောင်းဖြတ်ကျော် ၃၃ ကေဗွီ လျှိုင်သာယာ-တွံတေး ခတ်အားလိုင်း သွယ်တန်းခြင်းကို တွံတေးတူးမြောင်း မိုင်တိုင် ၁၁ ဒသမ ၅ မိုင်နှင့် ၁၂ မိုင် အကြားတွင် စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်၏ အထက်နှင့် အောက်ဘက်ရှိ တွံတေးတူးမြောင်းအတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က စောင့်ဆိုင်းပြီး ရေလမ်း ခေတ္တပိတ်ထားမည် ဖြစ်သည်။

တွံတေးတူးမြောင်းကို ဖြတ်သန်းမည့် ရေယာဉ်များသည် လုပ်ငန်းခွင်မှ လွတ်ကင်းရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ခွင့်ပြုမှသာ လုပ်ငန်းခွင်ကို ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **သတင်းစဉ်**

စက်တင်ဘာ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၇၀၂ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းအား ပံ့မှန်ဆောင်ရွက်လျက်ရှိရာ (၇-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၈-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၅,၃၉၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၇၀၂) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၈၅၆,၇၃၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၂,၁၀၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၅၃၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၇၀,၅၉၉)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၁၇၃) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၉-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၈၈၇,၀၂၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂,၉၈၁,၈၇၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၁,၉၀၅,၁၅၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၇-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၇,၈၆၈,၉၀၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၁,၅၁၅)ခု	(၂၄၂)ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၅၈)ခု	(၁၃၂)ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၃၉၅)ခု	(၇)ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၇၃)ခု	(၁၃၂)ဦး
စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၁၅)ခု	(၁)ဦး
လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၁၂၈)ခု	(၁၂)ဦး
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၆၄၂)ခု	(၂၂)ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၉၉၂)ခု	(၂၇၂)ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၂၁,၅၈၀)ခု	(၂,၁၂၀)ဦး
စုစုပေါင်း	(၂၅,၃၉၈)ခု	(၂,၇၀၂)ဦး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေ (၇-၉-၂၀၂၁) ရက်နေ့

ကာကွယ်ဆေးထိုးနှံမှု	အရေအတွက်
ပထမအကြိမ်ထိုးနှံပြီး လူဦးရေ	(၁,၉၀၅,၁၅၂) ဦး
ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ	(၂,၉၈၁,၈၇၇) ဦး
ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း	(၄,၈၈၇,၀၂၉) ဦး
စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)	(၇,၈၆၈,၉၀၆) ကြိမ်

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၄၁၂၁၈၈၇၈	၃၁၅,၂၂၆,၆၃၃	၆၆၉,၀၅၇
၂။	အိန္ဒိယ	၃၃၀,၉၆၇,၁၈၈	၃၂,၆၄၄,၀၅၁	၄၄၁,၄၄၃
၃။	ဘရာဇီး	၂၀,၉၁၃,၅၅၈	၁၉,၉၃,၆၄၆	၅၈၄,၀၈
၄။	ရုရှား	၇,၀၆၅,၉၀၄	၆,၃၂,၀၅၁,၂	၁၈၉,၅၈၂
၅။	ဗြိတိန်	၇,၀၅၆,၁၀၆	၅၆၆,၇၅၀,၀၈	၁၃,၃၄၃
၆။	ပြင်သစ်	၆၈၅,၄၀၂,၈	၆၄,၁၈၂,၂၄	၁၁၅,၁၅၉
၇။	တူရကီ	၆၅,၄၂၆,၅၄	၅၉,၉၄,၃၄,၄	၅၈၆,၁
၈။	အာဂျင်တီးနား	၅,၂၁၈,၀၁	၄၉,၀၉,၄,၅၃	၁၁,၈၅၁
၉။	အီရန်	၅,၂၀၉,၇၈	၄,၄,၃၃,၆၅၁	၁၁,၄,၃၀
၁၀။	ကိုလံဘီယာ	၄၉,၂,၄၁၀	၄,၇၅၆,၉,၇၆	၁,၅,၃,၇၈

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၄၁၄,၇၃၆,၅၅	၃၈၇,၆၇၆,၆၀	၁၃,၇၈၂
၂။	ဖိလစ်ပိုင်	၂၁၃,၀၀၅	၁၉,၈၁၉,၈	၃,၆၇၂
၃။	မလေးရှား	၁၉၀,၀၄,၆၇	၁၆,၂,၆၃,၁	၁၉,၁၆၃
၄။	ထိုင်း	၁၃,၂၂,၅၁၉	၁၁၆,၆၃,၆၄	၁၃,၅၁၁
၅။	ဗီယက်နမ်	၅၁၀,၉၉၆	၃,၁၁,၁၁၀	၁၃,၇၀၁
၆။	မြန်မာ	၄,၃,၁၀၄	၃,၇၀,၅၉၉	၁၆,၁,၃
၇။	ကမ္ဘောဒီးယား	၉၆,၃,၅၅	၉,၀၁,၅	၁၉,၈၇
၈။	စင်ကာပူ	၆၉,၅၈၂	၆၆,၇,၄	၅၅
၉။	လာအို	၁၆,၅,၆	၅,၅၆,၈	၁၆
၁၀။	ဘရူနိုင်း	၃,၆၈,၃	၂,၁,၄,၉	၁၆

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။



လူအပေါင်းတို့ စကားစပ်မိကြပြီဆိုလျှင် တစ်ကြိမ်သောအခါက ရေနံ့သာအိမ်ကြီး မီးစွဲလောင်ခဲ့သည့် အကြောင်း မပါလျှင်မပြီး။ ခင်ခင်ကြီးအနေနှင့်မူ ထိုအကြောင်းကို စိုးစဉ်းမျှသိခဲ့သည်မဟုတ်။ ထိုစဉ်က သူသည် လသမီးမျှသာရှိသေးသည်။ ဘာတစ်ခုမျှ မသိတတ်။ စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ကောင်းအောင် မီးလောင်ကျွမ်းသည်။ လူတို့လက်လွတ်ထွက်ပြေးကြရသည်။ အသက်ကိုလုရ၍ အိမ်မှထွက်ခဲ့ကြသည်။ သည်တွင် ဘွားဘွားသည် အသက်ကိုပဓာနမထားဘဲ အထုပ်တစ်ထုပ်ကို ရအောင်ဆွဲခဲ့သည်။ . . .

ယမန်နေ့မှအဆက်

“ဒါတော့ မမေမေရယ်။ ချမ်းချမ်းစီးစီးနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်နေတာပဲလို့။ သူ့ဟာသူ ကျွတ်သွားတာ ဘယ်လိုလုပ်သိပ့်မလဲ။ ဘွားဘွားကိုက ဆိုးတာပါ။ ကြည့်နေ။ တစ်နေ့ကျရင် ဘွားဘွား အိပ်နေတုန်း စောင်ကို လာဆွဲဦးမယ်။ အဲဒီကျရင် ဘွားဘွားလည်း ထဘီမြဲမြဲကြည့်ရသေးတာပေါ့”

ခင်ခင်ကြီး ထိုင်ရာမှထသည်။ မျက်နှာသစ်သည်။ ထိုနောက် မေမေအသင့်ပြင်ပေးထားသော လက်ဖက်ရည်စားပွဲမှ ထိပ်ဆုံးကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ ကြည့်မိလျှင် ဝေမှိုင်းသော အသွင်အပြင်ကို မြင်နေရဆဲရှိပါသည်။ နေအရောင်သည် နှင်းမြူထုကို အကြိတ်အနယ် ထိုးဖောက်နေရဆဲ ရှိသည်။ များစွာမလင်းသေး။ နှင်းမြူထုသည် ပိုမို ထူထပ်သိပ်သည်းစွာ ကျဆင်းနေဆဲပင်။

မြင်တွေ့ရလေသော သစ်ပင်ပန်းပင်များမှာ အရွက်ဝေဝေဆာဆာရှိသည်ကား မဟုတ်ပေ။ ပုရစ်နုမြရွက်သစ်နှင့် ကျေးဥဝေစီမျှသာရှိသေးသည်။ အပင်တို့ ရွက်ကျင်ကို စွန့်ခဲ့သည်မှာ မကြာတတ်သေး။ သို့ပေမဲ့ ကရမက်ပန်းတို့ ပွင့်နေကြပေပြီ။ ဆွတ်ပျံ့ဖွယ်သော အနံ့အသက်ကို ဖြန့်ဖြူးနေပေပြီ။ ဒန်းပင်မှာ အပွင့်ကျားကျားကလေးများ ပွင့်စပြုသည်။ ခေါင်ရန်းပန်းတို့မှ နှာမောင်းတံသည်လေအတိုးတွင် ဟိုမှသည်မှ ယိမ်းနွဲ့လျက်ရှိသည်။

တိုက်ပန်းသည် ပန်းရောင်လွင်သည်။ တိုက်ပန်းနွယ်နှင့် ရောယှက်နေသည့် မြတ်လေးပန်းမှာ နီသည်။ တိုက်ပန်းနှင့် မြတ်လေးတို့ကို ရောနှောကြည့်မြင်ရသည်မှာ ပန်းရောင်ကော်ဇောတွင် အနီအစက်ပြောက်ကလေးများ ရက်ဖောက်ထားသည်သို့ ရှိပါသည်။

ခြံအတွင်းမှ ငှက်ကလေးများ၏ စိုးစိုးစီစီ အော်မြည်သံကို ကြားနေရသည်။

နံနက်ခင်းသည် စိတ်ဝမ်းချမ်းမြေ့ဖွယ် အသွင်အပြင်ကို ဆောင်ယူလျက်ရှိသည်။

အခါတိုင်းနေ့များကဆိုလျှင် ခင်ခင်ကြီးသည် ယင်းသို့သော ချမ်းမြေ့ဖွယ် နံနက်ခင်းကို လွတ်ခဲ့ရမြဲပင်။ ဘွားဘွားပြောသလို နေဖင်ထိုးမှ အိပ်ရာကထတတ်မြဲပင်။

စင်စစ်တွင် သည်ကနေ့ နံနက်စောစောထရန် မမေမေက သတိအပေးခဲ့သား။ ပြီးလျှင် ညအိပ်ရာဝင်စဉ်ကလည်း စောစောထမည်ဟု ခင်ခင်ကြီး ဆုံးဖြတ်ခဲ့သည်။ သို့စင်လျက်နှင့် ဘွားဘွားနှိုးလေမှ နိုးရသည်။

မိမိတို့အိမ်ကြီးမှာ အခါတိုင်းကထက် ထူးခြားသလို ရှိနေရသည်ဟု ခင်ခင်ကြီးထင်သည်။ အခါတိုင်းကလည်း သပ်ရပ်သည်။ သန့်ရှင်းသည်။ ပရိဘောဂများကို သူ့နေရာနှင့်သူ နေရာတကျ ထားတတ်သည်ပင်။ သို့ပေမဲ့ ယနေ့တွင်မူ အခါတိုင်းထက် ပိုမိုသပ်ရပ်နေသည်။ ပိုမိုသန့်ရှင်းသည်။ ပရိဘောဂများကို နေရာချသည့်နေရာတွင်လည်း မမေမေမှာ စိတ်တိုင်းကျသည်မရှိ။ ခဏခဏ ပြင်ဆင်သည်။ ဟိုနေရာမှ သည်နေရာ၊ သည်နေရာမှ ဟိုနေရာ မကြာခဏ ပြောင်းလွဲတတ်လေရာ အစေခံများမှာ မနားရအောင်ရှိသည်။ ခန်းဆီးများ ကန့်လန့်ကာများသည်ပင် တစ်ခါတစ်ရံမျှ မတပ်ဖူးသေးသော အသစ်များ ဖြစ်ကြပေသည်။

သည်တော့လည်း ခင်ခင်ကြီး၏စိတ်မှာ သည်ကနေ့ ကိုကိုပြန်လာမည့်နေ့ပါကလားဟု အမှတ်ရသည်။

ယမန်နှစ်က ကိုကိုနှင့်ခွဲရမည်ပြုစဉ် ငိုခဲ့မိသည်ကိုလည်း သတိရသည်။

ထိုစဉ်ကဆိုလျှင် အဘယ်ကြောင့် ကိုကိုအား တစ်နယ်တစ်ကျေးသို့ ပို့မည်ဆိုခြင်းကို ခင်ခင်ကြီး နားမလည်နိုင်ခဲ့။ ပြီးလျှင် အဘယ်ကြောင့် ကိုကိုသည် မိမိအား ကြာရှည်စွာ ခွဲခွာထားခဲ့သည်ကိုလည်း မစဉ်းစားတတ်နိုင်ခဲ့။

ကိုကိုသည် အစဉ်လို အေးဆေးသူ၊ တည်ငြိမ်သူ၊ မိဘစကား နားထောင်သူ ဖြစ်ပါလျက် သားဆိုးသမီးဆိုးတစ်ယောက်နှယ် အဝေးသို့ ပို့ထားမည်ဆိုခြင်းကို မတွေးတတ်ခဲ့။

နောက်မှပင် ကိုကို့အား ရန်ကုန်မြို့ရှိ စည်းကမ်းအကောင်းဆုံး၊ ပညာသင်ကြားရာတွင် အတော်ဆုံးကျောင်းကြီး တစ်ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား အဖြစ် ပို့အပ်ခဲ့ခြင်းဖြစ်ကြောင်း တစ်စထက်တစ်စ နားလည်လာရသည်။

ယင်းသို့ ပို့ခဲ့ခြင်းအားဖြင့် ကိုကို့အဖို့ရော၊ မိမိတို့အိမ်သားများအဖို့ပါ များစွာဂုဏ်ရှိကြောင်း တွေ့လာရသည်။

ဖေဖေဆိုလျှင် ကိုကိုနှင့်ပတ်သက်သော လာသမျှစ့ေသည်တိုင်းကို ခပ်ကြွားကြွား စကားဆိုတတ်သည်။ ကိုကို့အား “စိန်ပေါလ်” ကျောင်းကြီးတွင် ကျောင်းထားကြောင်း ပြောရသည်မှာ အမောပင်။

ဖေဖေ့စကားကို ကြားရသူအပေါင်းတို့ကလည်း ယင်းစကားအတွက် တအံ့တသြရှိကြသည်။ များစွာ အထင်တကြီးနှင့် တလေးတစား ရှိနေကြသည်ကို တွေ့ရသည်။

သည်တော့မှပင် ခင်ခင်ကြီးသည် ကိုကို့အား ရန်ကုန်သို့ပို့ခဲ့ခြင်းအပေါ် နားလည်ရသည်။ ဂုဏ်ယူလာတတ်သည်။ ကျောင်းမှာဆိုလျှင်လည်း ယင်းအကြောင်းကို သူငယ်ချင်းများနှင့် ပြောရသည်မှာ အမောပင်။ ကိုကို့အား လွမ်းရသော စိတ်ဖြင့် ကျအံ့သည့်မျက်ရည်ကို သည်အခါကျမှပင် ထိန်းချုပ်နိုင်စွမ်းရှိခဲ့သည်။

စင်စစ် ကိုကိုနေသောကျောင်းမျိုးကို လူတိုင်းမနေနိုင်။ စရိတ်ကြီးလေးသည်ဖြစ်၍ ချမ်းသာသောမိဘများကသာ မိမိတို့သားသမီးများကို ထားနိုင်သည်ဟု ခင်ခင်ကြီး နားလည်ရသည်။

ယနေ့တွင် ကိုကိုသည် အိမ်သို့ပြန်လာတော့မည် ဖြစ်လေသည်။

ကိုကို့ကို မြင်ရတော့မည်ဖြစ်၍ ခင်ခင်ကြီး ဝမ်းသာသည်။ ကိုကို တစ်ယောက် မည်သို့မည်ပုံ ပြောင်းလဲလာမည်နည်းဟု တွေးတော စဉ်းစားသည်။ ကိုကိုသည် အိမ်မှ ထွက်သွားစဉ်ကနှင့် တူမှတူပါလေစ။ အဖိုးစားနားကြီးမြင့်လှသော ကျောင်းကြီးက ကိုကိုအား မည်သို့မည်ပုံ ပြောင်းလဲ၍များ လွှတ်လိုက်လေမည်နည်း။

ကိုကိုသည် အသားပို၍ဖြူလာလေမည်လား။ အရပ် ပို၍ရှည်လာလေမည်လား၊ စသည်ဖြင့် တွေးမိလေတော့လည်း ကိုကို့ကို ချက်ချင်းပင် တွေ့ချင်သည်။

ကိုကိုသည် မမေမေထက် ဖေဖေနှင့် ပို၍ဆင်သည်။ အရပ်အမောင်းကောင်းသည်။ အသားညိုသည်။ သို့ပေမဲ့ ဖေဖေ့လို တုတ်တုတ်ခိုင်ခိုင်မဟုတ်။ ပိန်ပိန်ပါးပါးပင်။ ဖေဖေ့လိုပင် မေးရိုးကားသော်ငြား၊ နှာတံပေါ်သော်ငြား၊ ပြည့်တင်းသည့် နှုတ်ခမ်းရှိသော်ငြား၊ မမေမေ့ဘဲသို့ သိမ်မွေ့ညှံ့သက်သော မျက်ဝန်းမျိုးကို ပိုင်ဆိုင်သည်။ ယင်းမျက်ဝန်းများသည် စေတနာကို သော်လည်းကောင်း၊ မေတ္တာနှင့် ကရုဏာကိုသော်လည်းကောင်း အစဉ် ဖော်ကျူးလျက်ရှိသည်ဖြစ်ရာ ကိုကိုအား မြင်တွေ့ဆက်ဆံရသူတိုင်းက ခင်မင်ကြသည်။ တွယ်တာကြသည်။ လေးစားကြသည်။

မြို့ကကျောင်းမှာရှိစဉ် စာတော်သည်။ ထက်ထက်မြက်မြက်ရှိသည်ဟု ကျော်စောသည်။ ရိုးသည်။ အေးသည်။ လူအများနှင့် မရောဘဲ တသီးတသန့် နေတတ်သည်။

ကိုကို့လိုသားမျိုးကို ဖေဖေ့အနေနှင့် စိတ်တိုင်းမကျ။ အားမရဖြစ်နေသည်ကို ခင်ခင်ကြီး မတွေးတတ်အောင် ရှိရလေသည်။ ကိုကိုနှင့်ပတ်သက်၍ ဖေဖေသည် ကျေကျေနပ်နပ်ရှိပုံ မပြလှပေ။

စင်စစ်တွင်လည်း သည်ကမ္ဘာပေါ်တွင် ဖေဖေကျေနပ်သူဟူ၍ တစ်စုံတစ်ယောက်မျှပင် မရှိတော့ပြီလား ထင်ရသည်။ ဖေဖေ့အနေနှင့် ကျေကျေနပ်နပ် လိုက်လိုက်လျောလျော ဆက်ဆံနိုင်မည့်သူ တစ်ဦးတစ်ယောက်ရှိသည်ဆိုပါက ထိုသူကို ခင်ခင်ကြီး အံ့သြလေးစားမိမည် အမှန်ပင်။

တစ်အိမ်လုံးရှိသမျှလူတိုင်းက ဖေဖေဆိုလျှင် ကြောင်ကိုမြင်ရသည့် ကြွက်ငယ်များအသွင် ငြိမ်သက်သွားတတ်ကြသည်။ ရေနံ့သာခင်ကြီးမှာ ဖေဖေ၏ အရိပ်အသွင်ကို မြင်နေရချိန်ဆိုပါက တစပြင်ပမာ တိတ်ဆိတ်နေတတ်သည်။ ငြိမ်သက်နေတတ်သည်။ စောစောကလို အုတ်အုတ်ကျက်ကျက် ရယ်မောရွှင်ပျရှိကြရသည့်ကာလမှာ ဖေဖေအိမ်တွင် ရှိမနေသော အခိုက်အတန့်တွင်သာ ဖြစ်နိုင်ပေသည်။

ယုတ်စွအဆုံး ဘွားဘွားကိုယ်၌က ဖေဖေ့အားများစွာလေးစားခန့်ညားနေရသည်ကို ခင်ခင်ကြီး နားမလည်နိုင်။

အများ၏ဆိုစကားအရ ဘွားဘွားသည် ဖေဖေ၏ ကျေးဇူးရှင်ဖြစ်သည် သာမက တစ်အိမ်လုံး၏ ကျေးဇူးရှင်လည်း ဖြစ်နေသည်ဟု သိရသည်။

လူအပေါင်းတို့ စကားစပ်မိကြပြီဆိုလျှင် တစ်ကြိမ်သောအခါက ရေနံ့သာအိမ်ကြီး မီးစွဲလောင်ခဲ့သည့်အကြောင်း မပါလျှင်မပြီး။ ခင်ခင်ကြီးအနေနှင့်မူ ထိုအကြောင်းကို စိုးစဉ်းမျှသိခဲ့သည်မဟုတ်။ ထိုစဉ်က သူသည် လသားသမီးမျှသာရှိသေးသည်။ ဘာတစ်ခုမျှ မသိတတ်။

စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ကောင်းအောင် မီးလောင်ကျွမ်းသည်။ လူတို့ လက်လွတ်ထွက်ပြေးကြရသည်။ အသက်ကိုလုရ၍ အိမ်မှထွက်ခဲ့ကြသည်။ သည်တွင် ဘွားဘွားသည် အသက်ကို ပဓာနမထားဘဲ အထုပ်တစ်ထုပ်ကို ရအောင်ဆွဲခဲ့သည်ဟုဆိုသည်။ မီးဟပ်၍ သတိမေ့သွားရာ ဦးလေးကိုထွန်းခင်က ဝင်ရောက်ထမ်းထုတ်လာရသည်။

အကယ်၍ ယင်းအထုပ်ကိုသာ ဘွားဘွား မသယ်ဆောင်ခဲ့လေလျှင် ခင်ခင်ကြီးတို့မိသားစုအဖို့ ယခုလို အခြေတကျနေနိုင်ရန် မလွယ်။ မီးလောင်စဉ်က ကိုယ်တွင်ဝတ်ထားသည့် အဝတ်သာပါရှိခဲ့ကြသည်ဖြစ်၍ အတန်ကြာသည်အထိပြန်လည်ထူထောင်ရမည်သာ ဖြစ်လေသည်။

ဘွားဘွား၏အထုပ်က ကယ်မခဲ့သည်ဟု မမေမေက ပြောသည်။ ယင်းအထုပ်ကား စိန်နှင့်တကွ ကျောက်သံပတ္တမြားစသော လက်ဝတ်ရတနာ အထုပ်တည်း။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

မင်းပြားမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေး

မင်းပြား စက်တင်ဘာ ၈

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မင်းပြားမြို့နယ် စဉ့ဘလေကျေးရွာအုပ်စု သေကံကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် အမ်းသားကျေးရွာဘုန်းတော်ကြီးကျောင်းရှိ နေပူခံယာယီတိုက်ပွဲရှောင်စခန်းသတ်မှတ်စုရပ်များ၌ ကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ထိုသို့ ကိုဗစ် - ၁၉ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးစိုးမိုး၏ စီစဉ်လမ်းညွှန်ဆောင်ရွက်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းထွန်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် နေပူခံယာယီတိုက်ပွဲရှောင်စခန်း တာဝန်ခံများ ပူးပေါင်းပြီး ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းနှင့် ပုံမှန်အနေအထားရောက်မှသာ ကာကွယ်ဆေးထိုးနှံပေးပြီးနောက် ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံပြီးသူများကို မိနစ် ၃၀ ခန့် အနားယူစေခြင်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ နေပူခံယာယီတိုက်ပွဲရှောင်စခန်းရှိ ပြည်သူစုစုပေါင်း ၂၀၀ အား တရုတ်နိုင်ငံထုတ် Sinopharm ကို ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

သိန်းနုအောင်

ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေသည့် အသက် ၆၅ နှစ်အထက်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ဆက်လက်ထိုးနှံ

ကျောက်ဖြူ စက်တင်ဘာ ၈

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသည့် အသက် ၆၅ နှစ်နှင့် အထက်ရှိပြည်သူများကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ကျန်းမာရေးဌာနမှဝန်ထမ်းများက အဆိုပါခိုလှုံရာစခန်းသို့သွားရောက်၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအား ဒုတိယအကြိမ်မြောက် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုးနှံခြင်း

အဆိုပါ IDPs စခန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်း ရေးသွင်းကောက်ယူခြင်းများကို ဆောင်ရွက်ပေးပြီး ကျောက်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးများကို ထိုးနှံပေးသည်။

ကာကွယ်ဆေး ထိုးနှံပေးနေမှုနှင့်စပ်လျဉ်း၍ ကျောက်ဖြူမြို့၊ ကျောက်တစ်လုံး IDPs စခန်းမှ

ဒုတိယအဖွဲ့ခေါင်းဆောင် ဦးကိုကိုအောင်က “ကျွန်တော်တို့ ဒီကျောက်တစ်လုံး IDPs Camp မှာ ကိုဗစ်ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် ဩဂုတ် ၈ နေ့က ၁၂ ယောက်ကို ဒီ Camp ထဲမှာပဲ ထိုးပေးခဲ့ပါတယ်။ အခုလို အသက် ၆၅ နှစ်နှင့်အထက်ရှိသူတွေကို ကာကွယ်ဆေးထိုးပေးသလိုပဲ နောက်ထပ် ဒီစခန်းမှာရှိတဲ့ အသက် ၁၈ နှစ်အထက်ရှိတဲ့အကျိုးဝင်တဲ့သူတွေကိုလည်း ထိုးနှံပေးစေချင်ပါတယ်။ ကူညီလုပ်ကိုင်ပေးတဲ့ စေတနာ့ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အစိုးရကနေ ကျွန်တော်တို့ကို ကိုဗစ်-၁၉ ရောဂါ မဖြစ်အောင် ဒီကာကွယ်ဆေးတွေကို ထိုးပေးတဲ့အတွက်လည်း နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

ယုံကြည်မှုပိုမိုရှိ

ဆက်လက်ပြီး ကျောက်တစ်လုံး IDPs စခန်းရှိ ဆေးထိုးစုရပ်တွင် စေတနာ့ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နေသည့် မယမင်းသူကလည်း “သမီးက ဒီစခန်းမှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးလာထိုးတဲ့သူတွေကို ကူညီဆောင်ရွက်ပေးနေသူတစ်ယောက်ဖြစ်ပါတယ်။ ပထမအကြိမ် ကာကွယ်ဆေးထိုးတုန်းက မူးဝေဖျားနာခြင်းမရှိပါဘူး။ ဒုတိယအကြိမ်မြောက် ကာကွယ်ဆေးကို ထိုးပြီးသွားပြီဖြစ်လို့ မိမိကိုယ်ကို ယုံကြည်မှုပိုမိုရှိသွားပါတယ်။ မိမိတို့ IDPs စခန်းကို ဆေးလာရောက်ထိုးပေးတဲ့ ကျန်းမာရေးဌာနက ဝန်ထမ်းတွေနဲ့ ကာကွယ်ဆေးထိုးဖို့ချမှတ်ပေးတဲ့ နိုင်ငံတော်က အကြီးအကဲတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်ဟု”ပြောသည်။

အဆိုပါ ခိုလှုံရာစခန်းနေပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်တွင် ပြည်သူ စုစုပေါင်း ၂၄ ဦးအား ထိုးနှံပေးထားခဲ့ပြီး ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် စက်တင်ဘာ ၂ ရက်တွင် ၁၂ ဦးနှင့် စက်တင်ဘာ ၈ ရက်တွင် ကိုးဦး စုစုပေါင်း ၂၁ ဦးအား ဆက်လက်ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဇူလိုင်ကြယ်(ပြန်/ဆက်)

ပလောက်မြို့ နတ်စင်ကုန်း ကုန်ထုတ်စခန်း၌ အကျဉ်းသား ၁၂၀အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

ပလောက် စက်တင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ နတ်စင်ကုန်း ကုန်ထုတ်စခန်း၌ အကျဉ်းသား ၁၂၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက ပလောက်မြို့ အကျဉ်းဦးစီးဌာနခန်းမ၌ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ဒုတိယအကြိမ် ထိုးနှံပေး

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းသည် ဒုတိယအကြိမ်ထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံပေးရာသို့ ပလောက်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများကို QR Code ပါသည့် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးကြောင်း မှတ်တမ်းစာရွက်များကို ထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါမှတ်တမ်းစာရွက်သည် ခရီးသွားလာသည့်အခါ ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်အနေဖြင့် သွားလာရမည်ဖြစ်သည့်အတွက် ဆေးထိုးပြီးသူများ ရယူကြရန်နှင့် ပျက်စီးမှုမရှိအောင် စနစ်တကျသိမ်းဆည်းကြရန် လိုအပ်ကြောင်း မြို့ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

နှင်းမြူလွင် (ပလောက်)

■

အများသိစေရန်ခင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတင်မောင် (၁၂/စဆန (နိုင်) ၁၅၃၂၄၅၂) ၊ ဦးတင်ဆောင် (၁၂/စဆန (နိုင်) ၀၆၂၂၀၃) ၊ ဦးမြင့်မောင် (၁၂/စဆန (နိုင်) ၀၄၂၇၇၂) ၊ ဒေါ်မိမိဝင် (၁၂/စဆန (နိုင်) ၁၀၂၇၇၆) ၊ ဒေါ်စမ်းစမ်းအေး (၁၂/စဆန (နိုင်) ၀၀၂၇၀၊ ဦးဆောင်းကျော်မိုး (၁၂/စဆန (နိုင်) ၀၆၂၂၀၄) ၊ ဒေါ်သိတာ (၁၂/စဆန (နိုင်) ၀၆၂၆၀၆) ဦးလှမိုင်မိုး (၁၂/စဆန (နိုင်) ၀၆၂၆၀၇) ၊ ဒေါ်မြမြမိုး (၁၂/စဆန (နိုင်) ၀၆၂၆၀၈) တို့ဆောင်သူတို့၏လွဲအပ်ညွှန်ကြားချက်အရ ဆောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် “ ယခုကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ခြေဒိုတန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း အိမ်အမှတ် (၆) မြေတိုင်းရပ်ကွက်အမှတ် (၂၂ စီ) မြေကွက်အမှတ် (၈၃) ဟုခေါ် ကွင်းပေါ မြေဧရိယာစား နှစ် (၆၀) ဂရန်မြေ အလျားပေ (၈၀´ × ၅၀´) မှီ မြေကွက်အပါအဝင် အဂျီးဆီစာရွှေ့ အရပ်ရပ်ထားရလုံးကို ပူလေးဆယ်ဝါးပိုင်ရှင်ဖြစ်သော ဖခင်ဖြစ်သူ ဦးဗဒ္ဓိဂုဏသီမတ် (EF-၀၂၀၀၁) ကိုင်ဆောင်သူပိုင်ဆိုင်ပြီး ဖခင်ဖြစ်သူ ဦးဗဒ္ဓိဂုဏသီမတ် နှင့် မိခင် ဒေါ်ဆိုမီလာခါတွန်တို့ ကွယ်လွန်ပြီး ဖြစ်၍ ထု နောက်ပိုင်းတစ်ဆက်တည်းအခွဲခိုန်တွင် အထက်ဖော်ပြပါမြေကွက် အပါအဝင် အဂျီးခံစာရွှေ့အရပ်ရပ်ထားရလုံးကို ကျွန်ုပ်၏မိတ်ဆွေများမှာ တရားဝင်အရေးဆောင်မဲ့ပိုင်ပိုင်သူများမှာမရှိကြောင်း နှင့် ဆက်လက် ပေါ်ပေါ်လာနိုင်သည့် ပြဿနာများကို ကျွန်ုပ်၏မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်ဖြင့်သာ လုပ်ဆောင်ခွင့်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ဦးငင်း H.G.P, LL.B, D.B.L, D.I.L, D.M.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၁၁)

အမှတ်-၄၇၊ ၃-လွှာ၊ စမ္ဘာရံလမ်း၊ ဗဟိုရပ်ကွက်၊ (တောင်) နယ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၂၅၁၃၅၃၉၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ရေဆင်း
လျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင်ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်)	ခန့်ထားမည့် ရာထူးနေရာ	အနိမ့်ဆုံးရှိရမည့်ပညာအရည်အချင်း/ ကျွမ်းကျင်မှုအရည်အချင်း
(က)	အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	၄ နေရာ	ဒီပလိုမာ(သို့မဟုတ်)ဘွဲ့တစ်ခုခုရရှိရမည်။ ကွန်ပျူတာအခြေခံသင်တန်းတက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်။
(ခ)	ယာဉ်မောင်းစက်ပြင်(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	၂ နေရာ	အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ)ရှိရမည်။စက်ပြင်အတွေ့အကြုံနှင့် ယာဉ်မောင်းကျွမ်းကျင်ရမည်။
(ဂ)	ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၃ နေရာ	အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။
(ဃ)	စာပို့ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၁ နေရာ	အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။
(င)	အစောင့် (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၇ နေရာ	အခြေခံပညာမူလတန်းအောင်မြင်ရမည်။
(စ)	လုပ်သား(ဥယျာဉ်) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	၁ နေရာ	အခြေခံပညာမူလတန်းအောင်မြင်ရမည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၃၅)နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၂)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့နှင့် အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာဖုန်းနံပါတ်
(စ) အဖြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့်အတူအောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-
(က) လျှောက်ထားမည့်ရာထူးနေရာအတွက်အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း/ကျွမ်းကျင်မှု အရည်အချင်း တက်ရောက်အောင်မြင်ပြီးစီးကြောင်းအထောက်အထားမိတ္တူ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မိတ္တူ
(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာမြို့နယ်/ရပ်ကွက် ရဲတပ်ဖွဲ့တစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့အရွယ် ဓာတ်ပုံ(၃)ပုံ

၅။ လျှောက်လွှာကို ပါမောက္ခချုပ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ရေဆင်းထံလိပ်မူ၍ (၁၄-၉-၂၀၂၁) ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ အမှတ်စဉ်(က) လျှောက်ထားသူသည် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာရေးဖြေ၊ လူတွေ့နှုတ်ဖြေနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း ၊ အမှတ်(ခ)မှ(စ)အထိ လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေကိုဖြေဆိုရမည်ဖြစ်သည်။

၇။ ရေးဖြေစာမေးပွဲကိုသစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ရေဆင်း၌ ၁၆-၉-၂၀၂၁ ရက်နေ့တွင် လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၁၇-၉-၂၀၂၁ ရက်နေ့တွင်လည်းကောင်းပြုလုပ်မည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၅-၉-၂၀၂၁ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ရေဆင်း၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်။

၉။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇၃၄၁၆၆၈၁၊ ၀၆၇၃၄၁၆၅၈၃၉၊ ၀၆၇၃၄၁၆၅၈၃၀ သို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ရေဆင်း

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးကျော်အောင် နိုင်ငံသားကတ်အမှတ်(၁၀/မလမ(နိုင်)၁၅၂၅၅၄)၊ အမှတ်(၁၉-ဘ)၊ အောင်သုခလမ်း၊ အောက်ကျင်းရပ်ကွက်၊ မော်လမြိုင်မြို့နေသူ၏ဥပဒေနှင့်အညီ လွှဲအပ်ညှနှိကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးကျော်အောင်သည် မခင်သန္တာဝင်း မှတ်ပုံတင်အမှတ်[MME-661259]နှင့် အကြင်လင်မယားဖြစ်ကြပြီး သမီး(၂)ဦး ထွန်းကားကာ (၂၈-၇-၂၀၂၁)ရက်၌ ကွယ်လွန်သွားပါသည်။ မခင်သန္တာဝင်းသည် သက်ရှိထင်ရှားရှိစဉ်က မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဧရာပြဒြိုင်ရပ်ကွက်၊ ကသဝိလမ်း၊ အမှတ်(၄၄၀/က)ဟု ခေါ်တွင်သည့် ပေ(၂၀x၆၀)မြေကွက်ကို ဦးဟန်ဖာ(ခ) ဦးလှမ္မေ[၁၀/မလမ(နိုင်)၁၀၄၅၉၀] ထံမှ (၁) ဦးစီးဝင်း[၁၀/မလမ(နိုင်)၁၈၁၂၆၈]၊ (၂) ဦးဝင်းမြင့် [MME-661258]၊ (၃) ဒေါ်ခင်သန္တာဝင်း[MME-661259]တို့နှင့်အတူ စာချုပ်ပြုလုပ်ဝယ်ယူပိုင်ဆိုင်ထားပြီး မြေပေါ်တွင် အဆောက်အဦဆောက်လုပ်ခဲ့ပါသည်။ မခင်သန္တာဝင်း ကွယ်လွန်သွားပြီဖြစ်၍ ၎င်းနှင့်ပတ်သက်သည့် ခံစားပိုင်ခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးကျော်အောင်နှင့် သမီး(၂)ဦးတို့ ခံစားရပိုင်ခွင့်အပြည့်အဝရှိပါသည်။

အထက်ဖော်ပြပါ အမှတ်(၄၄၀/က) ပေ(၂၀x၆၀)အကျယ်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦနှင့် ဆက်စပ်နေသော အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးကျော်အောင်အား အသိပေးအကြောင်းကြားခွင့်ပြုချက်တောင်းခံရယူခြင်းမရှိဘဲ ရောင်းဝယ်၊ ငှားရမ်း၊ လွှဲပြောင်း၊ လျှဒါန်း ပေးကမ်းစွန့်လွှတ် အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ခြင်းပြုသည့် မည်သူကိုမဆို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညှနှိကြားချက်အရ-
ဦးစိန်မြင့်
(စဉ်-၁၀၉၁၆)
ဦးညီလင်းဖေ
(စဉ်-၃၅၃၂၆)
အထက်တန်းရှေ့နေများ
အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်းကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၀၇၄၀၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
Expression Of Interest (EOI) ဖိတ်ခေါ်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အောက်ပါစက်ရုံများအား လက်ရှိတည်နေရာများတွင် စီးပွားရေး တွက်ခြေကိုက်အရှယ်အစားရှိ ဓာတ်မြေဩဇာစက်ရုံသစ်တည်ဆောက်ရန် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် ဖိတ်ခေါ် အပ်ပါသည်။

(က) အမှတ် (၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)
(ခ) အမှတ် (၂) ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)

၂။ EOI တင်ပြရန်အတွက် လိုအပ်သည့်အချက်အလက်များနှင့် စက်ရုံဆိုင်ရာအချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website https://www.moee.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။ ဆက်သွယ်မေးမြန်းရန်ရှိပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဒုတိယအမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
တယ်လီဖုန်းအမှတ် : ၀၆၇-၃၄၁၀၅၉၉

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EOI)ကို အောက်ဖော်ပြပါလိပ်စာတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်(သို့မဟုတ်) အမြဲခြောဖြင့် ပေးပို့ရမည်ဖြစ်ပါသည်-

အမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
တယ်လီဖုန်းအမှတ် : ၀၆၇-၃၄၁၀၅၉၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
Expression Of Interest (EOI) ဖိတ်ခေါ်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အောက်ပါစက်ရုံများအား အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest-EOI) တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အမှတ် (၄) ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)
(ခ) အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)

၂။ EOI တင်ပြရန်အတွက် လိုအပ်သည့်အချက်အလက်များနှင့် စက်ရုံဆိုင်ရာအချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website https://www.moee.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။ ဆက်သွယ်မေးမြန်းရန်ရှိပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဒုတိယအမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
တယ်လီဖုန်းအမှတ် : ၀၆၇-၃၄၁၀၅၉၉

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (EOI)ကို အောက်ဖော်ပြပါလိပ်စာတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်(သို့မဟုတ်) အမြဲခြောဖြင့် ပေးပို့ရမည်ဖြစ်ပါသည်-

အမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
တယ်လီဖုန်းအမှတ် : ၀၆၇-၃၄၁၀၆၆၈

ပျောက်ဆုံးကြော်ငြာ

ကျွန်မ မနဋ်းစုဝေ[၁၁/စတန(နိုင်)၀၉၉၉၇၆]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-456703)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၆၆၀၉၇၅

သင့်
သွေးဖြင့်
အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ မိုးမခလမ်း အမှတ်(၅၈)မြေကွက်ပေါ်ရှိ ခြောက်ထပ်အဆောက်အဦ၏ စတုတ္ထထပ်၊ (၅လွှာ)၊ ဧရိယာ ၂၅၅၅၀ပေရှိ(အာစီ)အမျိုးအစားတိုက်ခန်း(၁)ခန်း၊ ရေမီတာ စသည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးကျင်ဝင်း(ခ)ဦးကြည်ဝင်း[၁/စခန(နိုင်)၀၃၃၂၉၀]က တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွယ်နူးမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှနှိကြားချက်အရ-
ဒေါ်စီစီအေး (စဉ်-၁၅၅၀၉)
တရားလွှတ်တော်ရှေ့နေ (LL.B,DBL)
အမှတ် (၁၄၆)၊ ပထမထပ်(အေ)၊ ဓေယျာသီရိ(၇)လမ်း၊
ဓေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်။
ဖုန်း-၀၉-၄၂၀၀၃၅၁၇

တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း
အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက အမှတ်(၇၅) (၅လွှာ-အေ)၊ သမိန်ဗလမ်း လမ်း၊ တာမွေမြို့နယ်ဟု ခေါ်တွင်သည့် တိုက်ခန်းကို တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသော ဦးဇော်မိုးဦး[၁၂/ဥကမ(နိုင်)၀၆၄၅၉၉] အမှတ်(၇၅)၊ (၅လွှာ-ဘီ)၊ စက်မှုရုတနာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်နေသူက အပြီးအပိုင်ရောင်းချရန်အတွက် စရန်ငွေ ပေးထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိပြီး (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းတန်ဖိုး အပြေအကျေ ပေးချေလက်ရောက်ရယူ အပြီးသတ်စာချုပ် ချုပ်ဆိုသွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှနှိကြားချက်အရ-
ခေါ်ဦမြောင်း
(စဉ်-၁၃၈၈၇၁)
တရားလွှတ်တော်ရှေ့နေ
ဦးညီလင်းဖေ
(စဉ်-၃၅၃၂၆)
အထက်တန်းရှေ့နေ
အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၀၇၄၀၆

ဥတုရာသီ တောကိုမှီ၏

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ တိုက်အမှတ်(၁၇)၏ ခေါင်းရင်းခြမ်းရှိ တိုက်ခန်းများနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းများဖြစ်ကြသည့် မြေညီထပ်(ဧာတိက သက်နံ့းတိုက်အား အင့်းချထားဆဲ)၊ ပထမထပ်၊ စတုတ္ထထပ်၊ ပဉ္စမထပ် (အင့်းချထားဆဲ)၊ သတ္တမထပ်နှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၂)လမ်း၊ အမှတ် (၈၄)၏ ၄-လွှာတိုက်ခန်း(၁)ခန်း၊ ရွှေတိဂုံဘုရား စောင်းတန်း တောင်ဘက်/မြောက်ဘက်မှခံတို့ရှိ ဆိုင်ခန်း(၂)ခန်းတို့သည် ကွယ်လွန်သူ ဖခင် ဦးဘဝ၊ မိခင် ဒေါ်တင်ကြည်တို့၏ သားသမီးများဖြစ်ကြသော ဦးတင်ဦး၊ (ဦးခင်မောင်ဦး)၏ တရားဝင်ဧနီး ဒေါ်ခင်မအောင်တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော အမွေဆိုင်ဝစ္စည်းများဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းတို့ (၂)ဦး၏ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ပါအမွေဆိုင်ပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ ငှားရမ်းခများ ကောက်ခံခြင်းတို့ မပြုလုပ်ရန် ကန့်ကွက်တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့် တရားစွဲဆိုသွားရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဦး၏ လွှဲအပ်ညှနှိကြားချက်အရ-
ဦးချစ်ကိုကို (ဘထစ်)
B.Sc.(Phy), H.G.P, D.B.L,D.M.L, D.I.L
D.A.Psy,WIPO(Switzerland) P.G.D.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၇)
ဒေါ်နုပြည့်လှိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၁၈၅၅၇)
ဒေါ်နေခြည်ဝင်းထွဋ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁၉)
ဦးအောင်ချမ်းမင်း
B.Sc(Chem), D.B.L, D.M.L,P.G.D.L
အထက်တန်းရှေ့နေ (စဉ်-၅၂၇၅၉)

အမှတ်(၁၃၇)၊ ဒုတိယထပ်(ညာ)၊ အခန်း(၆)၊ ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၄၀၅၅၆၇၊ ၀၉-၉၆၂၈၆၆၈၅၅၊ ၀၉-၄၅၃၀၀၅၂၃၇

ပြောက်ဆုံးကြောင်း

ကျွန်တော်တို့ PYAE HLYAN BHONE Co.,LTD သည် ID.No & Date: MA 0211056750 (25-8-2021)ဖြင့် ဖိုင်အညီဖြင့်လုစ်ခဲ့ပြီး လားရှိုးမြို့မှ ချင်းရွှေဟော်မြို့သို့ ပို့ဆောင်ရာတွင် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

Ph:09-254249659
09-780588566

မိဘမေတ္တာ
အုံပြိုညစ်ဆိပ်ကမ်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အလျှိုင်း (4) ပြီးနှယ်ရှိ မြေကွက်များဝယ်လိုသည်။ (ပွဲခပေးရန် မလိုပါ။)
09-454050540
09-407080736

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
(၁/၂၀၂၁-၂၀၂၂) (Mini) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်မှ ၂၀၂၁ -၂၀၂၂ (mini) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ အနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်- ၁၀-၉-၂၀၂၁ ရက် (သောကြာနေ့) နံနက် ၉:၃၀နာရီ

၃။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၈-၁၀-၂၀၂၁ ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီ

၄။ တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - ၁၂-၁၀-၂၀၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ

၅။ တင်ဒါတင်သွင်း၊ စိစစ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(ဖြို့ပြု)ရုံး၊ လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(ဖြို့ပြု)ရုံး
လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
ဖုန်း-၀၅၉-၅၁၀၁၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၄၄၀၊ စောင်ကိုလမ်း၊ အလျား(၄၀)×၀၀ အနဲ(၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ကော၊ အကျယ်အဝနှံ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့ တောင်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြဖွံ့ဖြိုးမှုနှင့် မြေစီမံခန့်ခွဲရေးဦးစီးဌာနတွင် ဦးစီးနိုင်ရိုးရှိ၊ ဒုနိုင်ငံသူ ဒေါ်စင်မြမြ(၁၂/ကမဟ(နိုင်)၀၁၅၁၀၇၇)မှ အမွေဆက်ခံဝိုင်ဆိုင်ငြိုး။ လက်ရောက်ပိုင်ဆိုင် ရောင်းဈေးနှုန်း စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ကြီးဌာန ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောမင်းဆောင် (ရ/ဗဟန(နိုင်)၁၅၂၃၂၁)မှ ရောင်းဈေးသည်တန်ဖိုးငွေ အနှက်မှအဆိုရှိကို ဧရိုးငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဗိုင်မောသောစာရွာပ် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ပြုပြုသန့် (LL.B, D.B.L., WIPO - 101 (Switzerland))
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်အိသွယ်ငြိမ်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၁၃၃၇)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ ပထစထပ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၈၂၄၇၇၄၄၊ ၀၉ ၇၄၀၃၄၆၂၊ ၀၉ ၂၅၇၃၃၃၃၄

တနင်္သာရီတိုင်းဒေသကြီး
ထားဝယ်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်းနှင့် စက်၊ ယာဉ်၊ ယန္တရားများငှားရမ်းခြင်းကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းမည့်ရက် - ၁-၁၀-၂၀၂၁ ရက်(သောကြာနေ့)

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၃-၁၀-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့) ညနေ(၁၃:၀၀)နာရီ

(ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် - ၁၅-၁၀-၂၀၂၁ရက်(သောကြာနေ့) နံနက်(၉:၀၀)နာရီ

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ - ဧည့်ကြားရေးမှူးရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ထားဝယ်မြို့။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

ထားဝယ်ခရိုင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ထားဝယ်မြို့
(ဖုန်း-၀၉-၄၅၀၉၉၁၃၃၀၊ ၀၉-၂၅၂၀၇၀၀၉)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဘုရားလမ်း၊ အမှတ်(၁၇၆)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်ဟုခေါ်တွင်သည့် (၆)ထပ်တိုက် အဆောက်အဦး၊ အကျယ်အဝန်း ပေ(၁၂၁/၂၄၅၅)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် (၉-၁၂-၂၀၁၀)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်" အရ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ၁။ ဦးတင်ထွန်း(၇/ပတန(နိုင်)၀၀၆၆၈၁] ၂။ ဒေါ်ခင်မျိုးအောင် (ခ) ဒေါ်အမာ[၇/ပတန(နိုင်)၀၀၃၇၈၄]တို့မှ အမွှေပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ကြောင်း၀န်ခံလျက် ရောင်းချရန်အတွက် ကျွန်ုပ် မိတ်ဆွေများထံမှ အရောင်းအဝယ်ပြုလုပ်သည့်တိုင်းဖိုးငွေအနက် တစိစိတ်တစ်ဒေသကို စရန်ငွေအဖြစ် လက်ခံထားပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)
အမှတ်(၄၅)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၃၂၉၂

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ် (၁၄၉၄)၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဦးခင်အောင် (စီ/ဒ-၀၆၉၀၄၈) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၁၇-၈-၂၀၁၈)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဦးကျော်ဆွေ (၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈)ထံမှ ဝယ်ယူရန်အတွက် တနိုင်ငွေ၏တစိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို ပိုင်ဆိုင်မှစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပြရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)
အမှတ်(၄၅)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၃၂၉၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အလင်းရောင်(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅)/ကြည်စု)၊ မြေကွက်အမှတ် (၅၄၄/E)၊ ဧရိယာ (၀.၀၂၈)ဧကခန့်၊ မြေအမျိုးအစားနှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ (၂၃ဂ၄၄)ပေရှိ (၃)ထပ်တိုက် အဆောက်အဦအား ပိုင်ရှင်ဖြစ်သူ ဒေါ်စမ်းစမ်းမော် [၁၂/လသန(နိုင်)၀၁၃၉၀၄] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ချိုနှင့် ဒေါ်နွဲ့နွဲ့ရီတို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစိစိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးမြင့်
အထက်တန်းရှေ့နေ (စဉ်-၅၀၆၀၆)
အမှတ်(၁)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်ပြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၅၀၁၂၂၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၁၂၅၆)၊ မြေအကျယ်အဝန်း (အလျား ၄၀´ × အနံ ၆၀´)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ် (၆၀) ပြင်ဒုံးဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိထားရှိပိုင်ဆိုင်ခွင့်ဟုထာရိုးမူ ဦးကျော်ကျော် (၁၃/ကမန(နိုင်) ၀၆၄၃၀၆) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရံငွေအဖြစ် တစိစိတ်တစ်ဒေသအား ပေးဆပ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ၎င်းမှာလွဲလောက်သော အထောက်အထားများ ဖြစ်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇) ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်စိုးဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၅၃)
ဒေါ်ဇင်နွင်းလွင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၈)
အမှတ် (၁၃၃)၊ အဘိုးအမှတ် (၄၀၅)၊ ၄-လွှာ၊ လမင်းသာယာကွန်ဒို၊
စက်မှုလမ်း၊ မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၄၁၆၇၃၅၊ ၀၉ ၉၆၅၄၁၆၇၃၅

သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ ရွှေအုတ်ဂူ ဖလမ်း၊ အမှတ် ၆၆၈၊ (၃)ခန်း၀ဝ၃၊ အခန်း-စီ.၅၊ အကျယ်အဝန်း (၁၂ပေခွဲx၅၅ပေ)ရှိ တိုက်ခန်းအား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာရွှေ [၁၂/မဂတ(နိုင်)၀၇၈၇၃၅] ထံမှ တရားဝင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းမြတ်မြတ်ဝင်း (LL.B,Dip in Business Law)
အထက်တန်းရှေ့နေ (စဉ်-၂၄၇၅၂)
ဒေါ်မေသင်းထွန်း
အထက်တန်းရှေ့နေ (စဉ်-၄၉၄၇၈)
ဒေါ်မိုးသူဇာ
အထက်တန်းရှေ့နေ (စဉ်-၅၃၃၀၉၄)
ဒေါ်ခင်ခင်ကြိုး
အထက်တန်းရှေ့နေ (စဉ်-၅၃၃၀၉၅)
အမှတ်(၁)၊ သမာဓိ(၄)လမ်း၊ ဆ/က ရပ်ကွက်၊ သဃ်ိန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၆၆၅၅၈၆

ကန့်ကွက်နိုင်ပါသည်

